ဗုဒ္ဓသာသနာ့ စိရံ တိဋ္ဌတု

သာသနာတော် သန့်ရှင်း  တည်တဲ့ ပြန့်ပွားရေး

ပြည်ထောင်စု မြန်မာနိုင်ငံတော်
နိုင်ငံတော် သံဃမဟာနာယကအဖွဲ့မှ

# တတိယအကြိမ်

## နိုင်ငံတော် မဟာသံဃာ့ဝန်ဆောင်အဖွဲ့

ဒုတိယအစည်းအဝေးသို့
တင်သွင်းသော

# ဝိနိစ္ဆယလက်စွဲ

( ဒုတိယမူကြမ်း )

၁၁

၁၃၅၂-ခုနှစ်၊ တပေါင်းလဆန်း ၁၂-ရက်
၁၉၉၁-ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄-ရက်

၁ ၈ ၈ ၉ ၃

ဗုဒ္ဓသာသနာ့ စီရင် တိဋ္ဌတု

သာသနာတော် သန့်ရှင်း  တည်တံ့ ပြန့်ပွားရေး

ပြည်ထောင်စု မြန်မာနိုင်ငံတော်
နိုင်ငံတော် သံဃမဟာနာယကအဖွဲ့မှ

# တတိယအကြိမ်

# နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့

ဒုတိယအစည်းအဝေးသို့
တင်သွင်းသော

# စာရင်းဆိုင်ရာလက်စွဲ

( ဒုတိယမူကြမ်း )

၁၃၅၂-ခုနှစ်၊ တပေါင်းလဆန်း ၁၂-ရက်
၁၉၉၀-ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄-ရက်

ရန်ကုန်မြို့၊ ကမ္ဘာအေး၊ သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်တွင်
ဒုတိယညွှန်ကြားရေးမှူး ဦးအောင်သန်း
(မှတ်ပုံတင်အမှတ် ၀၂၄၀၅/၀၂၅၂၇)က ပုံနှိပ်ထုတ်ဝေသည်။

# စာတိုကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | နိဒါန်း .... .... .... | ၁ |

## အခန်း (၁)

| | | |
|---|---|---|
| ၂။ | ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်း ဖြစ်ပွားခြင်း .... | ၅ |
| ၃။ | စောဒနာခြင်း .... .... .... | ၅ |
| ၄။ | ကျောင်းစည်းကမ်း မလိုက်နာမှု .... .... | ၉ |
| ၅။ | ရဟန်းသာမဏေများ လိုက်နာရန် ညွှန်ကြားလွှာ ၂၂-ပါ စည်းကမ်းကျင့်ဝတ် (၉)ချက်ကို မလိုက်နာမှု .... | ၉ |
| ၆။ | ကျောင်းအဖြစ် အသိအမှတ်မပြုသော အဆောက်အအုံ၌ နေထိုင်မှု .... .... .... | ၉ |

## အခန်း (၂)

| | | |
|---|---|---|
| ၇။ | ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်းကို စိစစ်လက်ခံခြင်း .... | ၁၃ |

## အခန်း (၃)

| | | |
|---|---|---|
| ၈။ | ဝေဘာဝနာခြင်း .... .... .... | ၁၉ |

## အခန်း (၄)


၉။ သံဃဝိနိစ္ဆယအဖွဲ့ ဖွဲ့စည်းခြင်း .... .... ၂၅

၁၀။ သံဃဝိနိစ္ဆယအဖွဲ့ တာဝန်ယူခြင်း .... .... ၂၈


## အခန်း (၅)


၁၁။ အမှုစစ်ဆေးခြင်း .... .... .... ၃၃

၁၂။ သံဃဝိနိစ္ဆယ အဖွဲ့ရုံး ဖွင့်လှစ်ခြင်း .... .... ၃၃

၁၃။ မြို့နယ် သံဃဝိနိစ္ဆယအဖွဲ့ .... .... ၃၃

၁၄။ အမှုပိတ်ခြင်း .... .... .... ၃၈

၁၅။ ကိုယ်စားလှယ် လွှဲအပ်ဆောင်ရွက်ခွင့် .... .... ၄၀

၁၆။ ကိုယ်တိုင် ကြွရောက် စစ်ဆေးခြင်း .... .... ၄၁

၁၇။ ဝိနည်းမိုရ် ဆရာတော်များ လိုက်နာရန် အချက်များ (ညွှန်–၅၈) .... .... .... ၄၂

၁၈။ သံဃဝိနိစ္ဆယအဖွဲ့နှင့် ဆက်သွယ် ဆောင်ရွက်ခြင်း .... ၄၄

၁၉။ ယေဘုယျ အမှုစစ်ဆေးခြင်း .... .... ၄၅


## အခန်း (၆)


၂၀။ မြို့နယ် သံဃဝိနိစ္ဆယအဖွဲ့က ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်း စစ်ဆေးကြားနာရန် နည်းလမ်းများ .... .... ၄၉

## အခန်း (၇)

၂၁။ အယူခံ စောဒနာဝင်ခြင်း .... .... ၅၃

## အခန်း (၈)

၂၂။ အယူခံ စောဒနာဝင်မှုခင်းကို စစ်ဆေးကြားနာခြင်း .... ၅၇
၂၃။ အမှုတဲ့ လွှဲပြောင်း ပေးပို့ခြင်း .... .... ၆၀

## အခန်း (၉)

၂၄။ နိုင်ငံတော်အဆင့် အယူခံဝင်ခြင်းနှင့် သံဃဝိနိစ္ဆယအဖွဲ့
ဖွဲ့စည်း ဆုံးဖြတ်ခြင်း .... .... .... ၆၁

## အခန်း (၁၀)

၂၅။ ဝိနိစ္ဆယ ဆုံးဖြတ်ချက်များကို ပယ်ဖျက်ခြင်း .... ၆၅

## အခန်း (၁၁)

၂၆။ သံဃဝိနိစ္ဆယင့်နှင့် ဝိနည်းဓမ္မကံ အဓိကရဏ်းမှုခင်း
စစ်ဆေးနေစဉ် ယာယီအတွက်၊ မှုခင်းဆိုင်ရာ ပစ္စည်း
ကာရပ်ရပ်ကို ထိန်းသိမ်း ဂစောင့်ရှောက်ခြင်း .... ၆၇

## အခန်း (၁၂)


၂၇။ သံဃဝိနိစ္ဆယအဖွဲ့၏ ဆုံးဖြတ်ချက်ကို လိုက်နာစေခြင်း .... ၇၁


## အခန်း (၁၃)


၂၈။ သီးခြား သံဃဝိနိစ္ဆယအဖွဲ့များနှင့် သီးခြား ဝိနည်းဓိုရ် အဖွဲ့များ .... .... .... ၇၅
၂၉။ မြို့နယ် သီးခြားသံဃဝိနိစ္ဆယအဖွဲ့ .... .... ၇၅
၃၀။ သီးခြား သံဃဝိနိစ္ဆယအဖွဲ့ .... .... ၇၆
၃၁။ နိုင်ငံတော် သီးခြား သံဃဝိနိစ္ဆယအဖွဲ့ .... .... ၇၇
၃၂။ နိုင်ငံတော် သီးခြား ဝိနည်းဓိုရ်အဖွဲ့ .... .... ၇၇


## အခန်း (၁၄)


၃၃။ ဝိနည်းဓိုရ်များ ရွေးချယ် တင်မြှောက်ခြင်း .... ၇၉
၃၄။ အစားထိုး ရွေးချယ်ခြင်း .... .... ၈၀
၃၅။ အဆင့်တူ ဝိနည်းဓိုရ် သာတ်မှတ်ခြင်း .... .... ၈၀
၃၆။ ဝိနည်းဓိုရ် ပြန်တမ်းထုတ်ပြန်ခြင်း .... .... ၈၁
၃၇။ အရည်အချင်း ပျက်ယွင်းခြင်း .... .... ၈၂
၃၈။ နိုင်ငံတော် အဆင့် ဝိနည်းဓိုရ်များ .... .... ၈၂


## အခန်း (၁၅)


၃၉။ ရဟန်း သာမဏေနှင့် အခြားပုဂ္ဂိုလ်တို့ ဖြစ်ပွားသော မှုခင်း .... .... .... ၈၅
၄၀။ အနုဝါဒါဓိကရုဏ်းမှု .... .... .... ၈၅
၄၁။ ဝိဝါဒါဓိကရုဏ်းမှု .... .... .... ၈၆

| အမှတ်စဉ် | အခြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | **အခန်း (၁၆)** | |
| ၄၂။ | အထွေထွေ .... .... .... | ၈၉ |
| | **နောက်ဆက်တွဲ (က)** | |
| ၄၃။ | နေဝသုဒ္ဓနာသုဒ္ဓ ရှင်းလင်းချက်-စသည်များ .... | ၉၃ |
| | **နောက်ဆက်တွဲ ( ခ )** | |
| ၄၄။ | စောဒက, စုဒိတကနှင့် ဝိနည်းဓိုရ်ပုဂ္ဂိုလ်တို့၏ ကျင့်ဝတ်များ .... .... .... | ၁၁၁ |
| | **နောက်ဆက်တွဲ ( ဂ )** | |
| ၄၅။ | တရားဥပဒေရေးရာ ကောက်နှုတ်ချက်များ .... | ၁၂၃ |
| | **နောက်ဆက်တွဲ (ဃ)** | |
| ၄၆။ | သာသနာ့မြေနှင့် ပတ်သက်၍ သိမ္မတ်ဖွယ်များ .... | ၁၂၉ |

# ဝိနိစ္ဆယလက်စွဲ

# နိဒါန်း

"ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ"ကို သာသနာတော် ၂၅၂၄-ခုနှစ်၊ ကောဇာ သက္ကရာဇ် ၁၃၄၂-ခုနှစ်၊ နယုန်လဆန်း (၁၄)ရက် (၁၉၈၀-ပြည့် မေလ ၂၇-ရက်) အင်္ဂါနေ့တွင် ရန်ကုန်မြို့၊ ကမ္ဘာအေးကုန်းမြေ ဆဋ္ဌသံဂါယနာ မဟာပါသာဏ လိုဏ်ဂူတော်၌ ကျင်းပခဲ့သော သံဃသမ္မုတိရ သံဃာ့ကိုယ်စားလှယ် ဆရာတော် ၁၂၁၈-ပါးတို့ တက်ရောက်သည့် ပထမအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီးက အတည်ပြုပြဋ္ဌာန်းခဲ့ပါသည်။ ယင်းပြဋ္ဌာန်းချက်နှင့် အညီ ဖြစ်ပေါ်လာသော ဝိနည်းဓမ္မကံ အဓိကရုဏ်း မှုခင်းများကို ညှိနှိုင်းဖြေရှင်းဆောင်ရွက်ခဲ့ရာ တွေ့ကြုံရသော အခက်အခဲ များကို ပြေလည်စေရန် ပထမအကြိမ် နှိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် အဖွဲ့ အစည်းအဝေးများသို့ တင်ပြ၍ အချို့သော အပိုဒ်များကို တဖြည်းဖြည်း ပြင်ဆင် ဖြည့်စွက်မှုများ ပြုလုပ်ခဲ့ပါသည်။

ယင်းကဲ့သို့ ပြင်ဆင် ဖြည့်စွက်လာခဲ့သော ပြင်ဆင် ဖြည့်စွက်ချက်များမှာ တဖြည်းဖြည်း များပြားလာခဲ့ရာ သာသနာတော် သန့်ရှင်း တည်တံ့ ပြန့်ပွားရေး သံဃာ့အဖွဲ့အစည်းများ ပထမ (၂)နှစ် သက်တမ်းကုန်ဆုံး၍ ဒုတိယ(၅)နှစ် သက်တမ်းအတွက် သံဃာ့အဖွဲ့အစည်းများ အသစ်တစ်ဖန် ပြန်လည်ရွေးချယ်ပြီးခေါ်သောအခါ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့သည် ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ လုပ်ထုံး လုပ်နည်းများ မူလစာကိုယ်နှင့် ပြင်ဆင်ဖြည့်စွက်ချက်များကို ဖြုတ်ပယ် သင့်သည်ကို ဖြုတ်ပယ်ခြင်း၊ ပြင်ဆင်သင့်သည်ကို ပြင်ဆင်ခြင်း၊ ဖြည့်စွက် သင့်သည်ကို ဖြည့်စွက်ခြင်းများ ပြုလုပ်ပြီး အဖနှံဖန် အထပ်ထပ် စာစစ်

ဝေဖန် ညှိနှိုင်းတည်းဖြတ်၍ သာသနာတော် ၂၅၂၉-ခုနှစ်၊ ကောဇာ သက္ကရာဇ် ၁၃၄၇-ခုနှစ်၊ နယုန်လဆန်း (၁၂)ရက် (၁၉၈၅-ခုနှစ်၊ မေလ ၃၀-ရက်) နေ့တွင် ရန်ကုန်မြို့၊ ကမ္ဘာအေးကုန်းမြေ ဆဋ္ဌသံဂါယနာ မဟာပါသာဏ လိုဏ်ဂူတော်၌ ကျင်းပသော ဒုတိယအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ပထမအစည်းအဝေးကြီး၏ "ဝိနည်းဓမ္မကံ အခံကရုဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ (ပြင်ဆင်ဖြည့်စွက်ချက်)ကို အတည်ပြု ပြဋ္ဌာန်းခဲ့ပါသည်။

ယင်းဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ (ပြင်ဆင်ဖြည့်စွက်ချက်)အရ ဆောင်ရွက်ကြရာ၌ ယေဘုယျအားဖြင့် ဝိနည်းဓိုရ် ဆရာတော်များမှာ အမှုစစ်ဆေးဆုံးဖြတ်သည့် လုပ်ငန်းပိုင်းဆိုင်ရာ အတွေ့အကြုံ မရင့်ကျက်ကြသေးသဖြင့် လက်တွေ့ဆောင်ရွက်ရာတွင် စနစ်မကျမှု၊ မပြည့်စုံမှုများ ရှိနေသည်ကို တွေ့ရှိရသဖြင့် ယင်းအတည်ပြု ပြဋ္ဌာန်းခဲ့သည့် ဝိနည်းဓမ္မကံ လုပ်ထုံးလုပ်နည်းများ (ပြင်ဆင်ဖြည့်စွက်ချက်) ကို ပြည့်ပြည့်စုံစုံ ဖြစ်အောင် အာဃယ်ခဲ့၍ ရှင်းလင်းဖွင့်ဆိုပေးရန် လိုအပ်လျက် ရှိပါသည်၊ ယခုအပြင် ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ (ပြင်ဆင်ဖြည့်စွက်ချက်) အပိုဒ်–၅၀၊ ၅၅-နှင့် ၅၆-တို့တွင် ဝိနိစ္ဆယလက်စွဲဟူသော စကားရပ်အသုံးအနှုန်းများ ပါရှိပြီး ဖြစ်ပါသည်။ ယင်းစကားရပ်များ ပါရှိခြင်းမှာ ဝိနိစ္ဆယလက်စွဲ ပြဋ္ဌာန်းရန် လိုအပ်ကြောင်းကို ဖော်ပြနေခြင်းပင် ဖြစ်ပါသည်။ ယင်းလိုအပ်ချက်ကို သံဃာ့အဖွဲ့အစည်းများ ပထမ (၅)နှစ်သက်တမ်း၊ ဒုတိယ (၅)နှစ်သက်တမ်း နှစ်ရပ်ပေါင်း(၁၀)နှစ်ကာလအတွင်း ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ခဲ့ခြင်း မရှိသေးပါသဖြင့် ယင်းလိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရန်အတွက် တတိယအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ ဒုတိယအစည်းအဝေးက အဖွဲ့ခွဲ တစ်ဖွဲ့လျှင် (၃)ပါး ကျစီဖြင့် (၉)ပါး ပါဝင်သော ဝိနိစ္ဆယလက်စွဲ ရေးဆွဲရေးအဖွဲ့ကို ဖွဲ့စည်းကာ တာဝန်ပေး ရေးဆွဲစေခဲ့ပါသည်၊ ဝိနိစ္ဆယလက်စွဲ ပြုစုရေးအဖွဲ့သည် ဝိနည်းဓမ္မကံ

အဓိကရုဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို အခြေခံ၍ ဝိနည်းဓိုရ်သင်တန်းပို့ချချက်များ၊ ဝိနိစ္ဆယပိုင်းဆိုင်ရာ ညွှန်ကြားလွှာများကိုပါ လိုရင်းကိုခြုံကာ ထည့်သွင်းရေးဆွဲခဲ့ကြပါသည်၊ ယင်းသို့ ထည့်သွင်းရေးသားလိုက်သဖြင့် ဝိနည်းဓိုရ်သင်တန်း စာအုပ်ကို လည်းကောင်း၊ ညွှန်ကြားလွှာ (၇၂)နှင့် (၇၅)တို့မှတပါး ဝိနိစ္ဆယနှင့် သက်ဆိုင်သော ရှေပိုင်းညွှန်ကြားလွှာများကိုလည်းကောင်း အသုံးမပြုဘဲ ဝိနိစ္ဆယကိစ္စကို လွယ်ကူစွာ ဆောင်ရွက်နိုင်ကြမည်ဖြစ်ပါသည်။ ရေးသားပုံ အစီအစဉ်မှာ အမှုစတင် ဖြစ်ပွားသည်မှစ၍ ပြီးဆုံးသည်အထိ ဆောင်ရွက်ရမည့်အစဉ်အတိုင်း ပြုစုစီစဉ်ထားပါသည်။ ဝိနည်းတရားကို အလေးထားသောအားဖြင့် ဝိနည်းလမ်းညွှန်များကိုလည်း သင့်လျော်ရာ အခန်းများ၏ အစတွင် ဦးစားပေးဖော်ပြကာ ဝိနိစ္ဆယလက်စွဲ (ပထမမှုကြမ်း) ကို ရေးဆွဲကြပါသည်။

ဝိနိစ္ဆယလက်စွဲ (ပထမမှုကြမ်း)ကို တတိယအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တတိယအစည်းအဝေးသို့ တင်ပြခဲ့ရာ ပိုမိုပြည့်စုံကောင်းမွန်သော မှုကြမ်းဖြစ်လာစေရန်အတွက် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များထံ အကြံဉာဏ်များ တောင်းခံ၍ (ဒုတိယမှုကြမ်း) တင်ပြရန် ဆုံးဖြတ်ခဲ့ပါသည်၊ ယင်းဆုံးဖြတ်ချက်အရ နိုင်ငံတစ်ဝန်းလုံးရှိ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များ၏ အကြံဉာဏ်များ ရယူခဲ့သည့်အပြင် ပြည်နယ်/တိုင်း သံဃနာယကအဖွဲ့များနှင့် ပြည်နယ်/တိုင်း သာသနာရေးမှူးများ၏ အကြံဉာဏ်များကိုပါ ရယူ၍ ပိုမိုပြည့်စုံကောင်းမွန်သော ဝိနိစ္ဆယလက်စွဲ (ဒုတိယမှုကြမ်း)ကို ပြုစုခဲ့ကြပါသည်။ ယင်းဝိနိစ္ဆယလက်စွဲ(ဒုတိယမှုကြမ်း)ကို တတိယအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ စတုတ္ထအစည်းအဝေး၏ ဆုံးဖြတ်ချက်အရ ၁၃၅၂-ခုနှစ်၊ တပေါင်းလဆန်း ၁၂-ရက် (၂၄-၂-၈၁) နေ့တွင် ကျင်းပသော တတိယအကြိမ်နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဒုတိယအစည်းအဝေးသို့ တင်သွင်းအတည်ပြုပြဋ္ဌာန်းခြင်း ဖြစ်ပါသည်။

# ဝိနိစ္ဆယလက်စွဲ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## အခန်း(၁)

### ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်း ဖြစ်ပွားခြင်း

၁။ ဝိဝါဒါဓိကရုဏ်းမှုခင်းဖြစ်စေ၊ အနုဝါဒါဓိ ကရုဏ်းမှုခင်းဖြစ်စေ၊ စောဒကပုဂ္ဂိုလ်က ဝိနည်းမေ့ကံ အဓိကရုဏ်းမှုခင်းများ ပြေလွင်းဆုံးဖြတ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများအရ နည်းလမ်းတကျ၊ တင်သွင်းလာသော စောဒနာလွှာကို ရရှိသည့်နေ့မှစ၍ ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်း စတင်ဖြစ်ပွားသည်ဟု မှတ်ယူရမည်။

### စောဒနာခြင်း

၂။ စောဒကပုဂ္ဂိုလ်သည် စုဒိတကပုဂ္ဂိုလ်ကို စောဒနာရာဒ္ဓ ဖော်ပြလတ္တံ့ပါ စောဒကပုဂ္ဂိုလ်၏ ကျင့်ဝတ်(၅)ပါးနှင့်အညီ စောဒနာရမည်–

(က) သင့်လျော် လျောက်ပတ်သော အခါ၌ ပြောဆိုရမည်၊ မသင့်လျော်သော အခါ၌ မပြောဆိုရ၊

(ခ) ဟုတ်မှန်သည်ကို ပြောဆိုရမည်၊ မဟုတ်မမှန်သည်ကို မပြောဆိုရ၊

(ဂ) သိမ်မွေ့နူးညံ့စွာ ပြောဆိုရမည်၊ ကြမ်းတမ်းစွာ မပြောဆိုရ၊

(ဃ) အကျိုးစီးပွားနှင့်စပ်သဖြင့် ပြောဆိုရမည်၊အကျိုးစီးပွားနှင့် မစပ်သဖြင့် မပြောဆိုရ၊

(c) မေတ္တာစိတ်ရှိသည်ဖြစ်၍ ပြောဆိုရမည်၊ ဒေါသစိတ်ဖြင့် မပြောဆိုရ၊

၃။ စောဒကပုဂ္ဂိုလ်သည် ဝိဝါဒါဓိကရုဏ်းမှုခင်းကို ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်းများ ပြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်း များတွင် သတ်မှတ်ထားသော ပုံစံ (က)နှင့် အညီ ဖြည့်စွက်၍ စောဒနာလွှာ (၂)စောင်ပြုလုပ်ပြီး သက်ဆိုင်ရာ မြို့နယ်သံဃနာယကအဖွဲ့ဌ စဲ့ဆိုရမည်၊ ပုံစံ(က)နှင့်တကွ စောဒနာလွှာအကျယ်ကို ရေးသားတင်ပြ နိုင်သည်။ ဝိ/၃ (က)

၄။ အငြင်းပွားပစ္စည်းဘဏ္ဍာသည် မြို့နယ်တစ်ခုတည်း အတွင်းဌာန တည်ရှိခြင်းမဟုတ်လျှင် စောဒကသည် အငြင်းပွားပစ္စည်းဘဏ္ဍာ အများစု တည်ရှိရာ မြို့နယ်သံဃနာယကအဖွဲ့ဌ စဲ့ဆိုရမည်။ ဝိ/၃ (ဂ)

၅။ အငြင်းပွား ပစ္စည်းဘဏ္ဍာသည် မြေဖြစ်လျှင် စောဒကသည် သက်ဆိုင်ရာ မြေစာရင်းဌာန၏ တရားဝင်သက်သေခံမြေပုံ၊ မြေရာဇဝင်၊ အကွက်နံပါတ်၊ ဦးပိုင်နံပါတ်၊ ရေယာအကျယ်အဝန်း၊ ပိုင်ဆိုင်မှုအဆင့်ဆင့် ပြောင်းလဲခဲ့ပုံများကို စောဒနာလွှာတွင် ပြည့်စုံနိုင်သမျှ ပြည့်စုံအောင် ဖော်ပြရမည်။ ဝိ/၃ (ဃ)

၆။ စောဒကသည် သက်သေခံမြေပုံတွင် သက်ဆိုင်ရာမြို့နယ်၊ သိုမဟုတ် ပြည်နယ်/တိုင်း မြေစာရင်းဦးစီးဌာနမှူး၏ လက်မှတ်နှင့် ရုံးတံဆိပ် ပါရှိသော တရားဝင်သက်သေခံ မြေပုံကို တင်ပြရမည်။

၇။ အငြင်းပွားဝတ္ထုသည် မြေပေါ်ရှိ အဆောက်အဦး သစ်ပင် စသည်တို့ဖြစ်လျှင် စောဒကသည် အမျိုးအစား အရေအတွက် မူလ အလျှုဒါယကာနှင့် ပိုင်ဆိုင်မှုအဆင့်ဆင့် ပြောင်းလဲဆင်းသက်ခဲ့ပုံများကို စောဒနာလွှာတွင် ပြည့်စုံနိုင်သမျှ ပြည့်စုံအောင် ဖော်ပြရမည်။ ဝိ/၃ (ဃ)

၈။ စောဒကသည် စောဒနာလွှာ၌ မိမိစွဲဆိုချက်နှင့် သက်ဆိုင်သော ရယူလိုသည့် အဆုံးအဖြတ်ကိုသာ တိကျပြတ်သားစွာ ဖော်ပြရမည်။ သက်ဆိုင်ရာ သံဃနာယကအဖွဲ့၏ ညွှန်ကြားချက်မရှိဘဲ ထပ်မံဖြည့်စွက် တင်သွင်းခြင်း မပြုရ။ ဝိ/၃ (ခ)

၉။ စောဒကသည် အနုဝါဒါဓိကရုဏ်း မူခင်းကို ဝိနည်းဓမ္မကံ ဗမဲဟန်ချက်မူခင်းများ ပြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်း များတွင် သတ်မှတ်ထားသော ပုံစံ(ခ)နှင့်အညီ ဖြည့်စွက်၍ စောဒနာလွှာ (၂) စောင်ပြုလုပ်ပြီး၊ သက်ဆိုင်ရာ မြို့နယ်သံဃနာယကအဖွဲ့၌ စွဲဆိုနိုင်သည်၊ ပုံစံ(ခ)နှင့်တကွ စောဒနာလွှာအကျယ်ကို ရေးသားတင်သွင်းနိုင်သည်။ ဝိ/၃ (က)

၁၀။ စောဒကသည် အနုဝါဒါဓိကရုဏ်းမူခင်းကို စွဲဆိုရာ၌ မူခင်းဖြစ်ပွားရာ မြို့နယ်သံဃနာယကအဖွဲ့၌သာ စွဲဆိုရမည်၊ ဝိဝါဒါမူခင်းနှင့် အနုဝါဒမူခင်းကို ရောစပ်၍ မစွဲဆိုရ။ ဝိ/၃ (က)

၁၁။ စောဒကသည် အနုဝါဒါဓိကရုဏ်းမှ စောဒနာလွှာ၌ ဝတ္ထုနှင့် အာပတ် နှစ်မျိုးလုံးကိုသော်လည်းကောင်း၊ တစ်ခုခုကိုသော်လည်းကောင်း ဖော်ပြ၍ ဖြစ်ပွားပုံအခြင်းအရာ၊ နေရာဒေသ၊ အချိန်ကာလ၊ ပတ်ဝန်းကျင် အခြေအနေနှင့် သက်သေအထောက်အထားများကို ပြည့်စုံနိုင်သမျှ ပြည့်စုံအောင် ဖော်ပြရမည်။ ဝိ/၃ (c)

၁၂။ စောဒကသည် စောဒနာလွှာ၌ ကိုယ်တိုင် လက်မှတ်ရေးထိုး၍ နေရပ်လိပ်စာ၊ အခြည့်အစုံကို ဖော်ပြရမည့်အပြင် သာသနာဝင်အမှတ်/ သာသနာနှယ်ဝင်အမှတ်/အမျိုးသားမှတ်ပုံတင်အမှတ်ကို ဖော်ပြရမည်။

၁၃။ စောဒကသည် တစ်ဦးတည်းမဟုတ်ဘဲ စောဒကအများဖြစ်ပါက ဦးဆောင်စောဒကကို ခွဲခြားဖော်ပြ၍ ကျန်စောဒကများသည် ကိုယ်တိုင် လက်မှတ်ရေးထိုး၍ပြစ်စေ၊ ကိုယ်စားလှယ် လက်မှတ်ရေးထိုးလွှဲအပ်၍ ပြစ်စေ စောဒကအသီးသီး၏ နေရပ်လိပ်စာကိုပါ ဖော်ပြစောဒနာရမည်။

၁၄။ ရက္ခကဧကပါဟကအဖြစ် ထိန်းသိမ်းစောင့်ရှောက် နေကြသော သီလရှင်နှင့် လူပုဂ္ဂိုလ်များ၏ သံဃာ့အဖွဲ့စ အဆုံးအဖြတ်ရယူလိုသော စောဒနာလွှာကို မိမိဘဲပုဂ္ဂလိကအဖြစ် အသုံးမပြုပါဟု ဝန်ခံကတိပြု ချက်နှင့်အတူ တင်သွင်းရမည်။

၁၅။ ဂိုဏ်းပိုင်/အသင်းအဲ့ပိုင်အဖြစ် အဆုံးအဖြတ် ရယူပိုသော စောဒနာလွှာကို တင်သွင်းဆုဋ္ဌ စောဒကသည် ဂိုဏ်း/အသင်းအဖွဲ့က လွှဲအပ်သော ကိုယ်စားလှယ်လွှဲစာကို စောဒနာလွှာနှင့်အတူ ပူးတွဲ တင်သွင်းရမည်။

၁၆။ စောဒက၏ စောဒနာလွှာသည် နစ်နာသူ စောဒကကိုယ်တိုင် တရားရုံးသို့ ဦးကိုက်ခလျှောက်ထား စွဲဆိုရမည့် ပြစ်မှုဥပဒေပုဒ်မ တစ်ခုခု နှင့် သက်ဆိုင်ပါက ယင်းအမှုနှင့် စပ်လျဉ်း၍ ပြစ်မှုဆိုင်ရာ ဥပဒေအရ တရားစွဲဆိုခြင်း ပြုမည်မဟုတ်ပါကြောင်း ဝန်ခံကတိပြုလွှာ ပုံစံ(၃)ကို တစ်ပါတည်း တင်သွင်းရမည်။ ဝိ/၂၁ (ဂ)

၁၇။ ဝိနည်းဓမ္မကံ လုပ်ဆုံးလုပ်နည်း အပိုဒ်(၂၃)အရ ပြီးငြိမ်းပြီးသော မှုခင်းအဖြစ် သတ်မှတ်ထားသော မှုခင်းများကို မည်သူမျှ ထပ်မံစွဲဆိုခြင်း မပြုရ။

၁၈။ ဝိနည်းဓမ္မကံ မှုခင်းတစ်ခုခု မြို့နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ/ ဒုတိယဥက္ကဋ္ဌ/ အကျိုးတော်ဆောင်/ တွဲဖက် အကျိုးတော်ဆောင် ဆရာတော်သည် စောဒက၊ သို့မဟုတ် စုဒိဟကအဖြစ် ပါဝင်နေပါက စောဒကသည် စောဒနာလွှာကို သက်ဆိုင်ရာပြည်နယ်/တိုင်းသံဃနာယက အဖွဲ့သို့ တင်သွင်းရမည်။ မြို့နယ်သံဃနာယကအဖွဲ့သို့ တင်သွင်းခွင့်မရှိ။ ဝိ/၂၄ (ဂ/၁)

၁၉။ ဝိနည်းဓမ္မကံ မှုခင်းတစ်ခုခု ပြည်နယ်/တိုင်း သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ/ဒုတိယဥက္ကဋ္ဌ/ အကျိုးတော်ဆောင်/ တွဲဖက်အကျိုးတော်ဆောင် ဆရာတော်သည် စောဒက၊ သို့မဟုတ် စုဒိဟကအဖြစ် ပါဝင်နေပါက စောဒကသည် စောဒနာလွှာကို နိုင်ငံတော် သံဃမဟာနာယက အဖွဲ့သို့ တင်သွင်းရမည်။ ပြည်နယ် / တိုင်း / မြို့နယ် သံဃနာယက အဖွဲ့သို့ တင်သွင်းခွင့်မရှိ။ ဝိ/၂၄ (ဂ/၁)

## ကျောင်းစည်းကမ်း မလိုက်နာမှု

၂၀။ ညွှန်ကြားလွှာအမှတ် (၇၅)ဖြင့် အရေးယူခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများအရ ကျောင်းစည်းကမ်း မလိုက်နာမှုဖြင့် ကျောင်းဘုန်းကြီး / ကျောင်းတိုက် နာယကဆရာတော်ကို ခန်းနေရဟန်း၊ သာမဏေ-က စောဒကပြုလုပ် စွဲဆိုခွင့် မရှိစေရ။

၂၁။ သံဃာ့အဖွဲ့အစည်း လုပ်ထုံးလုပ်နည်းများ အပိုဒ် (၉၃)အရ အရေးယူရမည့်သူသည် ရပ်ကွက်/ကျေးရွာ အုပ်စု သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ/အကျိုးတော်ဆောင် ဆရာတော်ဖြစ်နေခဲ့သော် မြို့နယ်သံဃ-နာယကအဖွဲ့က ညွှန်ကြားသော နိုးစပ်ရာ ရပ်ကွက်/ကျေးရွာအုပ်စု သံဃနာယကအဖွဲ့က စောဒကပြုလုပ် စွဲဆိုရမည်။

၂၂။ သီးခြားဂိုဏ်းဝင်ကျောင်း/ကျောင်းတိုက် ဆရာတော်များသည် ကျောင်းစည်းကမ်း မလိုက်နာမှုဖြင့် စွဲဆိုလိုပါက သက်ဆိုင်ရာ ဂိုဏ်းဝင် မြို့နယ်သံဃနာယကအဖွဲ့သို့ တင်ပြစွဲဆိုခွင့်ရှိသည်၊ သက်ဆိုင်ရာ ဂိုဏ်း၏ မြို့နယ်သံဃနာယကအဖွဲ့ မရှိပါက ယင်းဒေသရှိ မြို့နယ်သံဃနာယက အဖွဲ့၌ စွဲဆိုရမည်။

## ရဟန်း သာမဏေများ လိုက်နာရန် ညွှန်ကြားလွှာ ၇၂-ပါ စည်းကမ်းကျင့်ဝတ် (၉) ချက်ကို မလိုက်နာမှု

၂၃။ ကျောင်းထိုင်ဘုန်းကြီး / ကျောင်းတိုက်နာယကဆရာတော်များ ကို စည်းကမ်းမလိုက်နာမှုဖြင့် ရပ်ကွက်/ကျေးရွာအုပ်စု သံဃနာယက အဖွဲ့က စောဒကပြုလုပ်စွဲဆိုရာတွင် အစည်းအဝေး ဆုံးဖြတ်ချက်ဖြင့် ကိုယ်စားလှယ်တစ်ပါးအား စောဒကအဖြစ် တာဝန်ပေး၍ စွဲဆိုစေရမည်။

## ကျောင်းအဖြစ် အသိအမှတ်မပြုသော အဆောက်အအုံ၌ နေထိုင်မှု

၂၄။ ကျောင်းအဖြစ် အသိအမှတ် မပြုသော အဆောက်အအုံ၊ သို့မဟုတ် ကျူးကျော်ကျောင်း၌ နေထိုင်သော ရဟန်း သာမဏေများကို ကျောင်းအဖြစ် အသိအမှတ်မပြုသော အဆောက်အအုံ၊ သို့မဟုတ်

ကျူးကျော်ကျောင်းမှ ထွက်ခွါစေရန်အတွက် ပြည်နယ်/တိုင်း သာသနာရေးမှူးက စောဒကပြုလုပ် စွဲဆိုရန် အကြောင်း ပေါ်ပေါ်လာပါက ပြည်နယ်/တိုင်း သာသနာရေးမှူးသည် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ ကျောင်းအဖြစ် အသိအမှတ်မပြုကြောင်း အတည်ပြုဆုံးဖြတ်ချက်ကို စောဒနာလွှာနှင့်အတူ ပူးတွဲ၍ သက်ဆိုင်ရာ မြို့နယ်သံဃနာယကအဖွဲ့သို့ တင်သွင်းရမည်။

၂၅။ အာဇီဝဝိပတ္တိ၊ အာစာရဝိပတ္တိဖြင့် စွပ်စွဲသည့် အနုဝါဒါဓိကရုဏ်းမှုကို စွဲဆိုသော စောဒကသည် စောဒနာလွှာ (ပုံစံ-၂၅-က) နှင့် အညီ ဖြည့်စွက်၍ သက်ဆိုင်ရာ မြို့နယ်သံဃနာယကအဖွဲ့သို့ တင်သွင်းစွဲဆိုရမည်။

၂၆။ သာသနာတော်တစ်ရပ်လုံးနှင့် သက်ဆိုင်သော ဓမ္မ,အဓမ္မစသည့် မှုခင်းနှင့်ပတ်သက်၍ စောဒနာလိုပါက စောဒကသည် နိုင်ငံတော် သံဃ-မဟာနာယကအဖွဲ့သို့ တိုက်ရိုက်ဖြစ်စေ၊ သက်ဆိုင်ရာ မြို့နယ်သံဃနာယကအဖွဲ့၊ သို့မဟုတ် ပြည်နယ်/တိုင်းသံဃနာယကအဖွဲ့မှ တစ်ဆင့်ဖြစ်စေ၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့သို့ တင်သွင်းစွဲဆိုရမည်။ ဝိ/၅၂ (ဂ)

၂၇။ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော် / နိုင်ငံတော် သြဝါဒါစရိယဆရာတော် ဝ.စ်ပါးပါးကို အန္တိမဝတ္ထုဖြင့် စောဒနာရန် အကြောင်း ပေါ်ပေါက်ပါက စောဒကသည် စောဒနာလွှာကို နိုင်ငံတော် သံဃမဟာနာယကအဖွဲ့သို့ တိုက်ရိုက်တင်သွင်းရမည်။ ဝိ/၅၂ (က)

၂၈။ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်/နိုင်ငံတော် သြဝါဒါ-စရိယဆရာတော် တစ်ပါးပါးကို အန္တိမဝတ္ထုဖြင့် စောဒနာခြင်းမှတစ်ပါး အခြားသော ဝိနည်းဓမ္မကံမှုဖြင့် စောဒနာခြင်းဖြစ်ပါက ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ အပိုဒ်(၅၇)မှတစ်ပါး အခြားသတ်မှတ်ချက်များအတိုင်း သက်ဆိုင်ရာ မြို့နယ်သံဃနာယကအဖွဲ့၊ သို့မဟုတ် ပြည်နယ်/တိုင်းသံဃနာယကအဖွဲ့သို့ စောဒနာလွှာ တင်သွင်း စောဒနာနိုင်သည်။ ဝိ/၅၂ (ဂ)

၂၉။ သီးခြားဂိုဏ်းဝင် သံဃာများသည် မိမိတို့ ဂိုဏ်းဝင်အချင်းချင်း ဖြစ်ပွားသော ဝိနည်းဓမ္မကံ အဓိရုဏ်းမှုခင်းများကို သက်ဆိုင်ရာ ဂိုဏ်း၏ သက်ဆိုင်ရာ သံဃနာယကအဖွဲ့၊ သို့မဟုတ် သက်ဆိုင်ရာဂိုဏ်းက သတ်မှတ်သည့်အတိုင်း စွဲဆိုနိုင်သည်။ (အခြေခံစည်းမျဉ်း ၉၂)

၃၀။ သာသနာရေးဦးစီးဌာနက စောဒကပြုလုပ်စွဲဆိုရန် သီးခြားတာဝန်ပေးအပ်သည့် အဓိကရုဏ်းမှုခင်းမှတစ်ပါး အခြားအဓိကရုဏ်းမှုခင်းများ၌ မြို့နယ်သာသနာရေးမှူးသည် စောဒကပြုလုပ်စွဲဆိုခွင့်မရှိစေရ။ (ညွှန် ၄၄)

# အခန်း (၂)

## ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်းကို စိစစ်လက်ခံခြင်း

၃၁။ ဝိနည်းဓမ္မကံ အဓိကရုဏ်း မှုခင်းများ ပြေရှင်း ဆုံးဖြတ်ရေး ဆိုင်ရာ လုပ်ထုံးလုပ်နည်းများအရ တင်သွင်းလာသော စောဒနာလွှာကို လက်ခံရန် သတ်မှတ်ထားသော သံဃနာယကအဖွဲ့သည် တင်သွင်း လာသော စောဒနာလွှာအရ ဝိနည်းဓမ္မကံမှုခင်းဌ အကျုံးဝင်သည်၊ အကျုံးမဝင်သည်ကို စိစစ်လက်ခံရမည်။

[သံဃေန သြတိဏ္ဏာနောတိဏ္ဏံ ဇာနိတဗ္ဗံ]

၃၂။ သံဃနာယကအဖွဲ့သည် စောဒကမှ စောဒနာလွှာ၌ ဝိနည်းဓမ္မကံ လုပ်ထုံး လုပ်နည်းများ အပိုဒ် (၃)နှင့် ယင်း လုပ်ထုံး လုပ်နည်းများ နောက်ဆက်တွဲ ပုံစံ (က)၊ သို့မဟုတ် (ခ)ပါ သတ်မှတ်ထားသည့် အချက် အလက်များ အထောက်အထားများ၊ သက်သေများ ပြည့်စုံစွာ တင်ပြ ထားခြင်း ရှိ,မရှိ၊ စောဒကများကိုယ်တိုင် လက်မှတ်ရေးထိုးထားခြင်း ရှိ,မရှိ စိစစ်လက်ခံရမည်။ ဝိ/၄၅ (ခ/၁)

၃၃။ အခန်း (၁) တွင် ဖော်ပြထားသည့်အတိုင်း စောဒကပုဂ္ဂိုလ်က စောဒနာလွှာ၌ ပြည့်စုံစွာဖော်ပြရန် သတ်မှတ်ထားသော အချက်အလက် များ ပြည့်ညီစုံခြင်း ရှိ,မရှိ စိစစ်၍ လက်ခံရမည်။

၃၄။ သတ်မှတ်ထားသည့် အချက်အလက်များ၊ အထောက်အထား များ မပြည့် မစုံဖြစ်နေပါက လိုအပ်ချက်များကို ထပ်မံဖြည့်စွက်တင်ပြရန် ရှင်းလင်းပြောကြား ညွှန်ကြားရမည်။

၃၅။ စောဒနာလွှာတွင် သက်သေခံ စာရွက်စာတမ်းများကို (က)(ခ) စသည် မှတ်သားခြင်း ယင်းသက်သေခံ စာရွက်စာတမ်း၏ အကြောင်းအရာ ရွက်ရေတို့ကို ဖော်ပြလျက် "သက်သေခံစာရွက်စာတမ်းစာရင်း"နှင့်အတူ ပူးတွဲတင်ပြခြင်း ရှိ,မရှိ စိစစ်၍ လက်ခံရမည်။

၃၆။ သက်သေခံ စာရွက်စာတမ်းများသည် မူရင်း၊ သို့မဟုတ် မိတ္တူ ခွဲခြားဖော်ပြသားခြင်း ရှိ, မရှိ စိစစ်ရမည်၊ မိတ္တူဖြစ်လျှင် အလိုရှိ၍ တောင်းဆိုပါက မူရင်းကို အချိန်မရွေးတင်ပြနိုင်ပါကြောင်း ယင်းစာရွက် ပေါ်တွင် ဝန်ခံလက်မှတ်ရေးထိုးထားခြင်း ရှိ-မရှိ စိစစ်၍ လက်ခံရမည်။

၃၇။ သက်သေစာရင်းကို စိစစ်သုခ်ိ သက်သေတို့၏ သာသနာဝင်အမှတ် သာသနာနယ်ဝင်အမှတ် အမျိုးသားမှတ်ပုံတင်နံပါတ်၊ အလုပ်အကိုင်နှင့် နေရပ်လိပ်စာ အပြည့်အစုံ ဖော်ပြသားခြင်း ရှိ·မရှိ စိစစ်၍ လက်ခံရမည်။

၃၈။ သက်သေခံစာရင်းပါ ပုဂ္ဂိုလ်များသည် အမှုနှင့် စပ်လျဉ်း၍ မည်သည့်အကြောင်းအရာကို သိရှိသူဖြစ်ကြောင်း ခွဲခြားသိရှိ စစ်ဆေး နိုင်ရန်အတွက် စောဒနာလွှာ စာပိုဒ်တစ်ခုစီ၏ အဆုံးတွင် သက်ဆိုင်သည့် သက်သေအမည်ကို အသီးသီး ခွဲခြား၍ ထပ်မံ ဖော်ပြထားခြင်း ရှိ-မရှိ စိစစ်ရမည်။

၃၉။ စောဒနာလွှာ (၂)စောင် တင်သွင်းရာတွင် စောဒနာလွှာ (၂)စောင်လုံးတွင် သက်သေခံစာရွက်စာတမ်းနှင့် သက်သေခံစာရင်းများ ပါ-မပါကို စိစစ်၍ စုဒိတကထံ ပေးပို့သော စောဒနာလွှာ မိတ္တူတွင် သုက်သေခံ စာရွက်စာတမ်း မိတ္တူကိုပါ ထည့်သွင်း ပေးပို့ရမည်။

၄၀။ မြို့နယ် သံဃနာယက အဖွဲ့သည် စောဒနာလွှာပါ စာရွက် အသီးသီး၏ ကျောဘက်တွင် မြို့နယ်သံဃနာယကအဖွဲ့တံဆိပ် ရိုက်နှိပ်၍ စာမျက်နှာနံပါတ်များကို အစဉ်အတိုင်း ရေးထိုးရမည်။

၄၁။ မြို့နယ်သံဃနာယကအဖွဲ့သည် အမှုတွဲ မှာဘ်ပုံတင် စာရင်းစာအုပ် ထားရှိပြီး ယင်းမှတ်ပုံတင် စာရင်းစာအုပ်တွင် ရက်စွဲနှင့် စာနံပါတ်၊ စောဒက၊ စုဒီတကတို့၏ အမည်နှင့် နေရပ်လိပ်စာ အမှုအကြောင်းအရာ များအပြင် စာရွက်အရေအတွက်နှင့် အရေးကြီးသည့် သက်သေခံ စာရွက်စာတမ်းများ၏ အမျိုးအမည်တို့ကို ရေးမှတ်ထားရမည်။

၄၂။ စောဒနာလွှာ၌ ရှေ့ဆုံး စာမျက်နှာတွင် ရက်စွဲနှင့် ဝင်စာနံပါတ် များကို ရေးမှတ်ရမည်။

၄၃။ အမှုလက်ခံသော သက်ဆိုင်ရာ သံဃနာယကအဖွဲ့သည် စွဲဆိုချက် နှင့် မသက်ဆိုင်သော အဆုံးအဖြတ်ကို ရယူနိုင်ရန် တောင်းခံထားသည့် စောဒနာလွှာ၊ အရေးကြီးသောအချက်အလက် ပြည့်စုံစွာ ဖော်ပြမထား သည့် စောဒနာလွှာ၊ ခိုင်လုံသည့် အထောက်အထား တင်ပြနိုင်သည့် စောဒနာလွှာကို ပယ်ချရာ၌ ပုံစံ(၇)တွင် ချတ်ယှင်းချက်များကိုဖော်ပြ၍ စောဒနာလွှာ ရရှိသည့်နေ့မှ (၁၅)ရက်အတွင်း သံဃနာယကအဖွဲ့ အစည်းအဝေးဆုံးဖြတ်ချက်ဖြင့် ပလပ်ပယ်ချနိုင်သည်၊ (လုပ်ထုံး–(၄) ယင်းအမိန့်စာ ပုံစံ (၇) နှင့် တကွ စောဒနာလွှာကိုပါ စောဒကအား ပြန်ပေးရမည်။ ဝ/၄ (က)

၄၄။ စောဒကသည် စောဒနာလွှာ၌ ချတ်ယှင်းချက်များကိုပြည့်စုံအောင် ဆောင်ရွက်၍ သက်ဆိုင်ရာ သံဃနာယကအဖွဲ့သို့ ပလပ်ပယ်ချသည့် အမိန့်စာရသည့်နေ့မှ ရက်ပေါင်း(၃၀)အတွင်း ဒုတိယအကြိမ် ပြန်လည် တင်သွင်း စွဲဆိုနိုင်သည်။ ဝ/၄ (ခ)

၄၅။ သက်ဆိုင်ရာ သံဃနာယကအဖွဲ့သည် ဒုတိယအကြိမ် ပြန်လည် တင်ပြသည့် စောဒနာလွှာကို စိစစ်၍ လက်ခံခြင်း/ထပ်မံ ပယ်ချခြင်း ပြုနိုင်သည်၊ ဒုတိယအကြိမ် ပယ်ချပါက ထပ်မံပယ်ချသည့် ပုံစံ(၇)နှင့် တကွ အမိန့်စာ စောဒနာလွှာကိုပါ စောဒကသို့ ပေးရမည်။ ဝ/၄(ဂ)

၄၆။ မြို့နယ်သံဃနာယကအဖွဲ့က ဒုတိယအကြိမ် ထပ်မံပယ်ချခြင်းကို မကျေနပ်သော စောဒကသည် ပလပ်ပယ်ချသည့် အမိန့်စာရသည့်နေ့မှ ရက်ပေါင်း(၃၀)အတွင်း သက်ဆိုင်ရာပြည်နယ်/တိုင်းသံဃနာယကအဖွဲ့သို့ အကြောင်းအကျိုး ဖော်ပြ၍ အယူခံဝင်နိုင်သည်။ ၀/၄ (ဃ)

၄၇။ စောဒနာလွှာ ပယ်ချခြင်းကိစ္စနှင့် ပတ်သက်၍ အယူခံစောဒနာဝင်လွှာ တင်သွင်းရာ၌ သက်ဆိုင်ရာ သံဃနာယကဆရာတော် တစ်ပါးပါးကို ဖြစ်စေ၊ ဆရာတော်အများကို ဖြစ်စေ၊ သံဃနာယကတစ်ဖွဲ့လုံးကို ဖြစ်စေ အကျွှာသဝတ္ထုဆဲရေးခြင်း အာပတ်သို့တင်၍၊ သို့မဟုတ် ဝတ္ထုကို ပြ၍ စွပ်စွဲခြင်းတို့တွင် တစ်ခုခုကိုသော်မျှ မပြုရ။

၄၈။ ပြည်နယ်/တိုင်း သံဃနာယကအဖွဲ့သည် အယူခံစောဒနာဝင်လွှာ ရသည့်နေ့မှ (၁၅) ရက်အတွင်း၌ အယူခံစောဒနာဝင်လွှာကို စိစစ်၍ မြို့နယ်သံဃနာယကအဖွဲ့က ပလပ်ပယ်ချသည့် အမိန့်ကို အတည်ပြုခြင်း, ပယ်ဖျက်ခြင်း ပြုရမည်။

၄၉။ အယူခံစောဒနာဝင်လွှာ၌ ဤလက်စွဲအပိုဒ်(၄၇)ပါ တားမြစ်ချက် တစ်ခုခု ပါရှိနေကြောင်း တွေ့ရှိရပါက အကြောင်းပြ၍ ယင်းအယူခံ စောဒနာဝင်လွှာကို ပလပ်ပယ်ချရမည်။

၅၀။ ပြည်နယ်/တိုင်း သံဃနာယကအဖွဲ့သည် မြို့နယ်သံဃနာယက အဖွဲ့က ပလပ်ပယ်ချသည့်အမိန့်ကို အတည်ပြုလျှင် အတည်ပြုကြောင်း၊ ပယ်ဖျက်လျှင် ပယ်ဖျက်ကြောင်းကို အကြောင်း အကျိုး ဖော်ပြ၍ အယူခံဝင် စောဒကသို့ ပေးပို့ရမည်၊ မိတ္တူကို သက်ဆိုင်ရာ မြို့နယ် သံဃနာယကအဖွဲ့နှင့် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့သို့ ပေးပို့ ရမည်။

၅၁။ ပြည်နယ်/တိုင်း သံဃနာယကအဖွဲ့၏ အကြောင်းကြားစာတွင် မြို့နယ်သံဃနာယကအဖွဲ့၏ ပလပ်ပယ်ချသည့်အမိန့်ကို ပယ်ဖျက်လျှင် စောဒက၏ စောဒနာလွှာကို လက်ခံရန် စောဒနာလွှာ(၂)စောင်နှင့်အတူ သက်ဆိုင်ရာမြို့နယ်သံဃနာယကအဖွဲ့သို့ ပေးပို့ညွှန်ကြားရမည်။ ၀/၄(စ)

၅၂။ မြို့နယ်သံဃနာယကအဖွဲ့သည် ပြည်နယ်/တိုင်း သံဃနာယက အဖွဲ့၏ ညွှန်ကြားစာ ရရှိပါက စောဒနာလွှာကို လက်ခံ၍ (၁၅)ရက်အတွင်း ဆောင်ရွက်ရမည်။

၅၃။ မူလစောဒကသည် မြို့နယ်သံဃနာယကအဖွဲ့က ပလပ်ပယ်ချသည့် အမိန့်ကို အတည်ပြုကြောင်း ပြည်နယ်/တိုင်း သံဃနာယကအဖွဲ့ ထံမှ အမိန့်စာရရှိပါက အမိန့်စာ ရရှိသည့်နေ့မှစ၍ ရက်ပေါင်း ၃၀- အတွင်း နိုင်ငံတော်သံဃမဟာနာယကအဖွဲ့သို့ စောဒနာလွှာအမှုတွဲ အပြည့်အစုံနှင့် အတူ အယူခံလွှာ တင်သွင်းနိုင်သည်။ ၀/၄ (c)

၅၄။ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့သည် ပြည်နယ်/တိုင်း သံဃ-နာယကအဖွဲ့က ပလပ်ပယ်ချသည့်အမိန့်ကို အတည်ပြုခြင်း၊ ပယ်ဖျက်ခြင်း ပြုရမည့် ဤလက်စွဲအပိုဒ် (၄၇)ပါ တားမြစ်ချက် တစ်ခုခုသည် အယူခံ စောဒနာဝင်လွှာ၌ ပါရှိနေသည်ကို စိစစ်တွေ့ရှိရလျှင် ယင်းအယူခံ စောဒနာလွှာကို အကြောင်းပြု၍ အပြီးအပြတ် ပလပ်ပယ်ချရမည်။

၅၅။ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့သည် ပြည်နယ်/တိုင်း သံဃ-နာယကအဖွဲ့၏ အတည်ပြု၊ ပလပ်ပယ်ချသည့်အမိန့်စာကို စောဒကသို့ ပေးပို့၍ မိတ္တူကို သက်ဆိုင်ရာ သံဃနာယကအဖွဲ့သို့ ပေးပို့ရမည်။

၅၆။ နိုင်ငံတော် သံဃမဟာနာယက အဖွဲ့သည် ပြည်နယ်/တိုင်း သံဃနာယကအဖွဲ့၏ ပလပ်ပယ်ချသည့် အမိန့်ကို ပယ်ဖျက်သည့် အမိန့်စာ မိတ္တူနှင့်အတူ စောဒက၏ စောဒနာလွှာကို လက်ခံရန် သက်ဆိုင်ရာ သံဃနာယကအဖွဲ့သို့ ညွှန်ကြားရမည်။ ၀/၄ (စ)

၅၇။ သက်ဆိုင်ရာ သံဃနာယကအဖွဲ့သည် စောဒနာလွှာ လက်ခံရန် ညွှန်ကြားစာရလျှင် စောဒကတင်သွင်းသော စေဒနာလွှာကို လက်ခံ ရမည်။ ၀/၄ (c)

၅၈။ မြို့နယ်သံယနာယကအဖွဲ့၊ သို့မဟုတ် ပြည်နယ်/တိုင်း သံယနာယက အဖွဲ့သည် စောဒနာလွှာကို လက်ခံပြီးနောက် ဝိနည်းဓမ္မကံ အဓိကရုဏ်း မူခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ အခန်း ၄၊ အပိုဒ် (၂၁) အရ ဆောင်ရွက်ဖွယ် ရှိ–မရှိ စိစစ်ရမည်။ ဝ/၅ (က)

၅၉။ သံယနာယကအဖွဲ့သည် ဝိနည်းဓမ္မကံ အဓိကရုဏ်း မူခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ အခန်း ၄၊ အပိုဒ် (၂၁)အရ ဆောင်ရွက်ဖွယ်မရှိပါက (၇)ရက်အတွင်း စောဒနာလွှာမိတ္တူ တစ်စောင်ကို စုဒိတကထံ ပေးပို့ရမည်။ ဝ/၅ (က)

၆၀။ သံယနာယကအဖွဲ့သည် စုဒိတကထံသို့ စောဒနာလွှာ ပေးပို့ရာတွင် စောဒနာလွှာရသည့်နေ့မှ ၁၅-ရက်အတွင်း စောဒနာလွှာ (၂)စောင် တင်သွင်းစေရန် အကြောင်းကြားစာနှင့် အတူ ပူးတွဲ၍ ပေးပို့ရမည်။

ဝ/၅ (က)

## အခန်း (၃)

### သောဓနာခြင်း

၆၁။ စုဒိတကပုဂ္ဂိုလ်သည် ဖော်ပြလတ္တံ့ပါ စုဒိတကကျင့်ဝတ် နှစ်ပါးနှင့် အညီ သောဓနာရမည်—

(က) စုဒိတကသည် မှန်မှန်ကန်ကန် ပြောဆိုတင်ပြ ဖြေရှင်းရမည်။

(ခ) စုဒိတကသည် စောဒကအပေါ် ၌ လည်းကောင်း၊ သံဃနာယက ဆရာတော်များ အပေါ် ၌ လည်းကောင်း၊ ဝိနည်းဓိုရ် ဆရာတော်များ အပေါ် ၌ လည်းကောင်း အမျက်ဒေါသ မထွက်ရန် စောင့်ထိန်းရမည်။

၆၂။ စုဒိတကသည် စောဒနာလွှာတွင် စောဒနာထားသည့် အချက်များကို အစီအစဉ်တကျ တစ်ခုချင်းအလိုက် ဟုတ်မှန်လျှင် ဟုတ်မှန်ကြောင်း ဝန်ခံ၍ လည်းကောင်း၊ မဟုတ်မှန်လျှင် မဟုတ်မှန်ကြောင်း အကြောင်းအကျိုး ဖော်ပြလျက် ငြင်းပယ်၍ လည်းကောင်း ဖြေရှင်း သောဓနာရမည်။

၆၃။ စောဒကတင်ပြသော သက်သေခံ အထောက်အထားများသည် မှန်ကန်လျှင် မှန်ကန်ကြောင်း၊ မမှန်ကန်လျှင် မှန်ကန်မှု မရှိကြောင်းကို သက်သေခံ အထောက်အထား တစ်ခုချင်းအလိုက် ရှင်းလင်း ချေပ သောဓနာရမည်။

၆၄။ စုဒိတကသည် မိမိတင်ပြလိုသော သက်သေခံ စာရွက်စာတမ်း အထောက်အထားကို သောဓနာလွှာနှင့်အတူ တင်ပြလိုက တင်ပြ နိုင်သည်။

၆၅။ သံဃနာယကအဖွဲ့သည် စုဒိတကထံမှ ရရှိသော သောဓနာလွှာကို စောဒနာလွှာနှင့် အလားတူ ပြည့်စုံမှု ရှိ-မရှိ စိစစ်၍ ပြည့်စုံမှု မရှိပါက ပြည့်စုံအောင် ဆောင်ရွက်ပေးရန် ရှင်းလင်းပြောကြား ညွှန်ကြားရမည်။

၆၆။ သံဃနာယကအဖွဲ့သည် သောဓနာလွှာကို စိစစ်လက်ခံပြီးနောက် အမှုတွဲမှတ်ပုံတင်စာအုပ်တွင် စာရင်းရေးသွင်း၍ သောဓနာလွှာအပေါ် အဖွဲ့တံဆိပ် ရိုက်နှိပ်ပြီး လက်ခံရရှိသည့် ရက်စွဲနှင့် ဝင်စာနံပါတ်များကို ရေးမှတ်ရမည်။

၆၇။ သံဃနာယကအဖွဲ့သည် စုဒိတကထံမှ သောဓနာလွှာ (၂)စောင် ရရှိလျှင် သောဓနာလွှာ တစ်စောင်ကို စောဒကသို့ ပေးပို့ရမည်။

၆၈။ သံဃနာယက အဖွဲ့သည် သတ်မှတ်ထားသော ရက်အတွင်း သောဓနာလွှာ မရရှိပါက သောဓနာလွှာ မရရှိကြောင်း ဖော်ပြသည့် စာကို ရေးသားရိုက်နှိပ်၍ လက်မှတ်ရေးထိုးပြီးလျှင် သံဃနာယကအဖွဲ့ တံဆိပ်နှိပ်ကာ အမှုတွဲ၌ ထည့်သွင်းထားရမည်။

၆၉။ သံဃနာယကအဖွဲ့သည် သက်သေခံ စာချုပ်စာတမ်း မြေပုံမူရင်းကို မိတ္တူမှန်နှင့် ပူးတွဲတင်ပြပါက မူရင်းနှင့် မိတ္တူမှန်တို့ကို တိုက်ဆိုင် စစ်ဆေး၍ တူညီပါက မူရင်းနှင့် တိုက်ဆိုင်စိစစ်ပြီးကြောင်း မှတ်ချက် ရေးသားထားပြီး မိတ္တူမှန်ကိုသာ လက်ခံထားရှိ၍ မူရင်းကို စုဒိတကအား ပြန်ပေးရမည်။

၇၀။ သံဃနာယကအဖွဲ့သည် စစ်ဆေးလက်ခံထားသော မိတ္တူမှန် သက်သေခံ စာရွက်စာတမ်းများပေါ်တွင် မူရင်းနှင့် တိုက်ဆိုင် စစ်ဆေး ပြီးဟု မှတ်တမ်းရေးခြင်း၊ လက်မှတ်ရေးထိုးခြင်း၊ သံဃနာယကအဖွဲ့ တံဆိပ် နှိပ်ခြင်းများပြုလုပ်၍ သက်ဆိုင်ရာ စောဒနာလွှာ/သောဓနာလွှာ တွင် ပူးတွဲထားရမည်။

၇၁။ သံဃနာယက အဖွဲ့သည် စောဒနာလွှာ၊ သောဓနာလွှာတို့ကို စိစစ်လက်ခံပြီးနောက် မိမိ လက်ခံထားသော ဝိနည်းဓမ္မကံမှုခင်းသည် ဖော်ပြလတ္တံ့ ပါ မှုခင်းအမျိုးအစားဖြစ်ပါက သံဃဝိနိစ္ဆယအဖွဲ့ ဖွဲ့စည်း ဆောင်ရွက်ခြင်း မပြုဘဲ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့သို့ အမှုတွဲနှင့် အတူ လွှဲပြောင်း ပေးပို့ရမည် [ဝိ/၅ (ခ)]-

(က) ဂိုဏ်းမတူသည့် ရဟန်း သာမဏေတို့ ဖြစ်ပွားသော၊ သို့မဟုတ် ရဟန်းသာမဏေနှင့် အခြားပုဂ္ဂိုလ်တို့ ဖြစ်ပွားသော သာသနာရေးဆိုင်ရာ ပစ္စည်းပိုင်ဆိုင်ခွင့် အငြင်းပွားသည့် ဝိဝါဒါဓိကရုဏ်းမှုခင်း၊

(ခ) ပြိုးငြိမ်းပြီးသော မှုခင်း၊ မပြိုးငြိမ်းသော မှုခင်းဟု အငြင်းပွားသည့် ဝိနည်းဓမ္မကံအဓိကရုဏ်းမှုခင်း၊

(ဂ) သာသနာ့မြေ ပြင်ပဌာရှိသည့် မရှေ့မပြောင်းနိုင်သော ပစ္စည်းပိုင်ဆိုင်ခွင့် အငြင်းပွားသည့် ဝိဝါဒါဓိကရုဏ်းမှုခင်း၊

(ဃ) အမွေမှု ရောယှက်ရှုပ်ထွေး ပါဝင်နေသော ဝိဝါဒါ-ဓိကရုဏ်းမှုခင်း။

၇၂။ စောဒကမှ စောဒနာလွှာကို လက်ခံသော သံဃနာယကအဖွဲ့သည် မိမိ လက်ခံထားသော မှုခင်းတစ်ခုခု ပြစ်မှုဆိုင်ရာ ဥပဒေတစ်ခုခုနှင့် ငြိစွန်းခြင်းရှိသည်ဟု သံသယရှိလျှင် သက်ဆိုင်ရာ တရားရေးဦးစီး ဌာနမှူးသို့ မည်သည့်ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မမျှားနှင့် ငြိစွန်းကြောင်းကို မေတ္တာရပ်ခံ မေးမြန်းစုံစမ်းရမည်။ ဝိ/၂၁ (က)

၇၃။ နိုင်ငံတော်၏ တရားလိုပြုလုပ် စွဲဆိုရမည့် ဥပဒေပုဒ်မ တစ်ခုခုနှင့် သက်ဆိုင်နေပါက တရားရုံးမျှားခွဲ စစ်ဆေးဆုံးဖြတ် ဆောင်ရွက်မှု ပြီးပြတ်မှသာ လုပ်ထုံးလုပ်နည်းအရ ဖွဲ့စည်းသည့် သံဃဝိနိစ္ဆယအဖွဲ့ဖြင့် စစ်ဆေး ဆုံးဖြတ်ရမည်။ ဝိ/ ၁၁ (ခ)

၂၄။ ပြစ်မှုဆိုင်ရာ မှုခင်းများနှင့် ပတ်သက်၍ ရာဇဝတ်တရားရုံးများက ဆုံးဖြတ်ပြီးသော်လည်း သုဒ္ဓ, အသုဒ္ဓ စသည်တို့ကို စိစစ်ရန် လိုအပ်၍ စောဒက ပုဂ္ဂိုလ်က ဧသော်လည်းကောင်း၊ စုဒီတက ပုဂ္ဂိုလ်ကသော်လည်းကောင်း တင်ပြစွဲဆိုလာလျှင် ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ ဥပဒေအခန်း (၂) ပုဒ်မ (၃)အရ ဝိနည်းတရားတော်နှင့်အညီ စစ်ဆေးဆုံးဖြတ်နိုင်သည်။

၂၅။ ပြစ်မှုဆိုင်ရာ ဥပဒေတစ်စုံတစ်ရာကို ကျူးလွန်သော ရဟန်းသာမဏေများအား ရှေးဦးစွာ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မအရ အရေးယူဆောင်ရွက်ပြီးနောက် ပြစ်မှုဆိုင်ရာဥပဒေအရ အပြစ်ဒဏ် ချမှတ်ခံရသည်ဖြစ်စေ၊ မခံရသည်ဖြစ်စေ တရားရုံး၏ ဆုံးဖြတ်ချက်ကို ရရှိပြီးမှသာလျှင် သက်ဆိုင်ရာ သံဃနာယကအဖွဲ့က ဝိနည်းတရားတော်နှင့်အညီ လိုအပ်သလို လက်ခံစစ်ဆေး ဆောင်ရွက်ရမည်။ ညွှန်/၁၅ (က)

၂၆။ နိုင်ငံတော်က တရားလိုမပြုလုပ်နိုင်ဘဲ နစ်နာသူ ကိုယ်တိုင်က တရားရုံးသို့ ဦးတိုက်လျှောက်ထား စွဲဆိုရမည့် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ တစ်ခုခုနှင့် သက်ဆိုင်ပါက တရားရုံးသို့ ဦးတိုက်လျှောက်ထား စွဲဆိုလိုခြင်း ရှိ-မရှိ မေးမြန်းစိစစ်ရမည်။ ဝိ/၂၁ (ဂ)

၂၇။ ပြစ်မှုဆိုင်ရာဥပဒေအရ တရားစွဲဆိုခြင်း မပြုတော့ပါကြောင်း သတ်မှတ်သည့် နောက်ဆက်တွဲပုံစံ(၃)ဖြင့် ဝန်ခံကတိပြုသော စောဒက၏ စောဒနာလွှာကိုသာ သံဃဝိနိစ္ဆယအဖွဲ့ဖြင့် စစ်ဆေး ဆုံးဖြတ်ရမည်။ ဝိ/၂၁ (ဂ)

၂၈။ သံဃနာယကအဖွဲ့သည် ပုံစံ (၃)ဖြင့် ပြစ်မှုဆိုင်ရာဥပဒေအရ တရားစွဲဆိုခြင်း ပြုမည်မဟုတ်ကြောင်း စောဒက၏ ဝန်ခံကတိပြုလွှာ မိတ္တူမှန်ကို စုဒီတကထံသို့ စောဒကအား ပေးပို့စေရမည်။

၇၉။ ဝန်ခံကတိပြုလွှာ ပုံစံ (၃)ကို စုဒိတကအား မပေးသော စောဒကၔ် စောဒနာလွှာကို လက်ခံ၍ သံဃဝိနိစ္ဆယအဖွဲ့ဖြင့် စစ်ဆေးဆုံးဖြတ်ရန်မလို။

၈၀။ ဝန်ခံကတိပြုလွှာကို စုဒိတကအား မပေးဘဲ ဆောင်ရွက်သော သံဃနာယကအဖွဲ့ အဆင့်ဆင့်၏ ဆောင်ရွက်ချက်များနှင့် သံဃဝိနိစ္ဆယအဖွဲ့ အဆင့်ဆင့်တို့၏ ဆောင်ရွက်ချက် အားလုံးသည် တရားမဝင် အလိုအလျောက် ပျက်ပြယ်ပြီးဖြစ်သည်ဟု မှတ်ယူရမည်။

၈၁။ သံဃနာယကအဖွဲ့သည် သာသနာ့မြေ ပြင်ပ၌ရှိသော မရှေ့ မပြောင်းနိုင်သည့် ပစ္စည်းဘဏ္ဍာများကို ရဟန်း၊ သာမဏေ၊ ဂိုဏ်း၊ သံဃာ၊ စေတီ၊ ကျောင်း၊ ကျောင်းတိုက်၊ နဝကမ္မ၊ ဗုဒ္ဓသာသနာရေးဆိုင်ရာ အသင်းအဖွဲ့များအား လှူဒါန်းရာ၌ တည်ဆဲဥပဒေ ပြဋ္ဌာန်းချက်များနှင့် အညီ စာချုပ်စာတမ်း ချုပ်ဆို၍ မှတ်ပုံတင်ခြင်း၊ ဦးပိုင်အမည် ပြောင်းခြင်းတို့ကို ပြုလုပ်ထားခြင်း ရှိ-မရှိ စိစစ်၍ ယင်းသို့ ပြုလုပ်ဆောင်ရွက်ထားသော သာသနာ့မြေ ပြင်ပရှိ မရှေ့ မပြောင်းနိုင်သော ပစ္စည်းဘဏ္ဍာများနှင့် စပ်လျဉ်းသော ပိုင်ဆိုင်ခွင့် အငြင်းပွားမှုကိုသာလျှင် သံဃဝိနိစ္ဆယအဖွဲ့ ဖွဲ့စည်းဆောင်ရွက်ရမည်။ (ဝိ၊၆၀)

၈၂။ သံဃနာယကအဖွဲ့သည် သတ်မှတ်ရက်အတွင်း ဝိနိစ္ဆယအဖွဲ့ ဖွဲ့စည်း ဆောင်ရွက်ရာတွင် အဆင်ပြေစေရန်အတွက် သက်ဆိုင်ရာ မြို့နယ်၊ သို့မဟုတ် ပြည်နယ်/တိုင်း ဆွမ်းကွမ်း ဝေယျာဝစ္စအဖွဲ့၊သို့မဟုတ် ဥပတ္ထမ္ဘကအဖြစ် ဆောင်ရွက်သော သက်ဆိုင်ရာ သာသနာရေးမှူးနှင့် ညှိနှိုင်း၍ ဝိနိစ္ဆယ ဖွဲ့စည်းရန်ရက်ကို သတ်မှတ်ပေးရမည်။

---

# အခန်း (၄)

## သံဃဝိနိစ္ဆယအဖွဲ့ ဖွဲ့စည်းခြင်း

၈၃။ မြို့နယ် သံဃနာယကအဖွဲ့သည် စုဒိတကအား သောဓနာလွှာ တင်ရန် ခွင့်ပြုရက်ကုန်ဆုံးပြီးနောက် သောဓနာလွှာ ရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ (၁၅) ရက်အတွင်း သံဃဝိနိစ္ဆယအဖွဲ့ကို ဖွဲ့စည်းပေးရမည်။
ဝိ/၂၄ (က)

၈၄။ မြို့နယ် သံဃနာယကအဖွဲ့သည် သက်ဆိုင်ရာ ဝိနည်းဓိုရ်စာရင်းမှ ရွေးချယ်စဉ်အရ အလှည့်ကျ ဝိနည်းဓိုရ် (၃)ပါး၊ သို့မဟုတ် (၅)ပါးနှင့် အရန် (၂)ပါး ပါဝင်သော မြို့နယ် သံဃဝိနိစ္ဆယအဖွဲ့ကို သတ်မှတ်သည့် နောက်ဆက်တွဲ ပုံစံ(၄)ဖြင့် ဖွဲ့စည်း၍ အမှုတွဲကို ချက်ချင်း လွှဲပြောင်း ပေးရမည်။
ဝိ/၂၄ (က)

၈၅။ အရန် ဝိနည်းဓိုရ်များသည် ဆောင်ရွက်ဆဲ မှုခင်းခ် ပြီးဆုံးသည့် တိုင်အောင် ဝိနည်းဓိုရ်အဖြစ် ပါဝင်ဆောင်ရွက်ခြင်း မပြုရပါက နောက်တစ်မှုတွင် ယင်းဝိနည်းဓိုရ်ကို အလှည့်ကျ ဝိနည်းဓိုရ်အစဉ်၌ ထည့်သွင်း ဖွဲ့စည်းရမည်။

၈၆။ အရန် ဝိနည်းဓိုရ်များသည် မူလဝိနည်းဓိုရ်များ ပျက်ကွက်ခြင်း မရှိပါက တာဝန်ခွင့်သို့ ဝိနည်းဓိုရ်အဖြစ် လာရောက် ဆောင်ရွက်ခြင်း မပြုရ။

၈၇။ သံဃဝိနိစ္ဆယအဖွဲ့ ဖွဲ့စည်းခြင်း အမိန့်ကို သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ကိုယ်တိုင် လက်မှတ်ရေးထိုးပြီး ဖွဲ့စည်းမိန့်ကို သဘာပတိ ဆရာတော်က ဖတ်ကြား ကြေငြာ၍ အမှုတွဲ၌ တွဲထားရမည်။
ဝိ/၂၄ (က)

၈၈။ မြို့နယ် သံယာနာယကအဖွဲ့သည် စောဒနာလွှာနှင့် သောဓနာလွှာ များ ပါဝင်သည့် အမှုတွဲကို စာတွဲအရေအတွက်နှင့် ယင်း စာတွဲ အသီးသီးတွင် ပါရှိသည့် စာရွက် ရွက်ရေတို့ကို ကျောဘက်တွင် သံဃ-နာယကအဖွဲ့ တံဆိပ် ရိုက်နှိပ် နံပါတ်ရေးသွင်းပြီး စာရင်းနှစ်စောင် ပြုလုပ်လျက် တစ်စောင်ကို သံဃဝိနိစ္ဆယအဖွဲ့သို့ လွှဲပြောင်းပေးအပ်ရမည်။ လွှဲပြောင်း လက်ခံသည့် စာရွက်ပေါ်၌ သက်ဆိုင်ရာ သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော်နှင့် သံဃဝိနိစ္ဆယအဖွဲ့ သဘာပတိ ဆရာတော်တို့ လက်မှတ် ရေးထိုးထားရမည်။

၈၉။ သံဃဝိနိစ္ဆယအဖွဲ့သည် အမှုတွဲပါ စောဒနာ သောဓနာလွှာတို့တွင် လွှဲပြောင်း အပ်နှံပေးသည့် စာရင်းအတိုင်း ပြည့်စုံစွာ ပါဝင်ခြင်း ရှိ-မရှိ စိစစ်လက်ခံခြင်း ပြုရမည်။

၉၀။ မြို့နယ် သံဃနာယကအဖွဲ့သည် သံဃဝိနိစ္ဆယအဖွဲ့သို့ အမှုတွဲ လွှဲအပ်ရာ၌ ဖော်ပြလတ္တံ့ပါ စာရွက်စာတမ်းများကို တပါတည်း ပေးအပ်ရမည်—

(က) သံဃဝိနိစ္ဆယအဖွဲ့ ဖွဲ့စည်းခြင်း အမိန့်ပုံစံ (၄)၊
(ခ) ဝိနည်းဓမ္မကံ လုပ်ထုံးလုပ်နည်းများ နောက်ဆက်တွဲ ပုံစံ (၈) (ရှစ်) (အမှု နေ့စဉ်မှတ်တမ်း)
(ဂ) စောဒက စုဒိတက ဆင့်ခေါ်စာ ပုံစံ (၅)
(ဃ) သက်သေ ဆင့်ခေါ်စာ ပုံစံ (၆)
(င) သံဃဝိနိစ္ဆယအဖွဲ့၏ ဆုံးဖြတ်ချက် ပုံစံ (၇)
(စ) သံဃဝိနိစ္ဆယအဖွဲ့ တံဆိပ်တုံးနှင့် လိုအပ်သော စက္ကူနှင့် စာရေးကိရိယာများ။

၉၁။ ဝိနည်းဓိုရ်များသည် ဖော်ပြလတ္တံ့ပါ သာသနာရေးဆိုင်ရာ ပစ္စည်းများနှင့် ပတ်သက်၍ ဖြစ်ပွားလာသော မှုခင်းများကို လက်ခံ စစ်ဆေး ဆုံးဖြတ်နိုင်သည်—

(၁) သက်ဆိုင်ရာ ဥပဒေနှင့် အညီ အာဏာပိုင် တစ်ရပ်ရပ်က သာသနာ့မြေအဖြစ် သတ်မှတ်ထားသည့် သာသနာ့မြေ၊

(၂) အစဉ်အလာအရ ရှေးနှစ်ပေါင်းများစွာက သိသာထင်ရှားစွာ အများက လက်ခံထားသည့် သာသနာ့မြေ၊

(၃) သာသနာ့မြေပေါ်တွင် ဆောက်လုပ် လှူဒါန်းထားသော သိမ်၊ ကျောင်း၊ ရေတွင်း၊ရေကန်၊ ဇရပ် စသော အဆောက်အအုံများ၊

(၄) ရဟန်းသံဃာနှင့် အပ်စပ်သည့် ရဟန်းသံဃာအား လှူဒါန်းထားသော အသုံးအဆောင်ပစ္စည်းများ၊

(၅) စေတီတော်အား လည်းကောင်း၊ ကျောင်းအားလည်းကောင်း၊ ဓမ္မကျောင်းတိုက်အားလည်းကောင်း၊ နဝကမ္မအား လည်းကောင်း လှူဒါန်းထားသော ရတနာ, ရွှေ, ငွေ, ကြေးနှင့် ဂရုဘဏ် လဟုဘဏ်ပစ္စည်းများ။

[ဝ/၂ (ဆ–၁+၂+၃+၄+၅)]

၉၂။ ဝိနည်းဓိုရ်များသည် ဖော်ပြလတ္တံ့ပါ မှုခင်းများကို လက်ခံစစ်ဆေး ဆုံးဖြတ်ခြင်း မပြုရ—

(၁) လူသတ်မှု၊

(၂) ဓားပြတိုက်မှု လုယက်မှု၊

(၃) တိုင်းပြည်ပုန်ကန်မှု သူပုန်အမှု၊

(၄) ရန်သူတို့၏ သူလျှိုလုပ်မှု၊

(၅) ရန်သူတို့၏ ဝါဒဖြန့်မှု၊

(၆) အုပ်ချုပ်ရေးပျက်ပြားအောင် အားထုတ်မှု၊

(၇) စစ်ကို အရေးနိမ့်အောင် အားထုတ်မှု၊

(၈) အမွေရလိုမှု၊

(၉) လယ်ယာကိုင်းကျွန်း စသည်ကို မအပ်သော အလှူခံမှု၊

(၁၀) ဘိန်း စသော မူးယစ်ဆေးဝါးမှ, သေရည်အရက်မှ၊

(၁၁) အပေါင်အနှံခံမှု၊

(၁၂) ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ ဝိဝါဒါဓိကရုဏ်းမှုခင်းများ

၉၃။ ဝိနည်းဓိုရ်များသည် ဖော်ပြလတ္တံ့ပါ မှုခင်းများကို ပယ်ရမည်-

(၁) အကပ္ပိယ ရွှေ ငွေ စသည်ကို လျှော်ကြေးတောင်းမှု၊

(၂) ဗုဒ္ဓဘာသာ သာသနာတော်နှင့် မစပ်သော ပစ္စည်း တစ်ခု
တစ်ရာနှင့် စပ်လျဉ်း၍ ဖြစ်ပွားသော အဓိကရုဏ်းမှု။

၉၄။ မြို့နယ်သံဃနာယကအဖွဲ့၊ သို့မဟုတ် ပြည်နယ်/တိုင်း သံဃ
နာယကအဖွဲ့သည် သံဃဝိနိစ္ဆယအဖွဲ့ ဖွဲ့စည်းခြင်းအမိန့်ကို သက်ဆိုင်ရ
မြို့နယ်၊သို့မဟုတ်ပြည်နယ်/တိုင်း(ပြည်သူ့ကောင်စီအလုပ်အမှုဆောင်အဖွဲ့
သာသနာရေးမှူးနှင့် သက်ဆိုင်ရာ ဆွမ်းကွမ်းဝေယျာဝစ္စအဖွဲ့ ဥက္ကဋ္ဌ
လိုအပ်သည်တို့ကို စီစဉ်ဆောင်ရွက်ပေးပါရန် မေတ္တာရပ်ခံစာနှင့်အဝ
ပူးတွဲပေးပို့ရမည်။ ဝိ/၂

## သံဃဝိနိစ္ဆယအဖွဲ့ တာဝန်ယူခြင်း

၉၅။ သံဃဝိနိစ္ဆယအဖွဲ့ဝင် ဆရာတော်များသည် မိမိတို့အထဲ
သင့်လျော်ရာတစ်ပါးကို သဘာပတိအဖြစ် ရွေးချယ်ကြရမည်။ ဝိ/၂

၉၆။ သံဃဝိနိစ္ဆယအဖွဲ့ သဘာပတိဆရာတော်သည် အမှုစစ်ဆေးသော
အခါများ၌ အဖွဲ့သဘာပတိအဖြစ် ဆောင်ရွက်ရမည်၊ ကျန်ဆရာတော
များက အဖွဲ့ဝင်များအဖြစ် ဆောင်ရွက်ရမည်။ ဝိ/၂

၉၇။ သဘာပတိဆရာတော်သည် မကျန်းမာခြင်းစသော အကြောင်း တစ်ခုခုကြောင့် တာဝန်ကို ဆက်လက်မဆောင်ရွက်နိုင်သော် သံဃဝိနိစ္ဆယ အဖွဲ့ ဝိနည်းဓိုရ်ဆရာတော်များထဲမှ သဘာပတိဆရာတော် တစ်ပါးကို မျှားရာဆန္ဒဖြင့် အစားထိုးရွေးချယ်ရမည်။ ဝိ/၂၅

၉၈။ သဘာပတိဆရာတော် အစားထိုး ရွေးချယ် ဆောင်ရွက်ခြင်းကို သက်ဆိုင်ရာ သံဃနာယကအဖွဲ့သို့ အကြောင်းကြား လျှောက်ထားရ၍ အမှုကို ဆက်လက်စစ်ဆေးဆုံးဖြတ်ရမည်။ အကြောင်းကြားစာ မိတ္တူကို သက်ဆိုင်ရာ သာသနာရေးမှူးအား ပေးရမည်။ ဝိ/၂၅၊ ဝိ/၁၀(ခ)(က)

၉၉။ ဖွဲ့စည်းပြီးသော သံဃဝိနိစ္ဆယအဖွဲ့သည် ဖွဲ့စည်းသည့်နေ့မှ ၁၅-ရက်အတွင်း ဝိနိစ္ဆယကိစ္စများကို စတင်ဆောင်ရွက်ရမည်။ ဝိ/၂၆(က)

၁၀၀။ မြို့နယ်မြေစာရင်းဌာနမှ တုတ်ဝေသည့် ဦးပိုင်အတ္ထုပ္ပတ္တိဇယား၊ သို့မဟုတ် မြို့နယ် မြေစာရင်းဦးစီးဌာန အမှုတွဲထိန်းကိုယ်တိုင် လက်မှတ်ရေးထိုး၍ မြေစာရင်းဌာန ဦးစီးမှူးက ထပ်ဆင့် လက်မှတ် ရေးထိုးပြီး ရုံးတံဆိပ် ရိုက်နှိပ်ထားသော ဦးပိုင်အမည် အဆင့်ဆင့် ပြောင်းလဲလာပုံ စာတမ်းကိုသာ တရားဝင်မြေစာရင်း ရာဇဝင်အဖြစ် စိစစ်လက်ခံရမည်။

၁၀၁။ အမှုတွဲလဲပြောင်းရာ၌ မြေပုံ၊ မြေရာဇဝင်၊ စာချုပ်၊ စာတမ်း၊ အထောက်အထား မူရင်းများပါရှိနေပါက အဆိုပါ အရေးကြီးသည့် စာရွက်စာတမ်းများ၏ စာရင်းတစ်ခု ပူးတွဲပါရှိစေရမည်။

၁၀၂။ သံဃဝိနိစ္ဆယအဖွဲ့သည် ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်း တစ်ခုခုကို စတင် ဆောင်ရွက်သည့်နေ့မှ ရက်ပေါင်း (၆၀) အတွင်း ပြီးပြတ်အောင် ဆောင်ရွက်ရမည်။ ဝိ/၂၆ (ခ)

၁၀၃။ သံဃဝိနိစ္ဆယအဖွဲ့သည် ရက်ပေါင်း (၆၀)အတွင်း မပြီးပြတ်ခဲ့သော် ခွင့်ပြုရက်မကုန်မီ အကျိုးအကြောင်း ဖော်ပြလျက် တစ်ကြိမ်လျှင် ရက်ပေါင်း(၆၀)ထက် မကျော်လွန်သော လိုအပ်သည့်ရက်များကို သက်ဆိုင်ရာ သံဃနာယကအဖွဲ့သို့ နှစ်ကြိမ်ထက် မပိုစေဘဲ စာဖြင့်တင်ပြ၍ ဆက်လက်ဆောင်ရွက်ရမည်။ ဝိ/၂၆(ခ)

၁၀၄။ ခွင့်ပြုရက်ထက် ကျော်လွန်သော သံဃဝိနိစ္ဆယအဖွဲ့၏ ဆောင်ရွက်ချက်အားလုံးကို တရားမဝင် အလိုအလျောက် ပျက်ပြယ်ပြီးဖြစ်သည်ဟု မှတ်ယူရမည်။ ဝိ/၂၆ (ခ)

၁၀၅။ တရားမဝင် ပျက်ပြယ်ပြီးဖြစ်သော ဆောင်ရွက်ချက် စစ်မေးချက် အစစ်ခံ ထွက်ဆိုချက်တို့ကို တရားဝင်ဖြစ်အောင် မဆောင်ရွက်ဘဲ ယူဝင်လျက် ဝိနိစ္ဆယအမိန့်ချသည့် မြို့နယ်/ပြည်နယ်/တိုင်း/နိုင်ငံတော် သံဃဝိနိစ္ဆယအဖွဲ့ အဆင့်ဆင့်၏ ထိုဘရားမဝင်သော သုံးသပ် ဆုံးဖြတ်ချက်ကို၊ အတည်ပြုသည့်၊ သို့မဟုတ် အတည်ပြုရာ ရောက်စေသည့် ဆောင်ရွက်ချက် အားလုံးကိုလည်း တရားမဝင် အလိုအလျောက် ပျက်ပြယ်ပြီးဖြစ်သည်ဟု မှတ်ယူရမည်။ ဝိ/၂၆

၁၀၆။ သတ်မှတ်ရက်ထက် ကျော်လွန်သော သံဃဝိနိစ္ဆယအဖွဲ့၏ သဘာဝပတိဆရာတော်သည် ရက်လွန်ခြင်း၏ အကြောင်းမှန်ကို ဖော်ပြသော အစီရင်ခံစာကို အမှုတွဲနှင့်တကွ သက်ဆိုင်ရာသံဃနာယကအဖွဲ့သို့ ရက်လွန်သည့်နေ့မှ ၇-ရက်အတွင်း၌ လက်ရောက် အပ်နှံပေးရမည်။ ဝိ/၂၆(ဂ)

၁၀၇။ သက်ဆိုင်ရာ သံဃနာယကအဖွဲ့သည် သတ်မှတ်ရက်အတွင်း ဝိနိစ္ဆယဆုံးဖြတ်ချက်ချခြင်း/ ရက်တိုးတောင်းခံခြင်း/ အမှုတွဲကိုပြန်လည်ပေးအပ်ခြင်းမပြုသည့် ရက်လွန်သံဃဝိနိစ္ဆယအဖွဲ့၏ တာဝန်ပျက်ကွက်မှုကို လိုအပ်သလို အရေးယူနိုင်ရန် အမှုတွဲကို တောင်းယူရမည်။ ဝိ/၂၆(ဃ)

၁၀၈။ အမှုတွဲ ပြန်လည်ရရှိပြီးနောက် ၁၅-ရက်အတွင်း၌ ထိုမှုခင်းကို အဆင့်တူ သံဃဝိနိစ္ဆယအဖွဲ့သစ်ဖြင့် စစ်ဆေးဆုံးဖြတ်စေရေး အတွက် ဝိနည်းဓမ္မကံ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဖွဲ့စည်းဆောင်ရွက်ရမည်။
ဝိ/၂၆(ဃ)

၁၀၉။ စစ်ဆေးဆဲ သံဃဝိနိစ္ဆယအဖွဲ့သည် သတ်မှတ်ရက်အတွင်း ပြီးပြတ်အောင် မဆောင်ရွက်နိုင်၍ နောက်ထပ် သံဃဝိနိစ္ဆယအဖွဲ့ သစ်ဖြင့် ဆက်လက်စစ်ဆေးရာ၌ မူလစစ်ဆေးပြီးသော စစ်ဆေးချက် ထွက်ဆိုချက် စသည်များကို တရားဝင်ဖြစ်စေရန်အတွက် ဆက်လက် စစ်ဆေးသော သံဃဝိနိစ္ဆယအဖွဲ့က စောဒက စုဒိတကဝို့အား အမှု မစစ်ဆေးမီ မူလစစ်ချက်အတိုင်း ဆက်လက် စစ်ဆေးရန် သဘော တူကြောင်းလက်မှတ်ရေးထိုးစေ၍တရားဝင်ဖြစ်အောင် ဆောင်ရွက်ရမည်။

၁၁၀။ သံဃဝိနိစ္ဆယအဖွဲ့သစ်သည် အမှုတွဲ လွှဲပြောင်းလက်ခံပြီးနောက် အဖွဲ့အစည်းအဝေးပြုလုပ်၍ သံဃဝိနိစ္ဆယရုံးတည်ရာဌာန သတ်မှတ်ခြင်း၊ သံဃဝိနိစ္ဆယအဖွဲ့ရုံး စတင်ဖွင့်လှစ်မည့် နေ့ရက်၊ အချိန်နာရီ သတ်မှတ် ဆုံးဖြတ်ခြင်းများကို ပြုလုပ်ရမည်။

၁၁၁။ သံဃဝိနိစ္ဆယအဖွဲ့၏ သတ်မှတ်ဆုံးဖြတ် ဆောင်ရွက်ချက်များကို ပုံစံ (ဂ)ပါ သဘာဝတိ၏ မှုခင်းမှတ်တမ်းတွင် ရေးမှတ်ထားရမည်။
ဝိ/၄၄

၁၁၂။ ဝိနိစ္ဆယအဖွဲ့ သဘာဝတိဆရာတော်သည် သံဃဝိနိစ္ဆယအဖွဲ့၏ ဆောင်ရွက်မှု မှန်သမျှကို မှုခင်းမှတ်တမ်း၌ ရေးသွင်း၍ ရက်စွဲတပ်ပြီး လက်မှတ်ရေးထိုး ထားရမည်။

၁၁၃။ သံဃဝိနိစ္ဆယအဖွဲ့သည် ရုံးစတင်ဖွင့်လှစ်သည့်နေ့တွင် မြို့နယ်၊ သို့မဟုတ် ပြည်နယ်/တိုင်း ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့၊ ဆွမ်းကွမ်းဝေယျာဝစ္စအဖွဲ့ (ဥပတ္ထမ္ဘကအဖွဲ့) ဥက္ကဋ္ဌနှင့် အဃတွင်းရေးမှူး တို့ကို သံဃဝိနိစ္ဆယအဖွဲ့ တည်ရာဌာနသို့ လာရောက်ရန် မေတ္တာရပ်ခံ ဖိတ်ကြားရမည်။
ဝိ/၃၅ (က)

၁၁၄။ သံဃဝိနိစ္ဆယအဖွဲ့သည် သံဃဝိနိစ္ဆယရုံး စတင်ဖွင့်လှစ်သည့် နေ့တွင် သံဃဝိနိစ္ဆယအဖွဲ့ တည်ရာဌာနသို့ လာရောက်ရန် စောဒက, စုဒီတကတို့ကို သတ်မှတ်ထားသော ပုံစံ (၅)ဖြင့် အနည်းဆုံး ၃-ရက် ကြိုတင်၍ ဆင့်ခေါ်ရမည်။

၁၁၅။ သံဃဝိနိစ္ဆယအဖွဲ့သည် မိမိတို့ဝိနိစ္ဆယကိစ္စ စတင်ဆောင်ရွက်မည့် အကြောင်းကို သက်ဆိုင်ရာ ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့ (သာသနာရေးမှူး)သို့ တရားဝင် အကြောင်းကြားရမည်။ ဝ/၂၃

၁၁၆။ သံဃဝိနိစ္ဆယအဖွဲ့၏ အကြောင်းကြားစာကို လက်ခံရရှိသော ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့ (သာသနာရေးမှူး) သည် သင့်လျော်သော ဝိနိစ္ဆယဌာနကို စီစဉ်ပေးရန် အခြား လိုအပ်သော အကူအညီများကိုလည်း ဆောင်ရွက်ပေးရမည်။ ဝ/၂၃

# အခန်း (၅)

## အမှုစစ်ဆေးခြင်း

### သံယဝိနိစ္ဆယအဖွဲ့ရုံး ဖွင့်လှစ်ခြင်း

၁၁၇။ သံယဝိနိစ္ဆယရုံး ဖွင့်လှစ်သည့်နေ့တွင် ဖိတ်ကြားထားသူများ တက်ရောက်ခြင်း ရှိ-မရှိ၊ စောဒက၊ စုဒိတကများ တက်ရောက်ခြင်း ရှိ-မရှိ မှုခင်းမှတ်တမ်းတွင် ရေးမှတ်၍ သဘာပတိဆရာတော်က လက်မှတ်ရေးထိုး ရမည်။

၁၁၈။ သံယဝိနိစ္ဆယအဖွဲ့ရုံး ဖွင့်လှစ်စစ်ဆေးသည့်အခါ စောဒကနှင့် စောဒကသက်သေများကို ဝိနည်းဓိုရ်ဆရာတော်များနှင့် မျက်နှာခြင်းဆိုင်ပြု၍ ဝိနည်းဓိုရ်ဆရာတော်များ၏ လက်ယာဘက်တွင် နေရာချထားရမည်။ စုဒိတကနှင့် စုဒိတကသက်သေများကို ဝိနည်းဓိုရ်ဆရာတော်များ၏ လက်ဝဲဘက်တွင် နေရာချထားရမည်။ နမူနာပုံစံမှာ ဖော်ပြသတ္တံ.ပါ အတိုင်း ဖြစ်သည်—

### မြို့နယ်သံယဝိနိစ္ဆယအဖွဲ့

| | |
|---|---|
| စောဒက | စုဒိတက |
| သက်သေများ | သက်သေများ |

၁၁၉။ သံယဝိနိစ္ဆယအဖွဲ့ရုံး ဖွင့်လှစ်ပွဲကွင် ရှေးဦးစွာ သဘာပတိ ဆရာတော်က သြဝါဒကထာ မြွက်ကြားခြင်း၊ သက်ဆိုင်ရာ ပြည်သူ့လောင်စီ မှ တာဝန်ရှိ ဂျင်ကိုလ် (သက်ဆိုင်ရာ သာသနာ့ရေးမှူး)က သာသနာ့ရေးရာ လျှောက်ထားခြင်းများ အစီအစဉ်ပြုလုပ် ဖွင့်လှစ်ရမည်။

၁၂၀။ သဘာပတိဆရာတော်က စောဒက စုဒိတကတို့အား သံဃ-ဝိနိစ္ဆယအဖွဲ့နှင့် သံဃဝိနိစ္ဆယအဖွဲ့ဝင် ဆရာတော်များကို ကန့်ကွက်ရန် ရှိ-မရှိ မေးမြန်းရမည်။

၁၂၁။ စောဒက စုဒိတကသည် သံဃဝိနိစ္ဆယအဖွဲ့ တစ်ဖွဲ့လုံးကို သော်လည်းကောင်း၊ အဖွဲ့ဝင်ဆရာတော်တစ်ပါး၊ သို့မဟုတ် အများကို သော်လည်းကောင်း ကန့်ကွက်ရန်ရှိသော အချက်များကို အကြောင်းပြု၍ ကန့်ကွက်နိုင်သည်။ ဝိ/၂၈

၁၂၂။ စောဒက/စုဒိတကများက နှုတ်ဖြင့် သက်ဆိုင်ရာ သံဃနာယကအဖွဲ့သို့ ကန့်ကွက်ပါလျှင် သဘာပတိဆရာတော်က စာဖြင့် ရေးသား၍ ကန့်ကွက်ရန် ညွှန်ကြားရမည်။ မှုခင်းမှတ်တမ်းတွင် စောဒက/စုဒိတကက ကန့်ကွက်ကြောင်း မှတ်ဟမ်းတင်ထားရမည်။

၁၂၃။ သံဃဝိနိစ္ဆယအဖွဲ့သည် စောဒက စုဒိတကတို့က သက်ဆိုင်ရာ သံဃနာယကအဖွဲ့သို့ တင်သွင်းသော ကန့်ကွက်လွှာ မိတ္တူကို လက်ခံပြီးနောက် အမှုစစ်ဆေးခြင်း ရပ်စဲကြောင်း သဘာပတိက ကြေငြာ၍ မှုခင်းမှတ်တမ်းတွင် ရေးသွင်းထားရမည်၊ ကန့်ကွက်လွှာ မိတ္တူကို အမှုတွဲတွင် တွဲထားရမည်။ ဝိ/၂၉ (က)

၁၂၄။ ကန့်ကွက်ခြင်း မရှိပါလျှင် သံဃဝိနိစ္ဆယအဖွဲ့ဝင် ဆရာတော်များက စောဒနာလွှာနှင့် သောဓနာလွှာတို့ကို ဖတ်ကြား ကြေညာရမည်၊ စုဒိတကဘက်မှ သောဓနာလွှာ မတင်ရသေးပါက သောဓနာလွှာ တင်သွင်းရန် ၇-ရက်ထက် မမျှားသော ရက်ကို ကန့်သတ်ခွင့် ပြုနိုင်သည်။

၁၂၅။ သံဃဝိနိစ္ဆယအဖွဲ့သည် အမှု မစစ်ဆေးမီ စောဒက/စုဒိတကတို့အား သက်သေစာရင်းများ ဖြည့်စွက်/နုတ်ပယ် ပြင်ဆင်လိုမှု ရှိ,မရှိ မေးမြန်း၍ ပြင်ဆင်လိုမှု မရှိပါက မရှိကြောင်း မှုခင်းမှတ်တမ်းတွင် ဝရေးမှတ်ရမည်။

၁၂၆။ သက်သေ စားရင်းများ ဖြည့်စွက်/နုတ်ပယ် ပြင်ဆင်လိုပါက စာဖြင့် တင်သွင်း လျှောက်ထားစေ၍ ပြင်ဆင် ဖြည့်စွက်/နုတ်ပယ်သော သက်သေစာရင်းကို အမှုတွဲတွင် တွဲထားခြင်း၊ မှုခင်းမှတ်တမ်းတွင် ရေးမှတ်ခြင်းပြု၍ အမှုစစ်မည့်နေ့ကို ချိန်းဆိုရမည်။

၀၂၇။ သံဃဝိနိစ္ဆယအဖွဲ့ဝင် ဆရာတော်များအား ကန့်ကွက်သော စောဒက/စုဒိတကသည် ဝိနည်းဓမ္မကံလုပ်ထုံးလုပ်နည်းများ အပိုဒ်(၂၇)ရှိ ဖော်ပြလတ္တံ့ပါ အချက် (၃)ချက်ကို ဂရုပြု၍ အထောက်အထား ခိုင်လုံစွာဖြင့် ကန့်ကွက်ခြင်း ဖြစ်ရမည်—

(က) ဝိနည်းဓမ္မကံ လုပ်ထုံးလုပ်နည်း အပိုဒ် (၁၇)ပါ အရည် အချင်း ပျက်ယွင်းမှု ရှိခြင်း၊

(ခ) စောဒက/စုဒိတကနှင့် ပဗ္ဗဇ္ဇာစရိယ၊ ဥပသမ္ပဒါစရိယ၊ နိဿယာစရိယ၊ ဥပဇ္ဈာစရိယ၊ ပဗ္ဗဇ္ဇန္တေဝါသိက၊ ဥပသမ္ပဒန္တေဝါသိက၊ နိဿယန္တေဝါသိက၊ သဒ္ဓိဝိဟာရိက၊ သမာနုပဇ္ဈာယက အဖြစ် ရင်းနှီးဆက်စပ်မှု ရှိခြင်း၊

(ဂ) စောဒက/စုဒိတကနှင့် ဆွေမျိုးတော်စပ်ခြင်း။

၁၂၈။ သံဃနာယကအဖွဲ့သည် ဝိနည်းဓမ္မကံ လုပ်ထုံးလုပ်နည်း အပိုဒ် (၂၈)အရ တင်ပြ ကန့်ကွက်လွှာကို လက်ခံ၍ အထောက်အထား ခိုင်လုံမှု ရှိ-မရှိကို စိစစ်ရမည်။ ဝိနည်းဓမ္မကံ လုပ်ထုံးလုပ်နည်း အပိုဒ်(၂၈)အရ မဟုတ်သည့် တင်ပြ ကန့်ကွက်လွှာကို လက်ခံစိစစ်ခြင်း မပြုဘဲ ပယ်ချ ရမည်။

၁၂၉။ သံဃနာယကအဖွဲ့သည် ကန့်ကွက်လွှာကို လက်ခံ စိစစ်ရာ၌ အထောက်အထား ခိုင်လုံမှု မရှိကြောင်း တွေ့ရှိရပါက ကန့်ကွက်လွှာကို ပယ်ချ၍ အမှုစစ်ဆေးခြင်းကို ဆက်လက် ဆောင်ရွက်ရန် သံဃဝိနိစ္ဆယ အဖွဲ့သို့ အကြောင်းကြားရမည်။ ဝ/၂၉ (က)

၁၃၀။ သံဃနာယကအဖွဲ့သည် ကန့်ကွက်လွှာကို လက်ခံ စိစစ်ရာ၌ အထောက်အထား ခိုင်လုံစွာ ရှိ၍ အပြစ်ရှိကြောင်း တွေ့ရှိရပါက သံဃဝိနိစ္ဆယအဖွဲ့ဝင် တစ်ပါးပါးကိုသော်လည်းကောင်း၊ သံဃဝိနိစ္ဆယ တစ်ဖွဲ့လုံးကိုသော်လည်းကောင်း တာဝန်မှ ရုပ်သိမ်းရန် အမှတ်စဉ်အတိုင်း အစားထိုးခန့်အပ်ခြင်း/ပြန်လည်ဖွဲ့စည်းခြင်းကို လိုအပ်သလို ဆောင်ရွက်ပေးရမည်။ ဝိ/၂၉ (က)

၁၃၁။ စောဒက/စုဒိတကတို့၏ တင်ပြကန့်ကွက်ချက်သည် အထောက်အထား မခိုင်လုံ၍ သံဃနာယကအဖွဲ့၏ ပယ်ချခြင်းကို ခံရလျှင် ကန့်ကွက်သူသည် ကန့်ကွက်ခံရသော ဝိနည်းဓိုရ်ဆရာတော်/သံဃဝိနိစ္ဆယအဖွဲ့အား သက်ဆိုင်ရာ သံဃနာယကအဖွဲ့၏ ရှေမှောက်၌ မိမိ မှားယွင်းမိပါကြောင်းကို နှုတ်ဖြင့်လည်းကောင်း၊ စာဖြင့်လည်းကောင်း တောင်းပန်ဝန်ချရမည်။ ဝိ/၂၉ (ခ)

၁၃၂။ ဝန်ချတောင်းပန်လွှာကို အမှတ်ရှိတွင် တဲ့၍ မှုခင်းမှတ်တမ်းတွင် ရေးမှတ်ထားရမည်။

၁၃၃။ ဝန်ချကောင်းပန်ခြင်း မပြုသော ကန့်ကွက်သူ စောဒက၊ စုဒိတကအား သံဃာ့အဖွဲ့အစည်း လုပ်ထုံးလုပ်နည်းမျှားအရ အရေးယူ ဆောင်ရွက်နိုင်ရန် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့သို့ အစီရင်ခံရမည်။ ဝိ/၂၉ (ဂ)

၁၃၄။ ဝိနိစ္ဆယအဖွဲ့ရုံး တည်ရှိရာ မြို့/တည်ရှိရာ ဒေသ၌ နေထိုင်သော စောဒက၊ စုဒိတကတို့ကို ခေါ်ခေါ် ပင့်လျှောက်ရာ၌ ဆင့်ခေါ်စာ ရရှိကြောင်း စာပေးစာယူ စာအုပ်၌ လက်မှတ်ရေးထိုးပြီး ယူစေရမည်။

၁၃၅။ စောဒက/စုဒိတကတို့၏ ကိုယ်စား တစ်စုံတစ်ဦးက ဆင့်ခေါ်စာကို လက်ခံ၍ လက်မှတ်ရေးထိုးယူလျှင် လက်ခံယူသူ၏ အမည်၊ နေရပ်လိပ်စာ၊ မှတ်ပုံတင်အမှတ်တို့ကို ရေးမှတ်ရမည့်အပြင် စောဒက/စုဒိတကနှင့် မည်သို့ ရင်းနှီးတော်စပ်သည်ကိုပါ မေးမြန်း၍ ရေးမှတ်ထားရမည်။

၁၃၆။ သက်သေများကို ဆင့်ခေါ် ပင့်လျှောက်ရာ၌ သက်ဆိုင်ရာ စောဒက၊ စုဒိတ္တကတို့အား တာဝန်ပေး၍ ဆင့်ခေါ် ပင့်လျှောက် စေနိုင်သည်။

၁၃၇။ သံဃဝိနိစ္ဆယအဖွဲ့သည် နှစ်ဘက်အမှုသည်များနှင့် ယင်းတို့၏ သက်သေများကို ခေါ်ယူရာ၌ အခက်အခဲရှိပါက သက်ဆိုင်ရာ ပြည်သူ့ကောင်စီ(သာသနာရေးမှူး)အား လိုအပ်သလို ကူညီဆောင်ရွက်ပေးရန် အကြောင်းကြားရမည်။ (ဝိ-၃၀)

၁၃၈။ ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်းကို စစ်ဆေးဆုံးဖြတ်ရန်အလို့ငှာ သက်ဆိုင်ရာ သံဃနာယကအဖွဲ့မှတစ်ဆင့် သက်ဆိုင်ရာ ပြည်သူ့ကောင်စီ (သာသနာ့ရေးမှူး)အား ကူညီဆောင်ရွက်ပေးရန် အကြောင်းကြား ရမည်။ (ဝိ/၃၉)

၁၃၉။ သက်ဆိုင်ရာ မြို့နယ်ပြည်သူ့ကောင်စီ (သာသနာရေးမှူး)သည် ၂-ရက်ခြား (၃)ကြိမ် ပင့်လျှောက်/ဆင့်ခေါ်ရမည်။ (ဝိ/၃၉)

၁၄၀။ မြို့နယ်ပြည်သူ့ကောင်စီ ( သာသနာရေးမှူး ) က ၄-ကြိမ် ပင့်လျှောက်/ဆင့်ခေါ်ပါလျက် မလာမရောက်ပျက်ကွက်သော စောဒက/ စုဒိတ္တကတို့၏ မျက်ကွယ်၌ပင် ဖြစ်စေကာမူ ယင်းတို့၏မျက်မှောက်၌ စစ်ဆေးဆုံးဖြတ်သကဲ့သို့ ဆက်လက်စစ်ဆေးဆုံးဖြတ်နိုင်သည်။ (ဝိ-၃၉)

၁၄၁။ သံဃဝိနိစ္ဆယအဖွဲ့ သဘာပတိဆရာတော်သည် အမှုစတင် မစစ်ဆေးမီ ဝိနည်းဓမ္မကံလုပ်ထုံးလုပ်နည်းများ အပိုဒ်(၃၅)ပါ စောဒက/ စုဒိတ္တကတို့၏ အခွင့်အရေးများကို အမှုသည်တို့အား ရှင်းလင်းပြောကြား ရမည်။ ဝိ/၃၆ (က)

၁၄၂။ သဘာပတိဆရာတော်သည် ဝိနည်းဓမ္မကံလုပ်ထုံးလုပ်နည်းများ အပိုဒ်(၄၁)ပါ ရှောင်ကြဉ်ရမည့်အချက်များ၊လိုက်နာရမည့်အချက်များကို အမှုသည်တို့အား ရှင်းလင်းပြောကြားရမည်။

၁၄၃။ သဘာဝတိဆရာတော်သည် ဤလက်စွဲအပိုဒ်(၁၄၁)(၁၄၂)တို့အရ ရှင်းလင်းပြောကြားသော အခွင့်အရေးများကို အမှုသည်တို့ ရရှိကြအောင် တာဝန်ခံ ဆောင်ရွက်ပေးရမည်။

၁၄၄။ စောဒက/စုဒိတကတို့သည် မိမိတို့တင်ပြသော သက်သေများ/သက်သေထွက်ချက်များ ဆုံးရှုံးနစ်နာမှု မရှိစေရန်အတွက် ဝိနည်းဓမ္မကံလုပ်ထုံးလုပ်နည်း(၄၁)အရ သဘာဝတိဆရာတော်၏ ရှင်းလင်းပြောကြားချက်ကို ဂရုပြု၍ မိမိတို့၏သက်သေများကို မိမိတို့ကိုယ်တိုင် တာဝန်ယူရမည်။

## အမှုပိတ်ခြင်း

၁၄၅။ သံဃဝိနိစ္ဆယအဖွဲ့သည် အမှုစစ်ဆေးခြင်းမပြုမီ စောဒကအား မိမိ၏စောဒနာလွှာကို ပြန်လည်ရုပ်သိမ်းလိုခြင်း ရှိ,မရှိ မေးမြန်းရမည်။

၁၄၆။ ဝိနည်းဓမ္မကံအဓိကရုဏ်း မူလမှုခင်း၌ အမှုစတင်မစစ်ဆေးမီ ဖြစ်စေ၊ စစ်ဆေးနေဆဲဖြစ်စေ စောဒကပုဂ္ဂိုလ်က မိမိ၏စောဒနာလွှာကို ပြန်လည်ရုပ်သိမ်းလိုကြောင်း စာဖြင့် လျှောက်ထားလျှင် လူတရားရုံး၌ လည်းကောင်း၊ သံဃနာယကအဖွဲ့၌ လည်းကောင်း ယခုစွဲဆိုချက် အကြောင်းခြင်းရာများနှင့်ပတ်သက်၍ နောင်အခါတွင် စွဲဆိုခြင်းမပြုတော့ပါဟု ဝန်ခံကတိပြုစာကို လက်မှတ်ရေးထိုးစေပြီး ရုပ်သိမ်းခွင့်ပြု၍ အမှုပိတ်ကြောင်း ဝိနိစ္ဆယဆုံးဖြတ်ချက်ကို ချမှတ်နိုင်သည်။ ဝိ/၃၇ (ဂ)

၁၄၇။ သံဃဝိနိစ္ဆယအဖွဲ့သည် အနုဝါဒါဓိကရုဏ်းမူခင်းဂစ်ခု၌ စောဒက၏စွပ်စွဲချက်ကို စုဒိတကက ဝန်ခံလျှင် ယင်း၏ ဝန်ခံချက် အပြည့်အစုံကို ရေးမှတ်၍ လက်မှတ်ရေးထိုးစေပြီး ဝိနည်းတရားတော်နှင့်အညီ ဆုံးဖြတ်နိုင်သည်၊ နှစ်ဘက်သက်သေများကို စစ်ဆေးကြားနာရန် မလို။

ဝိ/၃၇ (ဂ)

၁၄၈။ ပစ္စည်းပိုင်ဆိုင်ခွင့် အငြင်းပွားသည့် ဝိဝါဒါဓိကရုဏ်းမှုခင်းဌာ်
စောဒကနှင့် စုဒိတကတို့ကို စေ့စပ်ညှိနှိုင်းပေးသင့်သည်ဟု ယူဆပါလျှင်
သံဃဝိနိစ္ဆယအဖွဲ့သည် အမှုမစစ်ဆေးမီ အများဆုံး (၃)ကြိမ်အထိ
စေ့စပ်ညှိနှိုင်းပေးနိုင်သည်။ ယင်းညှိနှိုင်းကာလသည် ကန့်သတ်ရက်(၆၀)
အတွင်း အကျုံးဝင်ခြင်း မရှိစေရ။ ဝိ/၃၇ (ခ)

၁၄၉။ သံဃဝိနိစ္ဆယအဖွဲ့၏ စေ့စပ်ညှိနှိုင်းပေးချက်ကို သဘောတူညီ
ချက်ရရှိပါက ယင်းသဘောတူညီချက်ကို စောဒက၊စုဒိတကတို့ကို ဝန်ခံ
လက်မှတ် ရေးထိုးစေပြီး ယင်းသဘောတူညီချက်ကိုပင် ဝိနိစ္ဆယဆုံးဖြတ်
ချက်အဖြစ်ဖြင့် ဆုံးဖြတ်ချက် ချနိုင်သည်။ ဝိ/၃၇ (ခ)

၁၅၀။ သံဃနာယကအဖွဲ့ ရှေ့မှောက်တွင် စေ့စပ်ညှိနှိုင်းရရှိချက်သည်
စောဒက၊ စုဒိတကတို့က ဝန်ခံလက်မှတ်ရေးထိုးပါသော်လည်း သံဃ-
ဝိနိစ္ဆယဆုံးဖြတ်ချက် မဟုတ်သဖြင့် ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်းများ
ဖြေရှင်းဆုံးဖြတ်ချက်များကို, ကာကွယ်စောင့်ရှောက်သည့် ဥပဒေအရ
အကျိုးသက်ရောက်မှု မရှိနိုင်သဖြင့် သံဃနာယကအဖွဲ့သည် မိမိတို့
ရှေ့မှောက်တွင် စေ့စပ်ညှိနှိုင်းရရှိသော သဘောတူဝန်ခံကတိပြုချက်ကို
အကျိုးသက်ရောက်မှု ရှိစေရန်အတွက် သံဃဝိနိစ္ဆယအဖွဲ့ ဖွဲ့စည်း
ဆောင်ရွက်ပေးရမည်။

၁၅၁။ သံဃဝိနိစ္ဆယအဖွဲ့သည် သံဃနာယကအဖွဲ့ ရှေ့မှောက်တွင်
စေ့စပ်ညှိနှိုင်းရရှိသော သဘောတူ ဝန်ခံကတိပြုချက်ကို အခြေခံထား၍
မိမိအဖွဲ့၏ရှေ့မှောက်တွင် ထပ်မံ၍ သဘောတူဝန်ခံကတိပြု လက်မှတ်
ရေးထိုးစေ၍ ယင်းသဘောတူညီချက်အတိုင်း ဆုံးဖြတ်ချက်ချမှတ်
နိုင်သည်။

၁၅၂။ သံဃဝိနိစ္ဆယအဖွဲ့သည် စေ့စပ်ညှိနှိုင်း သဘောတူညီချက်ကို
ဝိနိစ္ဆယဆုံးဖြတ်ချက်ချမှတ်ရာ၌ ဖော်ပြလတ္တံ့ပါအချက်များကို ဂရုပြု
ရမည်—

(က) စောဒကအမျှား/စုဒိတကအမျှား ဖြစ်ပါက စောဒက၊ စုဒိတကအားလုံး လက်မှတ်ရေးထိုးရမည်။

(ခ) စောဒကအမျှား / စုဒိတကအမျှားပင် ဖြစ်စေကာမူ ဦးဆောင်စောဒက/ဦးဆောင်စုဒိတက၏ မဆောင်ရွက်ချက်ကို သဘောတူကြောင်း၊ ကျန်စောဒက/စုဒိတကတို့က လက်မှတ်ရေးထိုး လုံအပ်ထားခြင်း ဖြစ်ပါက ဦးဆောင်စောဒက/ဦးဆောင်စုဒိတကတို့၏ သဘောတူညီချက်ကို လက်ခံဆုံးဖြတ်နိုင်သည်။

၁၅၃။ စေ့စပ်ညှိနှိုင်းပေးသော သံယဝိနိစ္ဆယပဖွဲ့သည် စေ့စပ်ညှိနှိုင်းရာတွင် တစ်ဘက်နှင့်တစ်ဘက် အလျှော့အတင်း ပြုလုပ်ချက်များကို၊ သို့မဟုတ် လိုက်လျောချက်များကို အမှုတွင် ထည့်သွင်းသုံးသပ်ခြင်း၊ ဆုံးဖြတ်ခြင်း မပြုရ၊ ယင်းသို့ ထည့်သွင်းသုံးသပ်ခြင်း ဆုံးဖြတ်ခြင်းများကို ပြုမည်မဟုတ်ကြောင်းကို (စေ့စပ်ညှိနှိုင်းမှု အောင်မြင်စေရန်အလို့ငှာ) စောဒက၊ စုဒိတကတို့အား ကြိုတင်ပြောကြားထားရမည်။

## ကိုယ်စားလှယ်လုံအပ်ဆောင်ရွက်ခွင့်

၁၅၄။ ရဟန်း/သာမဏေ စောဒက/စုဒိတကသည် သံဃဝိနိစ္ဆယဌာနသို့ ကိုယ်တိုင်လာရောက်နိုင်ရန် မစွမ်းနိုင်အောင် နာမကျန်းဖြစ်နေလျှင် မိမိနှင့်ရင်းနှီးဆက်စပ်သည့် ဂိုဏ်းတူရဟန်း/သာမဏေ တစ်ပါးပါးကိုသာ ကိုယ်စားလှယ်အဖြစ် လုံအပ်ဆောင်ရွက်စေခွင့်ရှိသည်။ ဝိ/၃၇(ဃ)

၁၅၅။ စက်ဆေးနေသဲ သံဃဝိနိစ္ဆယအဖွဲ့ကို ဖွဲ့စည်းပေးသော သံဃ-နာယကအဖွဲ့ဝင် ဆရာတော်ကို လည်းကောင်း၊ နိုင်ငံတော်အဆင့် ဆရာတော်များကို လည်းကောင်း၊ ရဟန်းသာမဏေ မဟုတ်သူကို လည်းကောင်း ကိုယ်စားလှယ်အဖြစ် လုံအပ်ဆောင်ရွက်ခွင့် မရှိစေရ။
ဝိ/၃၇(ဃ)

၁၅၆။ ရဟန်း/သာမဏေ မဟုတ်သော စောဒက/စုဒိတကသည် သံဃ-ဝိနိစ္ဆယဌာနသို့ ကိုယ်တိုင်လာရောက်ရန် မစ္စမ်းဆောင်နိုင်အောင် နာမကျန်းဖြစ်နေလျှင် မှတ်ပုံတင်စာချုပ်အရ တရားဝင်ကိုယ်စားသူမှီး အပါအဝင် နှစ်ဝမ်းကွဲအဆက် ဆွေမျိုးတော်စပ်သော ရဟန်း/သာမဏေ မဟုတ်သူ တစ်ဦးဦးကို ကိုယ်စားလှယ်လွှဲအပ် ဆောင်ရွက်စေခွင့်ရှိသည်။
ဝိ/၃၂(ဂ)

၁၅၇။ စောဒက/စုဒိတကသည် ဝိနည်းဓမ္မကံ လုပ်ထုံးလုပ်နည်း အပိုဒ်-၃၂ (ဃ)(ဂ)တို့အရ ကိုယ်စားလှယ် စေလွှတ်ခွင့်ရှိသော်လည်း စောဒက/စုဒိတကကို စစ်ဆေးရာ၌မူ ကိုယ်တိုင်သာလျှင် စစ်ဆေးခံရမည်။
ဝိ/၃၂(စ)

၁၅၈။ စောဒက/စုဒိတက တို့သည် ကိုယ်တိုင်မလာဘဲ ကိုယ်စားလှယ်လွှဲအပ်ဆောင်ရွက်ရာတွင် သက်ဆိုင်ရာ ဒေသန္တရကျန်းမာရေးဆရာဝန်၏ သံဃဝိနိစ္ဆယအဖွဲ့သို့ ကိုယ်တိုင်မလာရောက်နိုင်ကြောင်း ဆေးစာပါရှိမှသာ ကိုယ်စားလှယ်လွှဲစာကို လက်ခံရမည်။ ကိုယ်စားလှယ်မျှား၏ တာဝုန်ဝတ္တရားများကိုလည်း ရှင်းလင်းပြောကြားရမည်။

## ကိုယ်တိုင်ကြွရောက်စစ်ဆေးခြင်း

၁၅၉။ စောဒက/စုဒိတကနှင့် ယင်းတို့၏ သက်သေ တစ်ဦးဦးသည် သံဃဝိနိစ္ဆယဌာနသို့ လာရောက်အစစ်မခံနိုင်လောက်အောင် နာမကျန်း/အိုမင်းမစ္စမ်းရှိခဲ့သော် ယင်းတို့ထံ အနည်းဆုံး ဝိနည်းဓိုရ်ဆရာတော်(၂)ပါးက ကိုယ်ဘိုင်ကြွရောက် စစ်ဆေးနိုင်သည်။ ဝိ/၄၀

၁၆၀။ အခြားမြို့နယ်မှ မှုခင်းဖြစ်လျှင် သက်ဆိုင်ရာ ပြည်နယ်/တိုင်း၊ သို့မဟုတ် မြို့နယ်ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့ (သာသနာရေးမှူး)သို့ ယင်းတို့ဒေသရှိ သင့်လျော်သော ဝိနည်းဓိုရ်ဆရာဘော်များအား စစ်ဆေးပေးရန် အကြောင်းအရာ အပြည့်အစုံပါရှိသော မေတ္တာရပ်ခံစာ ပေးပို့၍ စစ်ဆေးချက်အားလုံးကို မိမိတို့၏ ဝိနိစ္ဆယဌာနသို့ ပြန်လည်ပေးပို့စေနိုင်သည်။ ဝိ/၄၀

၁၆၁။ ဝိနိစ္ဆယအဖွဲ့သည် အခြေခံပုဗ္ဗသည်းများကို လေ့လာခြင်း၊ အခင်းဖြစ် နေရာဒေသများကို လေ့လာခြင်းမျိုးမှတစ်ပါး ကွင်းဆင်းစုံစမ်း လေ့လာခြင်း စသည်များကို ရှောင်ရှားရမည်၊ အကယ်၍ ကွင်းဆင်း စစ်ဆေးမှုများ ပြုလုပ်ဖွယ်ရှိပါက စောဒက, စုဒီတကနှင့် သက်ဆိုင်ရာ အာဏာပိုင် ပုဂ္ဂိုလ်များ၏ ရှေမှောက်၌သာ ပြုလုပ် ဆောင်ရွက်ရမည်။

## ဝိနည်းဓိုရ်ဆရာတော်များ လိုက်နာရန် အချက်များ (ညွှန်–၅၈)

၁၆၂။ သံဃဝိနိစ္ဆယအဖွဲ့ဝင် ဆရာတော်များသည် အဖွဲ့သဘာဝတိ ဆရာတော်၏ ချိန်းဆိုသည့် နေ့ရက်တွင် ပျက်ကွက်မှု မရှိစေရန် အထူး ဂရုပြုကြရမည်၊ ဆုံးဖြတ်ချက် ချမှတ်သည့် နေ့တွင်မူ မပျက်မကွက် ကြွရောက်ကြရမည်။

၁၆၃။ ဝိနည်းဓိုရ်ဆရာတော် တစ်ပါးပါးသည် မိမိအားပေးအပ်သော တာဝန်ကို မထမ်းဆောင်နိုင်သော် လည်းကောင်း၊ မိမိ၌ဝိနည်းဓိုရ်အင်္ဂါ ချို့ယွင်းခြင်း ရှိသော်လည်းကောင်း သက်ဆိုင်ရာ သံဃနာယကအဖွဲ့သို့ အကြောင်းကြားရမည်၊ မိတ္တူကို သက်ဆိုင်ရာ ဝိနိစ္ဆယအဖွဲ့သို့ ပေးရမည်။

ဝိ/၃၀(က)

၁၆၄။ ဝိနည်းဓိုရ် ဆရာတော်သည် မိမိအား ပေးအပ်ထားသော တာဝန်ကို အခြားမည်သူကိုမျှ လွှဲပြောင်းဆောင်ရွက်စေခြင်း မပြုရ။

၁၆၅။ ဝိနည်းဓိုရ် ဆရာတော်များသည် အချင်းချင်း လေးစားကြ၍ ဓမ္မဝိနယကိုသာ ရှေတန်းတင်ပြီး အကျေအလည် ညှိနှိုင်းဆွေးနွေး ဆောင်ရွက်ကြရမည်။

၁၆၆။ ဝိနည်းဓိုရ်ဆရာတော်များသည် ဝိနိစ္ဆယကိစ္စနှင့် ပတ်သက်၍ သဘောထား မညီမျှခဲ့သော် အဖွဲ့ဝင်အများစု၏ ယူဆချက်ကို အနည်းစုက လေးစားလိုက်လျောခြင်းဖြင့် လည်းကောင်း၊ အများစု၏ ဝင်ငြုချက်ကို သံသယကင်းရှင်းသည့်အထိ ပြန်လည်စစ်ဆေးမှု ဝေဖန်သုံးသပ်မှုစသည်ဖြင့် လည်းကောင်း ပြေလည်မှု ရရှိအောင် ညှိနှိုင်း ဆောင်ရွက်ကြရမည်။
ဝ/၄၂(ဂ)

၁၆၇။ ဝိနည်းဓိုရ်ဆရာတော်များသည် အကျေအလည် ညှိနှိုင်းပါ၀ါလျက် မည်သို့မျှ ညှိနှိုင်းမရနိုင်လောက်အောင် သဘောထား ကွဲပြားခြားနား နေပါက အဖွဲ့ဝင်အများစုသဘောဆန္ဒအရသာ သုံးသပ်ချက်,ဆုံးဖြတ်ချက် ရေး၍ ဝိနည်းဓိုရ်ဆရာတော်များအားလုံး လက်မှတ်ရေးထိုးပြီး ဝိနိစ္ဆယ ဆုံးဖြတ်ချက် ချမှတ်ရမည်၊ အရန်ဝိနည်းဓိုရ် ဆရာတော်များအား ထည့်သွင်း လက်မှတ်ရေးထိုးစေခြင်း မပြုရ။

၁၆၈။ အများစုသဘောအရ ဆုံးဖြတ်သော ဆုံးဖြတ်ချက်ကို ကျေနပ်နှစ်သက်မှုမရှိသော အဖွဲ့ဝင်ဝိနည်းဓိုရ် ဆရာတော်သည် ယင်းဆုံးဖြတ်ချက် အပေါ် ၌သာလျှင် ဆုံးဖြတ်ချက်ကို သဘောမတူကြောင်း ဖော်ပြ၍ လက်မှတ်ရေးထိုးရမည်။ ဝ/၄၂ (ခ)

၁၆၉။ အများစုသဘောအရ ဆုံးဖြတ်ချက်ကို ကျေနပ်နှစ်သက်မှု မရှိသော ဝိနည်းဓိုရ် ဆရာတော်သည် သီးခြားအားဖြင့် သုံးသပ်ခြင်း၊ ဆုံးဖြတ်ခြင်း၊ ကြေငြာချက် ထုတ်ပြန်ခြင်း၊ ဝိနိစ္ဆယဌာနသို့ မလာ မရောက်ဘဲ နေခြင်းများကို လုံးဝရှောင်ရှားရမည်။

၁၇၀။ ဝိနိစ္ဆယအဖွဲ့သည် မူလစောဒနာလွှာ သော့ဓနာလွှာတို့၌ ဖော်ပြ တောင်းခံထားသည့် ရယ္ယလိုသော အဆုံးအဖြတ်၌ မပါ၀င်သည်ကို သော်လည်းကောင်း၊ အခြင်းပွားဝတ္ထု၌ မပါ၀င်သည့် ပစ္စည်းဘဏ္ဍာ များကို သော်လည်းကောင်း ထည့်သွင်းဆုံးဖြတ်ခြင်း မပြုရ။ ဝ/၄၂(ဂ)

၁၇၁။ သံဃဝိနိစ္ဆယအဖွဲ့ဝင် ဆရာတော်များသည် မိမိတို့ လိုက်နာ ဆောင်ရွက်ရမည့် အချက်များကို လိုက်နာရန် ပျက်ကွက်ပါက ဝိနည်းဓိုရ် အဖြစ်မှလည်းကောင်း၊ သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်၌ အရှေးအချယ် ခံပိုင်ခွင့်မှလည်းကောင်း ရပ်စဲသည်အထိ အရေးယူခြင်း ခံရမည်။ညွှန်/၅၈

၁၇၂။ သံဃဝိနိစ္ဆယအဖွဲ့သည် စောဒက / စုဒိတကနှင့် ယင်းတို့ တင်ပြသော နှစ်ဘက် သက်သေများကို စုံလင်စွာ ကြားနာစစ်ဆေး ပြီးနောက် စောဒက၏ နောက်ဆုံးစောဒနာလွှာ (၂)စောင်ကို ၅-ရက် အတွင်း တင်သွင်းစေ၍ မိတ္တူ (၁)စောင်ကို စုဒိတကအား ပေးရမည်၊ စုဒိတက၏ သောဓနာလွှာ (၂)စောင်ကို နောက်ဆုံးစောဒနာလွှာရသည့် နေ့မှစ၍ ၅-ရက်အတွင်း တင်သွင်းစေ၍ မိတ္တူ(၁)စောင်ကို စောဒကအား ပေးရမည်။ ဝိ/၄၂ (ခ)

## သံဃဝိနိစ္ဆယအဖွဲ့နှင့် ဆက်သွယ်ဆောင်ရွက်ခြင်း

၁၇၃။ သက်ဆိုင်ရာ သံဃနာယက ဆရာတော်များသည် အမှုတွဲ လွှဲပြောင်းအပ်နှံပြီးနောက် ဝိနိစ္ဆယဆုံးဖြတ်ချက် မချမှတ်နိုင်မီကာလ အတွင်း မိမိဘာသာစည်းပေးလိုက်သော သံဃဝိနိစ္ဆယအဖွဲ့ဝင် ဆရာတော် များနှင့် တွေ့ဆုံပြီး အမှုနှင့်ပတ်သက်၍ ဆွေးနွေးခြင်း၊ ညွှန်ကြားခြင်း၊ တရားခွင့်ဆို ကြွရောက်ခြင်း မပြုရ။

၁၇၄။ သံဃဝိနိစ္ဆယအဖွဲ့သည် ဝိနည်းဥပမာကံ အဓိကရဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ အရ သံဃနာယက အဖွဲ့နှင့် ဆက်သွယ်ဆောင်ရွက်ရန် ကိစ္စမျ ားကို စာဖြင့် ရေးသားတင်ပြ ဆက်သွယ်ရမည်။

၁၇၅။ သံဃဝိနိစ္ဆယအဖွဲ့သည် ဝိနည်းဓိုရ်ဆရာတော်များ အပြောင်း အမျိုးမျိုးကြောင့် လစ်လပ်လျှောနည်းသွားသောအခါ အရန်ဝိနည်းဓိုရ် ဖြင့် ဖြည့်စွက်စစ်ဆေးရမည်၊ ယင်းသို့ ဖြည့်စွက် ဆောင်ရွက်ကြောင်းကို သက်ဆိုင်ရာ သံဃနာယကအဖွဲ့သို့ အကြောင်းကြား လျှောက်တားရမည်။ ဝိ/၃၀(ခ)

၁၇၆။ အရုန်ဝိနည်းဓိုရ်ဖြင့် အစားထိုး ဆောင်ရွက်ရန် မလုံလောက်ပါက အခြေခံနေကို သက်ဆိုင်ရာသံဃနာယကအဖွဲ့သို့ လျှောက်ထားရမည်၊ သက်ဆိုင်ရာသံဃနာယကအဖွဲ့သည် အမှတ်ဧဉ်ကျ,ရာ ဝိနည်းဓိုရ်မျှားဖြင့် အစားထိုး ဖွဲ့စည်းပေးရမည်။ ဝိ/၃၀(ဂ)(ဃ)

၁၇၇။ ယင်းသို့ အစားထိုး ဖွဲ့စည်းသော သံဃဝိနိစ္ဆယအဖွဲ့၏ အဖွဲ့အမှတ်ကို မူလဝိနိစ္ဆယအဖွဲ့၏ အမှတ်အတိုင်း သတ်မှတ်ပေးရမည်။

၁၇၈။ သံဃဝိနိစ္ဆယ အဖွဲ့သည် ဝိနည်းဓမ္မကံ လုပ်ထုံးလုပ်နည်းမကျွမ်းကျင်၍ မေးမြန်းလိုသော်လည်းကောင်း၊လိုအပ်သော အထောက်အပံ့ အကူအညီရယူလိုသော်လည်းကောင်း သက်ဆိုင်ရာ သံဃနာယကအဖွဲ့သို့ စာဖြင့်သာ ဆက်သွယ်ဆောင်ရွက်ရမည်။

## ယေဘုယျအမှုစစ်ဆေးခြင်း

၁၇၉။ သံဃဝိနိစ္ဆယအဖွဲ့ အနုဝိဇ္ဇက ဆရာတော်သည် စောဒကနှင့် စောဒကပြု သက်သေ၊ စုဒိတကနှင့် စုဒိတကပြုသက်သေများကို အစဉ်အတိုင်း စစ်ဆေးရမည်။ ဝိ/၃၅(ခ)

၁၈၀။ သံဃဝိနိစ္ဆယအဖွဲ့၌ အမှုနှင့်စပ်ဆိုင်သော ထွက်ဆိုချက်များကို အပြည့်အစုံ ရေးမှတ်ရမည်။ အစစ်ခံထွက်ဆိုချက် မှတ်တမ်းရေးသူ လိုက်လံရေးမှတ်နိုင်စေရန်အတွက် ဖြည်းဖြည်းမှန်မှန် စစ်ဆေးရမည်။ မှတ်တမ်းတင်ရာတွင် သဘာဝတိမေး၊ စောဒကမေး၊ စုဒိတကမေး စသည်ဖြင့် ခွဲခြား မှတ်ဟတ်းတင်ရမည်။

၁၈၁။ ထွက်ဆိုချက်မှတ်တမ်းရေးသူ (လက်နှိပ်စက်ရိုက်သူ) သည် ထွက်ဆိုချက်ကိုမိမိအောင် ရေးမှတ်နိုင်ခြင်း မရှိပါက အသံဖမ်းကြိုးခွေ(ကက်ဆက်ခွေ)ကို အသုံးပြု၍ မှတ်တမ်းပြုစုခွင့်ရှိသည်။

၁၈၂။ စောဒကသည် စုဒိတကကိုလည်းကောင်း၊နှစ်ဘက်သက်သေနှင့် ရုံးခန်း သက်သေကိုသော်လည်းကောင်း သဘာဝကျသော်မှ တစ်ဆင့် မေးမြန်းခွင့်ရှိသည်။ ဝိ/၃၅( )

၁၈၃။ စုဒိတကသည် စောဒကကိုလည်းကောင်း နှစ်ဘက်သက်သေနှင့် ရုံးခေါ် သက်သေကိုလည်းကောင်း သဘာဝတိ ဆရာတော်မှတစ်ဆင့် မေးမြန်းခွင့်ရှိသည်။ ဝိ/၃၅(ဂ)

၁၈၄။ သံဃဝိနိစ္ဆယအဖွဲ့သည် အမှုနှင့်စပ်ဆိုင်ရာကိသာ အစီအစဉ် စနစ်တကျ ထွက်ဆိုတတ်သော စောဒက၊ စုဒိတကနှင့် သက်သေများကို သဘာပတိ၏ ခွင့်ပြုချက်ဖြင့် လွတ်လပ်စွာ ထွက်ဆိုစေ၍ မှတ်တမ်း ရေးသူအား ရေးမှတ်စေရမည်။

၁၈၅။ စောဒက၊ စုဒိတကတို့သည် မိမိတို့၏ စောဒနာလွှာ၊ သောဓနာ လွှာတွင် ရေးသားဖော်ပြပြီးသော အချက်ကို ထင်မံတင်ပြထွက်ဆိုရန် မလို၊ ဝိနည်းဝိုဏ် ဆရာတော်များ၏ မေးမြန်းချက်နှင့် စောဒက/ စုဒိတက၏ မေးမြန်းချက်ကိုသာ မေးမြန်းချက်နှင့် လိုက်လျောညီသော စပ်ဆိုင်သော အချက်များကိုသာ ထွက်ဆိုရမည်။

၁၈၆။ သံဃဝိနိစ္ဆယအဖွဲ့သည် စောဒက/စုဒိတကနှင့် နှစ်ဘက် သက်သေများကို စစ်ဆေးပြီးတိုင်း ၎င်းတို့ထွက်ဆို အစစ်ခံချက်များကို ပြန်လည်ဖတ်ကြားပြပြီး မှန်ကန်ပါက စစ်ချက် စာရွက်တိုင်းတွင် လက်မှတ်ရေးထိုးစေရမည်။

၁၈၇။ အစစ်ခံထွက်ဆိုသူသည် အမှုနှင့်မစပ်ဆိုင်သော အဆောက်အကူ မပြုသော အကြောင်းအရာများကို ထွက်ဆိုနေပါက အမှုနှင့်စပ်ဆိုင်သည် ကိုသာ ထွက်ဆိုရန်နှင့် မဆိုင်သည်ကို မထွက်ဆိုရန်သဘာပတိဆရာတော်က ဟားမြစ်ရမည်။

၁၈၈။ စောဒက၊ စုဒိတကတို့သည် မိမိတို့၏ မူလ စောဒနာလွှာ၊ သောဓနာလွှာတွင် မပါဝင်သော အခြားဖမ်းရေးကြီးသည့် အမှုနှင့် သက်ဆိုင်သော တင်ပြချက်ကျန်ရှိနေပါက သဘာပတိ၏ ခွင့်ပြုချက်ကို ယူ၍ ထပ်မံဖြည့်စွက် ထွက်ဆိုနိုင်သည်။

၁၈၉။ စောဒကအမျှား/စုဒိတကအမျှားဖြစ်ပါက ဦးဆောင်စောဒက/ စုဒိတကတစ်ဦးကသာ မေးမြန်းခွင့်ရှိသည်တို့ကို မေးမြန်းနိုင်သည်။

၁၉၀။ စောဒကသက်သေ/စုဒိတက သက်သေများ၏ လုတ်လပ်စွာ ထွက်ဆို ပြီးဆုံးသောအခါ ထပ်မံမေးမြန်းရန် လိုအပ်ပါက ဝိနည်းဝိုဏ် ဆရာတော်များက စစ်ဆေး မေးမြန်းရမည်။ ဝိနည်းဝိုဏ်ဆရာတော်များ မေးပြီးနောက် စောဒက, စုဒိတကတို့က ဆက်လက် မေးမြန်းနိုင်သည်။

၁၉၁။ သံဃဝိနိစ္ဆယအဖွဲ့သည် စောဒက/ စုဒိတကနှင့် ယင်းတို့ တင်ပြသော နှစ်ဘက် သက်သေများကို စုံလင်စွာ ကြားနာစစ်ဆေး ပြီးနောက် မူလသက်သေကိုသော်လည်းကောင်း၊ စစ်ဆေးရာမှ ထွက်ပေါ် လာသော်အမှုနှင့် သက်ဆိုင်သည်ဟု ယူဆထိုက်သော အခြားသက်သေ ကိုသော်လည်းကောင်း ခေါ်ယူစစ်ဆေးနိုင်သည်။ ဝိ/၄၂(က)

၁၉၂။ စောဒက/ စုဒိတကသည် စာရွက်စာတမ်း သက်သေခံ တင်ပြီးသော အချက်များကို နှုတ်သက်သေခံ တင်ပြထွက်ဆိုခြင်း မပြုရ၊ စာချုပ်စာတမ်း စစ်မှန်ခြင်း ရှိ–မရှိ စာချုပ်စာတမ်းပါ လက်မှတ် မှန်ကန်ခြင်း ရှိ–မရှိကိုမူ နှုတ်သက်သေ တင်ပြထွက်ဆိုနိုင်သည်။

၁၉၃။ စောဒက/စုဒိတက/သက်သေတို့သည် အမှုနှင့် စပ်ဆိုင်သော အကြောင်းအရာကို အစီအစဉ် စနစ်တကျ မထွက်ဆိုတတ်ကြောင်း တွေ့ရှိပါက အဖြစ်အပျက်များ အစီအစဉ်တကျ ထွက်ပေါ်လာစေရန် သဘာပတိဆရာတော်က ကျမ်းကျင်လိမ္မာစွာ မေးမြန်းစစ်ဆေးရမည်။

၁၉၄။ စောဒက/စုဒိတက/သက်သေတို့သည် အပြည့်အစုံ အသင့် ရေးသားယူဆောင်လာသော ထွက်ဆိုချက်ကို ဖတ်ကြားထွက်ဆိုခွင့် မရှိ၊ သို့ရာတွင် အတိုကောက် အမှတ်အသားများ၊ နေ့စဉ် မှတ်တမ်းများ၊ သက်သေခံ စာရွက်စာတမ်းများကို ကြည့်ရှု ကိုးကား၍ အစစ်ခံ ထွက်ဆိုခွင့် ရှိသည်။

၁၉၅။ သဘာဝပတိ ဆရာတော်သည် အမှုမှန် ပေါ်ထွက်ရေးအတွက် မေးသင့် မေးထိုက်သည့် အချက်များကို ကြိုတင် လေ့လာထားပြီး ဟာကွက်၊ ခပျာကွက်များ မရှိအောင် မေးမြန်းစစ်ဆေးရမည်။

၁၉၆။ စစ်ဆေးမေးမြန်းသူသည် အစစ်ဆေးခံရသူ၏ ဂုဏ်သိက္ခာကို ထိပါးစေလိုသောအားဖြင့် အမှုအတွက် အထောက်အကူ မပြုသော မေးခွန်းမျိုးကို မေးစစ်ခြင်း မပြုရ။ (ညွှန်-၄၄)

၁၉၇။ စောဒကပြုသက်သေ စုဒိတဂပြုသက်သေကိုကို တရားခွင်တွင် စစ်ဆေးရာ၌ တစ်ဦးချင်းကိုသာ စစ်ဆေးရမည်။ သက်သေစာရင်းပါ ပုဂ္ဂိုလ်များကို ယင်းတို့အား မစစ်ဆေးမီ တရားခွင်၌ နားထောင်ခွင့် မပြုရန်နှင့် စစ်ဆေးပြီးသောသက်သေကို မစစ်ဆေးရသေးသော သက်သေ များနှင့် တွေ့ဆုံစကားပြောခွင့် မပြုဘဲ သီးခြားခွဲထားရမည်။

၁၉၈။ ပထမပါရာဇိက အနုဝါဒါဓိကရဏ်း မှုခင်းတွင် စောဒက၊ စုဒိတကနှင့် ယင်းတို့၏ သက်သေများကို စစ်မေးရာ၌ စောဒက၊ စုဒိတက နှင့် တာဝန်ရှိသူ ရုံးဝန်ထမ်းများမှတစ်ပါး အခြားပုဂ္ဂိုလ်များကို လေ့လာ နားထောင်ခွင့် အသံဖမ်းယူခွင့် မပြုရ။

---

# အခန်း(၆)

## မြို့နယ်သံယဝိနိစ္ဆယအဖွဲ့က ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်း စစ်ဆေးကြားနာရန် နည်းလမ်းများ

၁၉၉။ သံယဝိနိစ္ဆယအဖွဲ့ သဘာပတိ ဆရာတော်သည် အမှုစတင် စစ်ဆေးခြင်း မပြုမီ ရဟန်း, သာမဏေ, စောဒက, စုဒိတကနှင့် သက်သေ ဖြစ်ပါက မိမိသိလက်ခံ ဆင်ခြင်စေပြီးမှ လူစောဒက, စုဒိတကသက်သေ ဖြစ်ပါက မုသာဝါဒ ဝိရတိသိက္ခာပုဒ်ကို ဆောက်တည်စေပြီးမှ စစ်ဆေး ရမည်။ အခြားဘာသာဝင် ဖြစ်အုံ့၊ မိမိတို့၏ ဘာသာအရ မှန်ကုန်ကို ထွက်ဆို ပါမည်ဟူသော ကတိဝန်ခံချက်ကို ပေးစေ၍ စစ်ဆေးနိုင်သည်။ ဝိ/၃၆(ခ)

၂၀၀။ စစ်ဆေးကြားနာရန် ချိန်းဆိုသောနေ့တွင် သံယဝိနိစ္ဆယအဖွဲ့ စုံညီစွာ ရောက်ရှိသည့်အခါ စောဒကကို ရှေးဦးစွာ စစ်ဆေးရမည်၊ ထိုနောက် စောဒက၏ သက်သေများကို စစ်ဆေးရမည်၊ အချိန်ရှိလျှင် စုဒိတကကိုစစ်ဆေး၍ စုဒိတက၏ သက်သေများကို ဆက်လက်စစ်ဆေး ရမည်။ ဝိ/၃၅(ခ)

၂၀၁။ နှစ်ဘက်သက်သေများကို စစ်ဆေးပြီးနောက် သံယဝိနိစ္ဆယ အဖွဲ့က ပြန်ခေါ်၍ ထပ်မံစစ်ဆေးလိုသော၊ သို့မဟုတ် ရုံးခေါ်သက်သေ အဖြစ် စစ်ဆေးလိုသော သက်သေများရှိပါက စစ်ဆေးနိုင်သည်၊ မရှိလျှင် စစ်ဆေးရန် မလို၊ စစ်ဆေးရန် ရှိပါက ရက်ချိန်းပေးခြင်း၊ သို့မဟုတ် ဆင့်ခေါ်ခြင်း ပြုလုပ်ရမည်။

၂၀၂။ ပြန်ခေါ်သက်သေ ရုံးခေါ်သက်သေကို ချိန်းဆိုသည့် နေ့၌ စစ်ဆေးရန် ဖြစ်သည်၊ ထို့နောက် စောဒကနှင့် စုဒိတကတို့အား နောက် ဆုံ.တင်ဆွင်းလွှာများ တင်ဆွင်းကြရန် ရက်ချိန်းပေးရမည်။

၂၀၃။ နောက်ဆုံး တင်သွင်းချက်များ ပြည့်စုံပါက ဆုံးဖြတ်ချက် ချမှတ်ရန် ရက်ချိန်းပေးရမည်။

၂၀၄။ ဆုံးဖြတ်ချက်ချရန် ရက်ချိန်းပေးသောရက်တွင် ဆုံးဖြတ်ချက် မချနိုင်ပါက ထပ်မံရက်ချိန်းပေး၍ ဆင့်ခေါ်စာကိုပါ ထုတ်ပေးလိုက် ရမည်။

၂၀၅။ သံယောဇဉ်ဆယ်ဘဏ္ဍာသည် ပထမချိန်းဆိုရက်တွင် ဆုံးဖြတ်ချက် မချနိုင်ပါက ဒုတိယအကြိမ် ချိန်းဆိုရက်တွင် ဆုံးဖြတ်ချက်ချနိုင်အောင် ဆောင်ရွက်ရမည်။

၂၀၆။ စောဒက / စုဒိတကသည် ဆုံးဖြတ်ချက်ချမှတ်သည့် ရက်တွင် သံယောဇဉ်ဆယ်ရုံးသို့ လာရောက်ရမည်။

၂၀၇။ သံယောဇဉ်ဆယ်အဖွဲ့သည် ဆင့်ခေါ်စာပေးပြီးပါက စောဒက/ စုဒိတက စုံညီလာရောက်သည်ဖြစ်စေ၊ မလာရောက်သည်ဖြစ်စေ ဝိနိစ္ဆယ စီမံဆုံးဖြတ်ချက်ချမှတ်ရမည်။ စောဒက/စုဒိတက မလာရောက်ပါက ပုံစံ(၇)ကိုသာ ဖတ်ကြားကြေငြာ၍ လာရောက်ပါက ဆုံးဖြတ်ချက် အပြည့်အစုံကို ဖတ်ကြားကြေငြာရမည်။

၂၀၈။ မူလမူခင်းခ္ခ ခြင်းပယ်ခြင်းမရှိဘဲသာ စောဒက၊ စုဒိတကများနှင့် နှစ်ဘက်သက်သေများကို ခေါ်ယူစစ်ဆေးခြင်းမပြုဘဲ ဝိနိစ္ဆယဆုံးဖြတ် ချက်ချမှတ်ခြင်း မပြုရ။

၂၀၉။ သံယောဇဉ်ဆယ် ဆုံးဖြတ်ချက်ချပြီးနောက် မည်သည့် ဝိနိစ္ဆယ စီရင်ချက်ကိုမျှ ပယ်ဖျက်ခြင်း၊ နုတ်ပယ်ခြင်း၊ ဖြည့်စွက်ခြင်း၊ ပြင်ဆင် ခြင်း၊ ပြောင်းလဲခြင်း အဓိပ္ပါယ်ဖွင့်ဆိုခြင်း မပြုရ။ ဝ/၄၂(ဃ)

၂၁၀။ သံဃဝိနိစ္ဆယ အဖွဲ့သည် ဆုံးဖြတ်ချက်ချပြီးချိန်တွင် လာရောက်သည့် စောဒက၊ စုဒိတကတို့အား အယူခံ/မခံ အစဉ်အဘိုင်း မေးမြန်း၍ ယင်းတို့ ဖြေကြားသည့်အတိုင်း မှတ်တမ်းတင် ရေးသားပြီး စောဒက၊ စုဒိတကတို့အား လက်မှတ်ရေးထိုးစေ၍ နေ့စဉ်မှတ်တမ်းဌ်လည်း ရေးသွင်းလက်မှတ် ရေးထိုးထားရမည်။

၂၁၁။ ဆုံးဖြတ်ချက်ချမှတ်သည့်နေ့တွင် မလာရောက်သော စောဒက၊ စုဒိတကသည် ဆုံးဖြတ်ချက်ချမှတ်သည့်နေ့မှ ၁၅-ရက်အတွင်း သက်ဆိုင်ရာ သံဃနာယကအဖွဲ့သို့ လာရောက်၍ ဆုံးဖြတ်ချက် ပုံစံ(၇)ကို ထုတ်ယူရမည်။

၂၁၂။ ဆုံးဖြတ်ချက်ပုံစံ(၇)ကို သတ်မှတ်ရက်အတွင်း ရရှိအောင် ဆောင်ရွက်ရန်မှာ သက်ဆိုင်ရာ စောဒက၊ စုဒိတက၏ တာဝန်သာ ဖြစ်သည်။

၂၁၃။ သံဃဝိနိစ္ဆယအဖွဲ့ သဘာပတိ ဆရာတော်သည် အယူခံဝင်ရောက်မည့် စောဒက၊ စုဒိတကအား ဆုံးဖြတ်ချက်ချသည့်နေ့အပါအဝင် သတ်မှတ်ရက်အတွင်း (ပြည်နယ်/တိုင်း ၎င်း–၃၀၊ နိုင်ငံတော် ၄၅-ရက်) အယူခံဝင်ရောက်ရမည်ဟု ရှင်းလင်းပြောကြားရမည်။

၂၁၄။ သံဃဝိနိစ္ဆယအဖွဲ့သည် မိမိစစ်ဆေးစီရင်ဆုံးဖြတ်ခဲ့သည့် ဝိနည်းမမှန်အဓိကရုဏ်း မှုခင်းဆိုင်ရာအမှုတွဲကို စာရင်းတိုင်း၏ နောက်ကျောဘက်ဌ် သံဃဝိနိစ္ဆယအဖွဲ့ရုံးတံဆိပ် ဖိုက်နှိပ်၍ ယင်းတံဆိပ်အတွင်းဌ် စာမျက်နှာနံပါတ်တပ်လျက် [illegible]ဖြင့် ဖိုင်တွဲ[illegible]လုပ်ပြီးလျှင် သက်ဆိုင်ရာ မြို့နယ်[illegible]ကအဖွဲ့သို့ ဆုံးဖြတ်ချက်ချသည့် နေ့မှ ၅-ရက်အတွင်း စနစ်တကျ လက်ရောက်ပေးအပ်ရမည်။ ဝ/၃၅(က)

၂၁၅။ ဆုံးဖြတ်ချက်ကို မကျေနပ်၍ အယူခံဝင်ရောက်လိုသော စောဒက၊ စုဒီတကသည် ဆုံးဖြတ်ချက်အကျယ်ကို မိတ္တူကူးယူလိုပါက သက်ဆိုင်ရာ မြို့နယ်သံဃနာယကအဖွဲ့၌ အယူခံ သံဃဝိနိစ္ဆယအဖွဲ့ အတွက်သာ အသုံးပြုပါမည်ဟူသော ဝန်ခံချက်ဖြင့် မိတ္တူကူးယူခွင့် လျှောက်ထားရမည်။

၂၁၆။ မြို့နယ်သံဃနာယအဖွဲ့သည် လျှောက်ထားသည့်အတိုင်း မိတ္တူကူးပေးရန် သက်ဆိုင်ရာ သာသနာရေးမှူးဒေါ်း သုံးရက်အတွင်း ၀ေတင် မိတ္တူကူးပေးရန် အကြောင်းကြားရမည်။ ဝိ/၄၅(ခ/၂)

၂၁၇။ ဆုံးဖြတ်ချက်အကျယ် မိတ္တူမှန်တွင် မြို့နယ်သံဃနာယကအဖွဲ့က မိတ္တူမှန်ပြစ်ကြောင်း လက်မှတ်ရေးထိုး၍ အဖွဲ့တံဆိပ်နှိပ်ပေးရမည်။
ဝိ/၄၅(ခ/၂)

# အခန်း(၇)

## အယူခံစောဒနာဝင်ခြင်း

၂၁၈။ မူလစစ်ဆေးသော မြို့နယ်သံယောဇဝိနိစ္ဆယအဖွဲ့၏ ဆုံးဖြတ်ချက်ကို မကျေနပ်သော စောဒက/စုဒိဋ္ဌကသည် ဝိနည်းတရားတော်နှင့်သော် လည်းကောင်း၊ဝိနည်းမေ့ကံ လုပ်ထုံးလုပ်နည်းများနှင့်သော်လည်းကောင်း မညီညွတ်သောအချက်များကို ခိုင်လုံစွာ အကြောင်းပြရေးသားလျက် သတ်မှတ်ထားသော နောက်ဆက်တွဲ ပုံစံ(၉)ဖြင့် သက်ဆိုင်ရာ ပြည်နယ်/တိုင်း သံယနာယကအဖွဲ့သို့ ဆုံးဖြတ်ချက်ချသည့်နေ့မှ ရက်ပေါင်း(၃၀) အတွင်း အယူခံစောဒနာဝင်လွှာ(၂)စောင် တင်သွင်းနိုင်သည်။ဝိ/၄၆(က)

၂၁၉။ အယူခံစောဒနာဝင်လွှာ တင်သွင်းရာတွင် မူလစစ်ဆေးသော မြို့နယ် သံယောဇဝိနိစ္ဆယအဖွဲ့၏ ဆုံးဖြတ်ချက်ပုံစံ(၇) မိတ္တူမှန်တစ်စောင်ကို အယူခံစောနာဝင်လွှာ(၂)စောင်နှင့်အတူ ပူးတွဲတင်သွင်းရမည်။ ဝိ/၄၆(က)

၂၂၀။ အယူခံစောဒကသည် မိမိအယူခံ တင်သွင်းသည့် အကြောင်းကို မြို့နယ် သံယနာယကအဖွဲ့သို့ စာဖြင့် အသိပေး လျှောက်ထားရမည်။ ဝိ/၄၆(က)

၂၂၁။ အယူခံစောဒနာ မဝင်ပါက၊ သို့မဟုတ် အယူခံရက် ကုန်ဆုံးပါက မြို့နယ်သံယနာယကအဖွဲ့သည် အမှုတွဲကို နိုင်ငံတော် သံယမဟာနာယက အဖွဲ့သို့ အကျိုးအကြောင်း ဖော်ပြကာ တိုက်ရိုက်ပေးပို့ရမည်၊ သက်ဆိုင်ရာ ပြည်နယ်/တိုင်း သံယနာယကအဖွဲ့၊ ပြည်နယ်/တိုင်း သာသနာရေးမှူးတို့အား အမှုတွဲပေးပို့သည့်စာ မိတ္တူပေးရမည်။

၂၂၂။ အယူခံစောဒနာဝင်လွှာ၌ သံဃဝိနိစ္ဆယအဖွဲ့ဝင် ဝိနည်းဓိုရ်ကစ်ပါးပါးကိုဖြစ်စေ၊ သံဃဝိနိစ္ဆယတစ်ဖွဲ့လုံးကိုဖြစ်စေ အကြောသဝတ္ထုတို့ဖြင့် ဆဲရေးခြင်း၊ ရင့်သီးစွာ ထိပါးပုတ်ခတ်ခြင်း၊ ကဲ့ရဲ့ရှုတ်ချခြင်း အာပတ်သို့ တင်၍ဖြစ်စေ၊ ဝတ္ထုကိုပြ၍ဖြစ်စေ စွပ်စွဲခြင်းတို့ကို ဖော်ပြခြင်း မပြုရ။
ဝိ/၄၆(၁)

၂၂၃။ ပြည်နယ်/တိုင်း သံဃနာယကအဖွဲ့သည် အယူခံစောဒနာဝင်လွှာကို စိစစ်၍ သတ်မှတ်သည့် ပုံစံ(၁၀)ဖြင့် ဝိနည်းဓမ္မကံအဓိကရုဏ်းမှခင်း အယူခံ စောဒနာဝင်ဆိုင်ရာ မှတ်ပုံတင်စာရင်း၌ ရေးသွင်းမှတ်ပုံတင်ရမည်။
ဝိ/၄၈(က)

၂၂၄။ အယူခံစောဒနာဝင်လွှာ၌ ဝိနည်းဓမ္မကံ လုပ်ထုံးလုပ်နည်း-၄၆(၁)အရ တားမြစ်သောအချက်များ ပါရှိနေကြောင်း စိစစ်တွေ့ရှိရလျှင် အယူခံစောဒနာဝင်လွှာ ရရှိသည့်နေ့မှ ၁၅-ရက်အတွင်း ယင်းအယူခံစောဒနာဝင်လွှာကို အကြောင်းပြခိုင်လုံစွာဖြင့် ပလပ်ပယ်ချရမည်။
ဝိ/၄၈(၁)

၂၂၅။ ပြည်နယ်/တိုင်း သံဃနာယကအဖွဲ့သည် အယူခံစောဒနာဝင်လွှာကို ပလပ်ပယ်ချကြောင်း ဆုံးဖြတ်ချက်ကို ဆုံးဖြတ်သည့်နေ့မှ ၃-ရက်အတွင်း နိုင်ငံတော် သံဃမဟာနာယကအဖွဲ့သို့ အစီရင်ခံစာ တင်ပြ၍ မိတ္တူကို သက်ဆိုင်ရာ အယူခံစောဒနာဝင်သူထံ ပေးပို့ရမည်။ ဝိ/၄၈(ဂ)

၂၂၆။ အယူခံစောဒနာသည် ပလပ်ပယ်ချခြင်းကို မကျေနပ်လျှင် ပလပ်ပယ်မှု မည့်နေ့မှ ရက်ပေါင်း(၃၀)အတွင်း နိုင်ငံတော်သံဃမဟာနာယကအဖွဲ့သို့ ပလပ်ပယ်ချခံရသည့် အယူခံစောဒနာဝင်လွှာ မိတ္တူမှန်နှင့် တကွ အယူခံစောဒနာဝင်လွှာ တင်သွင်းနိုင်သည်။ ဝိ/၄၈(ဃ)

၂၂၇။ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့သည် ပြည်နယ်/တိုင်း သံဃနာယကအဖွဲ့၏ ဆုံးဖြတ်ချက်ကို ပယ်ဖျက်ခြင်း ပယ်ဖျက်ခြင်း ပြုရမည်။
ဝိ/၄၈(င)

၂၂၇။ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့သည် ပြည်နယ်/တိုင်း သံဃနာယကအဖွဲ့၏ ဆုံးဖြတ်ချက်ကို အတည်ပြုလျှင် အတည်ပြုကြောင်း ပြန်ကြားရ၍ ဆုံးဖြတ်ချက်ကို ပယ်ဖျက်လျှင် ပယ်ဖျက်ကြောင်း ပြန်ကြား သည့်အခါ အယူခံစောဒနာဝင်လွှာအမှုကို လက်ခံဆောင်ရွက်ရန်ကိုပါ ညွှန်ကြားပေးရမည်။

၂၂၈။ ပြည်နယ်/တိုင်း သံဃနာယကအဖွဲ့သည် အယူခံစောဒနာဝင် လွှာကို ဝိနည်းဓမ္မကံ လုပ်ထုံးလုပ်နည်းအပိုဒ်(၄၈)အရ ဆောင်ရွက်ဖွယ် မရှိပါက အယူခံ စောဒနာဝင်လွှာကို လက်ခံပြီး အယူခံစောဒနာဝင် လွှာ ရရှိသည့်နေ့မှ ၁၅-ရက်အတွင်း၌ လည်းကောင်း၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၏ ညွှန်ကြားချက်အရ လက်ခံရလျှင် ညွှန်ကြား စာရရှိသည့်နေ့မှ ၁၅-ရက်အတွင်း၌ လည်းကောင်း အယူခံစောဒနာဝင် လွှာ(၁)စောင်ကို ဘစ်ဘက်အမှုသည်ထံသို့ ပေးပို့၍ ၁၅-ရက်အတွင်း သောဓနာလွှာ (၂) စောင် တင်သွင်းရန် ညွှန်ကြားရမည်။ ဝိ/၄၉

၂၃၀။ သောဓနာလွှာ (၂)စောင်ကို ရရှိပါက တစ်စောင်ကို အယူခံဝင် စောဒကသို့ ပေးပို့ရမည်၊ သတ်မှတ်ရက်အတွင်း သောဓနာလွှာ မရလျှင် သောဓနာလွှာ မရကြောင်းကို ပုံစံ(၁၀)တွင် ဖော်ပြ မှတ်တမ်းတင်၍ လက်မှတ်ရေးဘိုးရမည်။

၂၃၁။ သောဓနာလွှာ တင်သွင်းရန် ခွင့်ပြုချက် ကုန်ဆုံးပြီးနောက် သောဓနာလွှာ ရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မြို့နယ်သံဃနာယက အဖွဲ့က လွှဲပြောင်းပေးထားသော အမှုတွဲကို လက်ခံရရှိသည့်နေ့မှ ၁၅-ရက်အတွင်း၌ (ပြည်နယ်/တိုင်း ဆွမ်းကွမ်းဝေယျာဝစ္စအဖွဲ့၊သို့မဟုတ် ပြည်နယ်/တိုင်း သာသနာရေးမှူးက အထူးလျှောက်ထားချက် မရှိပါလျှင်) မိမိ ပြည်နယ်/တိုင်းအတွင်း မူလဆုံးဖြတ်သည့် မြို့နယ်မှ အခြား မြို့နယ်များရှိ ရွှေးချယ်စဉ် ကျရာ ဝိနည်းဓိုရ်ဆရာတော် (၃)ပါး,(၅)ပါးနှင့်

အရန် (၂)ပါး ပါဝင်သော အယူခံစောဒနာဝင် ပြည်နယ်/တိုင်း သံယောဇဉ်ဝိနိစ္ဆယအဖွဲ့ကို သတ်မှတ်သည့် ပုံစံ (၁၁)ဖြင့် ဥက္ကဋ္ဌကိုယ်တိုင် လက်မှတ်ရေးထိုး ဖွဲ့စည်းရမည်။ ဝ/၄၉

၂၃၂။ ပြည်နယ်/တိုင်း သံယောဇဉ်ဝိနိစ္ဆယအဖွဲ့ ဖွဲ့စည်းမိန့်နှင့်အတူ အမှုတွဲကို သက်ဆိုင်ရာ မြို့နယ်သို့ ပြည်နယ်/တိုင်း သံယနာယက ဆရာတော်ကိုယ်တိုင် ကြွရောက် လွှဲပြောင်း ပေးအပ်ရမည်။ ဝ/၄၉

၂၃၃။ အမှုတွဲ လွှဲပြောင်း ပေးအပ်ရာ၌ အခြား လိုအပ်သော ပုံစံများ၊ ပြည်နယ်/တိုင်း သံယောဇဉ်ဝိနိစ္ဆယအဖွဲ့ တံဆိပ်တုံးကိုပါ တပါတည်း ပေးအပ်ရမည်။

၂၃၄။ ပြည်နယ်/တိုင်း သံယနာယကအဖွဲ့သည် မိမိအဖွဲ့ တည်ရာဌာန မြို့နယ်မှတစ်ပါး အခြားသော မြို့နယ်များသို့ သွားရောက်၍ ယင်းမြို့နယ်များမှ ဝိနည်းဓိုရ်များဖြင့် ဖွဲ့စည်းဆောင်ရွက်ပါက သက်ဆိုင်ရာ မြို့နယ် သံယနာယကအဖွဲ့အား ပြည်နယ်/တိုင်း သံယနာယကအဖွဲ့ ကိုယ်စား ဆောင်ရွက်ရန်ရှိသည်များကို ဆောင်ရွက်ပေးရန် လွှဲအပ်နိုင်သည်။

---

## အခန်း (၇)

## အယူခံစောဒနှာဝင် မှုခင်းကို စစ်ဆေးကြားနာခြင်း

၂၃၆။ အယူခံစောဒနှာဝင် ပြည်နယ်/တိုင်း သံဃဝိနိစ္ဆယအဖွဲ့သည် အမှုတွဲကို စိစစ်ရာတွင် မြို့နယ်သံဃဝိနိစ္ဆယအဖွဲ့၏ စစ်ဆေးချက်များ၊ ပြည့်စုံမှု ရှိ,မရှိ၊ စစ်ဆေးသင့်သော သက်သေများ ကျန်,မကျန် စိစစ်ရမည်။

၂၃၇။ ပြည်နယ်/တိုင်း သံဃဝိနိစ္ဆယအဖွဲ့သည် လိုအပ်ပါက ရုံးဖွင့်လှစ်သော နေ့တွင် စောဒက/စုဒိတကတို့ လာရောက်ရန် သတ်မှတ်ထားသော ပုံစံ (၅)ဖြင့် ဆင့်ခေါ်ရမည်။

၂၃၈။ ပြည်နယ်/တိုင်း သံဃဝိနိစ္ဆယအဖွဲ့ရုံး ဖွင့်လှစ်သောအခါ စောဒနှာဝင်လွှာ သောဓနှာဝင်လွှာကို ဖတ်ပြ ကြေညာရမည်၊ အယူခံသောဓနှာလွှာ မတင်သွင်းရသေးပါက ဤလက်စွဲ အပိုဒ်–၂၂၉- အရ ကန့်သတ်ချက်နှင့်အညီ သောဓနှာလွှာ တင်စေရမည်။

၂၃၉။ ပြည်နယ်/တိုင်း သံဃဝိနိစ္ဆယ အဖွဲ့သည် သက်သေများ စစ်ဆေးရန် လိုအပ်ပါက သက်ဆိုင်ရာ စောဒက၊ စုဒိတကတို့အား ဆင့်ခေါ်စာ ပုံစံ (၆)ကို ပေးပြီ ဆင့်ခေါ်စေနိုင်သည်။

၂၄၀။ မြို့နယ်သံဃဝိနိစ္ဆယအဖွဲ့၏ စစ်ဆေးချက်သည် ပြည့်စုံကြောင်း တွေ့ရှိရပါက စောဒက/စုဒိတကနှင့် ယင်းတို့၏ သက်သေများကို ခေါ်ယူ စစ်ဆေးခြင်း မပြုဘဲ သုံးသပ် ဆုံးဖြတ်ချက် ချမှတ်နိုင်သည်။ ဝ/၅၀(က)

၂၄၁။ စောဒက၊ စုဒိတကနှင့် သက်သေများကို စစ်ဆေးရန် လိုအပ်သော အယူခံမှုတွင် ဝိ–လုပ်ထုံး–၃၅-ပါ စောဒက၊ စုဒိတကတို့၏ အခွင့်အရေးများကို အမှုသည်တို့အား ရှင်းလင်း ပြောကြားရမည်။

၂၄၂။ ပြည်နယ်/တိုင်း သံယဝိနိစ္ဆယအဖွဲ့သည် မူလ မှုခင်းစစ်ဆေးသော သံယဝိနိစ္ဆယအဖွဲ့ ရှေမှောက်၌ အစစ်မခံလိုကြောင်း၊ သက်သေခံပစ္စည်း မတင်ပြလိုကြောင်း ငြင်းဆိုခဲ့သော စောဒက၊ စုဒိတက နှစ်ဘက် သက်သေများကို စစ်ဆေးခြင်း မပြုရ၊ ယင်း စောဒက၊ စုဒိတကတို့ တင်သွင်းလာသော သက်သေခံ ပစ္စည်းများကိုလည်း လက်ခံခြင်း မပြုရ။
ဝိ/၅၂ (က)

၂၄၃။ မူလမှုခင်းစစ်ဆေးသော မြို့နယ်သံယဝိနိစ္ဆယံအဖွဲ့ ရှေမှောက်၌ ထွက်ဆိုဟင်ပြချက်နှင့်ဆီလျော် စပ်ဆိုင်မှုမရှိသော ထွက်ဆိုချက်အသစ်၊ သက်သေအသစ် သက်သေခံပစ္စည်း အသစ်တို့ကို လက်ခံသုံးသပ်ဆုံးဖြတ်ခြင်း မပြုရ။
ဝိ/၅၂ (ခ)

၂၄၄။ စောဒက၊ စုဒိတကတို့၏ သက်သေစာရင်းပါ ပုဂ္ဂိုလ်များနှင့် သက်သေခံ စာချုပ်စာတမ်းတွင် ဖော်ပြထားသော သက်သေများကို မူလစစ်ဆေးသော သံယဝိနိစ္ဆယအဖွဲ့က အကြောင်းခိုင်လုံစွာ မပြမှု၍ မစစ်ဆေးဘဲ ချန်ထားခဲ့ပါလျှင် လိုအပ်သလို ခေါ်ယူစစ်ဆေးနိုင်သည်။
ဝိ/၅၂ (ဂ)

၂၄၅။ မြို့နယ်သံယဝိနိစ္ဆယအဖွဲ့၏ စီရင်ချက်သည် ဝိနည်းတရားတော်နှင့် လည်းကောင်း၊ ဝိနည်းဓမ္မကံ လုပ်ထုံးလုပ်နည်းများ၊ ဝိနိစ္ဆယလက်စွဲ တို့နှင့်လည်းကောင်း ညီညွတ်စွာ ဆောင်ရွက် ဆုံးဖြတ်ထားကြောင်း တွေ့ရှိရပါက အယူခံစောဒနာဝင်လွှာကို ပလပ်ပယ်ချ၍ မူလ မြို့နယ် သံယဝိနိစ္ဆယအဖွဲ့၏ ဆုံးဖြတ်ချက်ကို အတည်ပြုနိုင်သည်၊ သို့မဟုတ်၊ ပြင်ဆင်အမိန့်၊ ဖြည့်စွက်အမိန့်ကိုလည်း ချမှတ်နိုင်သည်။ ဝိ/၅၀ (က)

၂၄၆။ မြို့နယ်သံဃဝိနိစ္ဆယအဖွဲ့၏ စီရင်ချက်သည် ဝိနည်းတရားတော်နှင့်သော်လည်းကောင်း၊ ဝိနည်းဓမ္မကံ လုပ်ထုံးလုပ်နည်းများနှင့်သော်လည်းကောင်း၊ ဝိနိစ္ဆယလက်စွဲနှင့်သော်လည်းကောင်း မည်ညွှတ်ကြောင်းတွေ့ရှိပါက အယူခံစောဒက၊ စုဒီတကနှင့် သက်ဆိုင်ရာ သက်သေများကို မခေါ်ယူဘဲ သော်လည်းကောင်း၊ လိုအပ်ပါက ခေါ်ယူ၍သော်လည်းကောင်း စစ်ဆေးဆုံးဖြတ်နိုင်သည်။ ဝ/၅၀ (ခ)

၂၄၇။ ပြည်နယ်/တိုင်း သံဃဝိနိစ္ဆယအဖွဲ့သည် ဆုံးဖြတ်ချက်ချမှတ်သည့် နေ့တွင် မိမိတို့အဖွဲ့ စုံညီစွာရောက်ရှိပြီး ကိုယ်တိုင်လက်မှတ်ရေးထိုးဆုံးဖြတ်ချက် ချမှတ်ကြောင်းကိုလည်းကောင်း၊ အယူခံစောဒက၊ စုဒီတကနှင့် တာဝန်ရှိသူများ တက်ရောက်ခြင်း ရှိ–မရှိကိုလည်းကောင်း မှုခင်းမှတ်တမ်းတွင် ရေးမှတ်ရမည်။

၂၄၈။ ပြည်နယ်/တိုင်း သံဃဝိနိစ္ဆယအဖွဲ့သည် ဆုံးဖြတ်ချက်ချပြီးသောအခါ နိုင်ငံတော်သို့ အယူခံလိုခြင်း ရှိ–မရှိ မေးမြန်း၍ အယူခံဝင်လိုပါက ဆုံးဖြတ်ချက်ချသည့်နေ့မှ ၄၅-ရက်အတွင်း နိုင်ငံတော်သို့ အယူခံဝင်ရန် ပြောကြားပြီး မှတ်တမ်းတင်ရမည်၊ အယူခံစောဒက၊ စုဒီတကနှင့် သဘာပတိဆရာတော်တို့က လက်မှတ်ရေးထိုးရမည်။

၂၄၈။ ပြည်နယ်/တိုင်း သံဃဝိနိစ္ဆယအဖွဲ့သည် ဆုံးဖြတ်ချက်ချပြီးသောအခါ နိုင်ငံတော်သို့ အယူခံလိုခြင်း ရှိ–မရှိ မေးမြန်း၍ အယူခံဝင်လိုပါက ဆုံးဖြတ်ချက်ချသည့်နေ့မှ ၄၅-ရက်အတွင်း နိုင်ငံတော်သို့ အယူခံဝင်ရန် ပြောကြားပြီး မှတ်တမ်းတင်ရမည်၊ အယူခံစောဒက၊ စုဒီတကနှင့် သဘာပတိဆရာတော်တို့က လက်မှတ်ရေးထိုးရမည်။

၂၄၉။ ပြည်နယ်/တိုင်း သံဃဝိနိစ္ဆယအဖွဲ့သည် ဆုံးဖြတ်ချက်ချပြီးနောက် ဆုံးဖြတ်ချက် ပုံစံ(၇)ကို အယူခံစောဒက၊ စုဒီတကတို့အားပေးရမည်။

၂၅၀။ ပြည်နယ် / တိုင်း သံဃဝိနိစ္ဆယအဖွဲ့သည် မိမိစစ်ဆေးစီရင်ဆုံးဖြတ်ခဲ့သည့် အမှုတွဲပါစာရွက်တိုင်း၏နောက်ကျောဘက်၌ သံဃဝိနိစ္ဆယအဖွဲ့ တံဆိပ်ရိုက်နှိပ်၍ ယင်းတံဆိပ်ဝိုင်းအတွင်း၌ စာမျက်နှာ နံပါတ်တပ်ပြီးလျှင် သက်ဆိုင်ရာ ပြည်နယ်/တိုင်း သံဃနာယကအဖွဲ့သို့ ဆုံးဖြတ်သည့် နေ့မှ ၁၀-ရက်အတွင်း စနစ်တကျ လက်ရောက်ပေးအပ်ရမည်။

## အမှုတွဲ လွှဲပြောင်းပေးပို့ခြင်း

၂၅၁။ ဆုံးဖြတ်ချက်ချသည့်နေ့တွင် စောဒက၊စုဒိတကမတက်ရောက်၍ ဆုံးဖြတ်ချက်ပုံစံ (၇) ပေးအပ်နှိုင်ခြင်း မရှိပါက ယင်းပုံစံ (၇) ကို သက်ဆိုင်ရာ သံဃနာယကအဖွဲ့သို့ လွှဲအပ်သောအမှုတွဲနှင့်အတူ ပေးအပ်ရမည်။

၂၅၂။ ဆုံးဖြတ်ချက် ချသည့်နေ့တွင် မတက်ရောက်သော စောဒက၊ စုဒိတကသည် ဆုံးဖြတ်ချက်ချသည့်နေ့မှ ၁၅-ရက်အတွင်း သက်ဆိုင်ရာ သံဃနာယကအဖွဲ့သို့ သွားရောက်၍ ဆုံးဖြတ်ချက်ပုံစံ (၇)ကို ထုတ်ယူရမည်။ ယင်းဆုံးဖြတ်ချက်ပုံစံ (၇) ရရှိသည့်နေ့မှစ၍ အယူခံရက်ကို သတ်မှတ်ရေတွက်ရမည်။

၂၅၃။ အယူခံကိစ္စ လျှောက်ထားလွှာတွင် အယူခံ စောဒက၊ စုဒိတကသည် သက်ဆိုင်ရာသံဃနာယကအဖွဲ့သို့ ကူးယူလိုသောအမှုတွဲနှင့်တကွ ဆုံးဖြတ်ချက်အကျယ်ကို အချိန်မီ ကူးယူနိုင်ရေးအတွက် လျှောက်ထားကူးယူနိုင်သည်၊ ယင်းလျှောက်လွှာတွင် အယူခံသံဃဝိနိစ္ဆယကိစ္စအတွက်သာ အသုံးပြုပါမည်ဟူသော ဝန်ခံချက်ပါရှိရမည်။

၂၅၄။ အမှုတွဲနှင့်တကွ ဆုံးဖြတ်ချက်အကျယ်မိတ္တူမှန်၌ သက်ဆိုင်ရာ သံဃနာယကအဖွဲ့ တံဆိပ်ရိုက်နှိပ်၍ လက်မှတ်ရေးထိုးပေးရမည်။

၂၅၅။ ပြည်နယ်/တိုင်း သံဃနာယကအဖွဲ့သည် အယူခံဝင်ရောက်သည်ဖြစ်စေ၊ အယူခံမဝင်ရောက်သည်ဖြစ်စေ အမှုကွဲအပြည့်အစုံကို အယူခံဝင်/မဝင်ဖော်ပြလျက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့သို့ စာရင်းဇယားနှင့်အတူ ပေးပို့ရမည်။

၂၅၆။ ပြည်နယ်/တိုင်း သံဃနာယကအဖွဲ့သည် အယူခံဝင်မည့်အမှုကိုင် စောဒက၊ စုဒိတကတို့အား စီရင်ချက်အကျယ် ကူးယူထုတ်ပေးပြီးနောက်၊ သို့မဟုတ် စီရင်ချက်ကူးရန် သတ်မှတ်ရက် ကုန်ဆုံးပြီးနောက် အမှုတွဲကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့သို့(ပြည်နယ်/တိုင်း သာသနာရေးမှူး၏ အကူအညီဖြင့်) ပေးပို့ရမည်။

## အခန်း (၉)

## နိုင်ငံတော်အဆင့် အယူခံဝင်ခြင်းနှင့် သံဃဝိနိစ္ဆယအဖွဲ့ ဖွဲ့စည်း ဆုံးဖြတ်ခြင်း

၂၅၇။ ပြည်နယ်/တိုင်း သံဃဝိနိစ္ဆယအဖွဲ့၏ ဆုံးဖြတ်ချက်ကို မကျေနပ်သော စောဒက၊ စုဒိတကသည် ပြည်နယ်/တိုင်း သံဃဝိနိစ္ဆယအဖွဲ့က ဆုံးဖြတ်ချက်ချသည့် နေ့မှစ၍ ၄၅-ရက်အတွင်း နိုင်ငံတော် သံဃမဟာနာယကအဖွဲ့သို့ အယူခံဝင်ရောက်နိုင်သည်။ ဝ/၅၁

၂၅၈။ အယူခံ စောဒနာဝင်လွှာကို သတ်မှတ်ထားသော ပုံစံ(၁၂)ဖြင့် (၂)စောင် တင်သွင်းရမည်။ စောဒနာဝင်လွှာနှင့် အတူ ပြည်နယ်/တိုင်း သံဃဝိနိစ္ဆယအဖွဲ့၏ ဆုံးဖြတ်ချက် ပုံစံ (၇) မိတ္တူမှန် (၁)စောင်ကို ပူးတွဲ တင်သွင်းရမည်။ ဝ/၅၁

၂၅၉။ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့သည် တင်သွင်းလာသော အယူခံ စောဒနာလွှာကို စိစစ်လက်ခံ၍ သတ်မှတ်သည့် နောက်ဆက်တွဲ ပုံစံ (၁၃)ဖြင့် ဝိနည်းဓမ္မကံအဓိကရုဏ်းမှုခင်း အယူခံ စောဒနာဆိုင်ရာ မှတ်ပုံတင် စာရင်း၌ ရေးသွင်း မှတ်ပုံတင်ထားရမည်။ ဝ/၅၁ (က)

၂၆၀။ အယူခံ စောဒနာဝင်လွှာ၌ ဝိနည်းဓမ္မကံ လုပ်ထုံးလုပ်နည်းများ အပိုဒ် ၄၆(ခ) (၁)တို့အရ တားမြစ်ထားသော အချက်များပါရှိကြောင်း စိစစ်တွေ့ရှိရပါက ယင်း အယူခံ စောဒနာဝင်လွှာကို အပြီးအပြတ် ပလပ် ပယ်ချရမည်။ ဝ/၅၁ (ခ)

၂၆၁။ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့က အပိုဒ် ၂၆၀-အရ အပြီး အပြတ် ပယ်ချလျှင် ပြည်နယ်/တိုင်း သံဃဝိနိစ္ဆယအဖွဲ့၏ ဆုံးဖြတ်ချက်ကို အတည်ပြုသည်ဟု မှတ်ယူရမည်။

၂၆၂။ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့သည် အယူခံ စာဒနာ ဝင်လွှာကို လက်ခံလျှင် လက်ခံသည့်နေ့မှ ၂၁-ရက်အတွင်း အယူခံ စာဒနာဝင်လွှာ (၁)စောင်ကို တစ်ဘက် စုဒိတကထံသို့ စာဒနာလွှာ လာရောက် ထုတ်ယူရန် စာဖြင့် အကြောင်းကြားရမည်။ စုဒိတကသည် စာဒနာလွှာ (၁)စောင် ရရှိပါက ၂၁-ရက်အတွင်း သောဓနာလွှာ (၂)စောင် တင်သွင်းရမည်။ ဝိ/၅၄(က)

၂၆၃။ သောဓနာလွှာ (၂)စောင်ကို ရရှိပါက (၁)စောင်ကို အယူခံ စာဒကသို့ ပေးရမည်၊ သောဓနာလွှာ မရရှိပါက သောဓနာလွှာ မရကြောင်း ဖော်ပြသည့် စာကို နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တံဆိပ်နှိပ်၍ အမှုတွဲ၌ ထည့်သွင်းရမည်။

၂၆၄။ သောဓနာလွှာ တင်သွင်းရန် ခွင့်ပြုရက် ကုန်ဆုံးပြီးနောက် သောဓနာလွှာ ရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ နိုင်ငံတော် သံဃဝိနိစ္ဆယ အဖွဲ့ကို ဖွဲ့စည်းပေးရမည်။ ဝိ/၅၄ (ခ)

၂၆၅။ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့သည် နိုင်ငံတော် အယူခံ သံဃဝိနိစ္ဆယအဖွဲ့ ကို (၁)ဖွဲ့သက် ပို၍ ဖွဲ့စည်းပါက အလှည့်ကျ အဖွဲ့ခွဲ၏ ဒုတိယ ဥက္ကဋ္ဌ၊ တွဲဖက် အ ကျိုးတော်ဆောင် ဆရာတော်(၂) ပါးတို့က အမှုတွဲကို မဲစနစ်ဖြင့် လွှဲအပ်ပေးရမည်။ ဝိ/၅၄ (ခ)

၂၆၆။ နိုင်ငံတော် အယူခံမှုခင်းသည် နိုင်ငံတော် ဝိနည်းဓိုရ်ဆရာတော် များ နေ ထိုင်ရာ အခြေခံဒေသ နေထိုင်ရာ မြို့နယ်အတွင်း၌ ဖြစ်ပွားသော် မှုခင်းဖြစ်လျှင်သော်လည်းကောင်း၊ အချင်းဖြစ်မှုခင်းတွင် ပါဝင်သော စာဒက၊ စုဒိဘကတို့သည် မိဘနှင့် သိက္ခာမ်း ခင်မင် ရင်းနှီး ဆက်စပ်မှု ရှိနေသဖြင့် မှုခင်းနှင့် ပတ်သက်၍ သံသယရှိခဲ့လျှင်သော်လည်းကောင်း အမှုတွဲကို ပြန်လည် ပေးပို့၍ အခြား သံသယကင်းရှင်းသည့် အမှုတွဲနှင့် လဲလှယ်ရမည်။ ဝိ/၅၄(ဂ)

၂၆၇။ အယူခံ နိုင်ငံတော်သံဃဝိနိစ္ဆယအဖွဲ့ကို ဖွဲ့စည်းရာတွင် မူလမူခင်း ဖြစ်ပွားရာ ဆုံးဖြတ်ရာ အခြေခံဒေသရှိ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များ မပါဝင်စေဘဲ အခြား သင့်လျော်သည့် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်(၃)ပါး, (၅)ပါးနှင့် အရန် (၂)ပါးတို့ ပါဝင်သော အယူခံ စောဒနာဝင် နိုင်ငံတော် သံဃဝိနိစ္ဆယအဖွဲ့ကို သတ်မှတ်သည့် ပုံစံ (၁၄)ဖြင့် အလှည့်ကျအဖွဲ့ခွဲ၍ ဒုတိယ ဥက္ကဋ္ဌ ဆရာတော် ကိုယ်တိုင် လက်မှတ်ရေးထိုး ဖွဲ့စည်း၍ အမှုတွဲကို ချက်ချင်း လွှဲပြောင်း ပေးအပ်ရမည်။ ဝိ/၅၄(ခ)

၂၆၈။ နိုင်ငံတော် သံဃဝိနိစ္ဆယအဖွဲ့သည် စစ်ဆေးရန် လိုအပ်နေသော စောဒက၊ စုဒိတကနှင့် သက်သေများကို ခေါ်ယူ စစ်ဆေးနိုင်ခွင့်ရှိသည်။ ဝိ/၅၅(ခ)

၂၆၉။ အယူခံ သံဃဝိနိစ္ဆယအဖွဲ့သည် ဝိနည်းဓမ္မကံ လုပ်ထုံးလုပ်နည်း အပိုဒ် (၅၂)အရ တားမြစ်ချက်များကို ဂရုပြု၍ စောဒက/စုဒိတက သက်သေများ စစ်ဆေးခြင်းကိုလည်းကောင်း၊ သက်သေခံပစ္စည်း လက်ခံခြင်းကိုလည်းကောင်း၊ သုံးသပ်ခြင်းကိုလည်းကောင်း ဆောရွက်ရမည်။

၂၇၀။ အယူခံဝင် နိုင်ငံတော် သံဃဝိနိစ္ဆယအဖွဲ့သည် ဝိနည်းတရားတော်နှင့်အညီ ဆုံးဖြတ်ချက်ချရာတွင် ဝိနည်းဓမ္မကံ အဓိကရဏမူခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ အပိုဒ် (၅၅)နှင့်လည်း ညီညွတ်စေရမည်။

၂၇၁။ အယူခံ စောဒနာဝင် နိုင်ငံတော်သံဃဝိနိစ္ဆယအဖွဲ့ နိုင်ငံတော် သီးခြား သံဃဝိနိစ္ဆယအဖွဲ့ နိုင်ငံတော်သီးခြားဝိနည်းဓိုရ်အဖွဲ့နှင့် မြို့နယ် သီးခြား သံဃဝိနိစ္ဆယအဖွဲ့တို့၏ ဆုံးဖြတ်ချက်ကို အယူခံ စောဒနာဝင်ခွင့် မရှိစေရ။ ဝိ/၅၆ (က)

၂၇၂။ မည်သည့် သံဃဝိနိစ္ဆယအဆင့်တွင်ဖြစ်စေ၊ အယူခံ မဝင်သော၊ သို့မဟုတ် အယူခံရက်ကုန်ဆုံးပြီးဖြစ်သော ဝိနိစ္ဆယဆုံးဖြတ်ချက်တို့သည် အယူခံပြီးပြတ်ပြီး ဖြစ်ကြသည်ဟု မှတ်ယူရမည်။ ဝိ/၅၆ (ခ)

၂၇၃။ သံဃဝိနိစ္ဆယအဖွဲ့အဆင့်ဆင့်က ဆုံးဖြတ်ချက် ချမှတ်ရာတွင် သက်ဆိုင်မှုအာဏာစက်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ရာ၌ လွှယ်ကူချောမောစေရန် ရှင်းလင်းပေါ်လွင်သည့် စကားလုံးအသုံးအနှုန်းများဖြင့် တိကျပြတ်သားစွာ ရေးသား ဆုံးဖြတ်ရမည်။ နိုင်သည်/သင့်သည်/ထိုက်သည်ဟူသော အသုံးအနှုန်းများဖြင့် ဆုံးဖြတ်ခြင်းမပြုရ။

၂၇၄။ သံဃဝိနိစ္ဆယအဖွဲ့ ဝိနိစ္ဆယချမှတ်ရာသို့ လာရောက်သော စောဒက၊ စုဒိတကတို့သည် (ဗုဒ္ဓေန သယံ နိသီဒိတ္ဝာ ဝိနိစ္ဆိတသဒိသော ဟောဘိ–ဝိ၊ဌ၊၄။၂၀၂)။ဝိ၊သင်္ဂဟ။၃၂၅) ဟူသော ဒေသနာတော်အရ ဝိနိစ္ဆယရုံးတော်နှင့် ဝိနည်းဓိဋ္ဌာန်ဆရာတော်များအား ရိုသေလေးစားစွာ နှားထောင်ကြရမည်၊ ဝိနိစ္ဆယဆုံးဖြတ်ချက်အပေါ် မကျေနပ်၍ ထပြန်ကွားခြင်း၊ ဝိနည်းဓိဋ္ဌာန်ဆရာတော်များအား မချေမငံ ပြောဆိုခြင်းများကို ရှောင်ကြဉ်ကြရမည်။

# အခန်း (၁၀)

## ဝိနိစ္ဆယဆုံးဖြတ်ချက်များကို ပယ်ဖျက်ခြင်း

၂၇၅။ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့သည် ဝိနိစ္ဆယ ဆုံးဖြတ်ချက်များကို ပယ်ဖျက်ရန် လိုအပ်ကြောင်း တွေ့ရှိရပါက စောဒက/စုဒိတက တို့က အသနားခံလာ ဟာင်သင်းသည်ဖြစ်စေ၊ မဟာင်သင်းသည်ဖြစ်စေ ဝိနည်းဓမ္မကံလုပ်ထုံးလုပ်နည်းများ အပိုဒ် ၅၆(ဂ)နှင့်အညီ ဆောင်ရွက်ရမည်။ ဝ/၅၆(ဂ)

၂၇၆။ လျှို့ဝှက်ဆန္ဒမဲပေးရာတွင် သိမြင်လွယ်၍ လွဲမှားမှုမရှိနိုင်သော မဲပေးပုံစံကို ပြုလုပ်ထားရမည်။

၂၇၇။ ဝိနိစ္ဆယဆုံးဖြတ်ချက်ကို ပယ်ဖျက်လျှင် ဝိနိစ္ဆယအဖွဲ့သစ်ဖြင့် စစ်ဆေးရမည်၊ သို့မဟုတ် ဆုံးဖြတ်ချက်ကို ဖြုတ်ပယ်ခြင်းများ ပြုလုပ်ဆောင်ရွက်မည့်ကိုလည်း တစ်ပါတည်း ဆုံးဖြတ်ရမည်။ ဝ/၅၆(ဂ)

၂၇၈။ ဆုံးဖြတ်ချက်ကို ဖြုတ်ပယ်ခြင်း ပြုပါက ဖြုတ်ပယ်လိုသည့် အချက်များကို ယင်းအစည်းအဝေးသို့ ဟင်၍ အတည်ပြုချက်ရယူရမည်။

၂၇၉။ နိုင်ငံတော် သံဃမဟာနာယက အဖွဲ့သည် ဝိနည်းဓမ္မကံ အဓိကရုဏ်းမူခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ အပိုဒ် ၅၇(ခ)အရ ဖွဲ့စည်းသော နိုင်ငံတော် သီးခြားဝိနည်းဓိုရ် အဖွဲ့များ၏ ဆုံးဖြတ်ချက်ကို အယူခံခွင့်ပြုခြင်း၊ ပယ်ဖျက်ခြင်း လုံးဝမပြုရ။

# အခန်း (၁၁)

## သံဃဝိနိစ္ဆယဌာနဒ္ဒ ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်းစစ်ဆေးနေစဉ် ကာလအတွင်း မှုခင်းဆိုင်ရာပစ္စည်းအရပ်ရပ်ကို ထိန်းသိမ်း စောင့်ရှောက်ခြင်း

၂၇၀။ သက်ဆိုင်ရာသံဃာနာယကအဖွဲ့သည် သံဃဝိနိစ္ဆယအဖွဲ့ ဖွဲ့စည်းဆောင်ရွက်ခြင်း မပြုရသေးမီကာလ၌ အငြင်းပွားသော သာသနိက အဆောက်အအုံနှင့် ကျောင်း၊ သို့မဟုတ် ကျောင်းတိုက်မှ ပုဂ္ဂိုလ်များကို ဖယ်ရှားရှင်း ချိပ်ပိတ်စေခြင်း၊ သို့မဟုတ် ရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို (မြို့နယ်ပြည်သူ့ကောင်စီ) မြို့နယ်အုပ်ချုပ်ရေးမှူးသို့ အပ်နှံ ထိန်းသိမ်းစေခြင်း မပြုရ။ (ညွှန်–၇၁)

၂၇၁။ စောဒက၊ သို့မဟုတ် စုဒိတကသည် အချင်းဖြစ် အဆောက်အအုံကျောင်း၊ သို့မဟုတ် ကျောင်းတိုက်၏ ပြင်ပ၌နေထိုင်၍ အမှုဆိုင်ပါက သံဃဝိနိစ္ဆယအဖွဲ့၊ ဖွဲ့စည်းဆောင်ရွက်ခြင်း မပြုရသေးမီကာလ၌ ဖြစ်စေ၊ သံဃဝိနိစ္ဆယအဖွဲ့ ဖွဲ့စည်းစစ်ဆေးနေစဉ်ကာလ၌ဖြစ်စေ အငြင်းပွား အဆောက်အအုံကျောင်း၊ သို့မဟုတ် ကျောင်းတိုက်ကို ချိပ်ပိတ်စေခြင်း မပြုရ။

၂၇၂။ စောဒက၊စုဒိတကတို့သည် အငြင်းပွားအဆောက်အအုံကျောင်း၊ သို့မဟုတ် ကျောင်းတိုက်အတွင်း၌ အတူတကွ နေထိုင်လျက် ရှိကြသော်လည်း အချင်းချင်းပဋိပက္ခဖြစ်ပွားမှုကို ရှောင်ကြဉ်၍ အေးချမ်းငြိမ်သက်စွာ နေထိုင်ကြပါမည်ဟု မြို့နယ်သံဃနာယကအဖွဲ့၊ သို့မဟုတ် သံဃ-ဝိနိစ္ဆယအဖွဲ့၏ရှေ့မှောက်၌ ဝန်ခံကတိ လက်မှတ်ရေးထိုးပါက ယင်းအဆောက်အအုံကျောင်း၊ သို့မဟုတ် ကျောင်းတိုက်ကို ချိပ်ပိတ်စေခြင်း မပြုရ။

၂၇၃။ မူလစောဒနာလွှာ၌ ဖော်ပြထားသည့် အငြင်းပွားဝတ္ထုတွင် မပါဝင်သော ကျောင်း/ကျောင်းတိုက်/အဆောက်အအုံကို ချိပ်ပိတ်စေခြင်း၊ ရွှေပြောင်းနိုင်သော ပစ္စည်းများကို ထိန်းသိမ်းခြင်း မပြုလုပ်ရ။

၂၇၄။ သံဃဝိနိစ္ဆယအဖွဲ့ဖြင့် စစ်ဆေးဆောင်ရွက်နေစဉ် ကာလအတွင်း စောဒက စုဒိတကတို့သည် အငြင်းပွား အဆောက်အအုံ/ကျောင်း၊ သို့မဟုတ် ကျောင်းတိုက်အတွင်း အတူတကွနေထိုင်လျက် ပဋိပက္ခပြင်းထန်လာ၍ သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စု(ပြည်သူ့ကောင်စီ)(မြို့နယ်ပြည်သူ့ကောင်စီ)တို့က ငြိမ်ဝပ်ပိပြားရေးကို ထိခိုက်နိုင်သည့် အခြေအနေရှိပါကြောင်း တင်ပြလာလျှင် သော်လည်းကောင်း၊ အတူနေ စောဒက၊ စုဒိတကတို့သည် ပဋိပက္ခဖြစ်ပွားမှုကို ရှောင်ရှား၍ အေးချမ်းစွာ နေထိုင်ပါမည်ဟု ဝန်ခံကတိ လက်မှတ်ရေးထိုးခြင်း မပြုလျှင် သော်လည်းကောင်း၊ အတူနေစောဒက၊ စုဒိတကတို့ အချင်းချင်း ခိုက်ရန်ဖြစ်ပွားလျှင်သော်လည်းကောင်း အငြင်းပွား အဆောက်အအုံကျောင်း၊ သို့မဟုတ် ကျောင်းတိုက်မှ ပုဂ္ဂိုလ်များ ဖယ်ရှားပေးရေး၊ ယင်းအဆောက်အအုံကျောင်း၊ သို့မဟုတ် ကျောင်းတိုက်ကို ထိန်းသိမ်း စောင့်ရှောက်ရေးအတွက် သက်ဆိုင်ရာ မြို့နယ်သံဃနာယကအဖွဲ့၊ သို့မဟုတ် ပြည်နယ်/တိုင်း သံဃနာယကအဖွဲ့သည် သက်ဆိုင်ရာ မြို့နယ် (ပြည်သူ့ကောင်စီ)(ပြည်နယ်/တိုင်းကောင်စီ)သို့ ဥပဒေ လုပ်ထုံးလုပ်နည်းများနှင့် အညီ ဆောင်ရွက်စေရန် အကြောင်းကြား မေတ္တာရပ်ခံရမည်။ ဝိ/၃၁

၂၇၅။ ယင်းအငြင်းပွား အဆောက်အအုံကျောင်း၊ သို့မဟုတ် ကျောင်းတိုက်မှ ပုဂ္ဂိုလ်များကို ဖယ်ရှားရသည့်အခါ(မြို့နယ်ပြည်သူ့ကောင်စီ)သည် အဆောက်အအုံ ကျောင်းသုံးပရိဘောဂ ပစ္စည်းစာရင်း ၊ စ်ပင်ပန်းပင်စာရင်းများကို ပြုစုရေးထိန်းသိမ်းတားမြစ်မည်၊ ယင်း စာရင်းတစ်စောင်စီကို စောဒက၊ စုဒိတကနှင့် မြို့နယ်သံဃနာယကအဖွဲ့တို့ထံ ပေးအပ်ရမည်။
ဝိ/၃၂+၃၃

၂၇၆။ ရွှေပြောင်းနိုင်သော ပစ္စည်းများနှင့် စပ်လျဉ်း၍ ဝိနည်းဓမ္မကံ လုပ်ထုံးလုပ်နည်းများ အပိုဒ်(၃၃)ပါ ပြဋ္ဌာန်းချက်အတိုင်း လိုက်နာ ဆောင်ရွက်ရန်နှင့် လက်ရှိပုဂ္ဂိုလ်က ထိန်းသိမ်းစောင့်ရှောက်ရန် ငြင်းဆန် မှုသာလျှင် ယင်းပစ္စည်းများကို (မြို့နယ်ပြည်သူ့ကောင်စီ)က ထိန်းသိမ်း စောင့်ရှောက်ရမည်။

၂၇၇။ စောဒက၊ စုဒိတကနှစ်ဘက်တို့ ပဋိပက္ခဖြစ်ပွားသဖြင့် ငြိမ်ဝပ် ပိပြားမှုကို ထိခိုက်ရန်အကြောင်းရှိ၍ အချိန်မီတားဆီးနိုင်ရန်အတွက် အဆောက်အအုံကို ချိပ်ပိတ်ခြင်း၊ ပုဂ္ဂိုလ်များအား ဖယ်ရှားခြင်း၊ ပစ္စည်း အရပ်ရပ်ကို ထိန်းသိမ်းစောင့်ရှောက်ခြင်းကို သက်ဆိုင်ရာ မြို့နယ်(ပြည်သူ့ ကောင်စီ)သည် သက်ဆိုင်ရာ သံဃနာယကအဖွဲ့၏ အကြောင်းကြားစာ ရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ဆောင်ရွက်နိုင်သည်။

၂၇၈။ အပိုဒ် ၂၇၇-အရ ဆောင်ရွက်ချက်ကို ယင်းသို့ ဆောင်ရွက် ပြီးနောက် သက်ဆိုင်ရာ သံဃနာယကအဖွဲ့သို့ မိမိ၏ဆောင်ရွက်ချက်ကို တင်ပြလျှောက်ထားရမည်။

၂၇၉။ သံဃဝိနိစ္ဆယအဖွဲ့သည် ဝိနည်းဓမ္မကံအဓိကရုဏ်းမှုခင်း စစ်ဆေး နေစဉ်ကာလအတွင်း မှုခင်းဆိုင်ရာ ပစ္စည်းအရပ်ရပ်ကို ထိန်းသိမ်း စောင့်ရှောက်ရန်အတွက် အဆုံးအဖြတ်ပေးရန် လိုအပ်ပါက ထိန်းသိမ်း စောင့်ရှောက်ရန် ကြားဖြတ် ဆုံးဖြတ်ချက် ချမှတ်နိုင်သည်။

၂၈၀။ သံဃဝိနိစ္ဆယအဖွဲ့၏ ကြားဖြတ် ဆုံးဖြတ်ချက်ကို ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်းများ ဆုံးဖြတ်ရေးဆိုင်ရာ ဥပဒေနှင့် လုပ်ထုံးလုပ်နည်း များအရ အလျင်အမြန် ဆောင်ရွက်ပေးရမည်။

## အခန်း (၁၂)

## သံဃဝိနိစ္ဆယအဖွဲ့၏ ဆုံးဖြတ်ချက်ကို လိုက်နာခြင်း

၂၉၁။ မြို့နယ်သီးခြား သံဃဝိနိစ္ဆယအဖွဲ့၏ ဆုံးဖြတ်ချက်ကို အကောင်အထည်ဖော်ခြင်းမှတစ်ပါး အခြားသော သံဃဝိနိစ္ဆယဆုံးဖြတ်ချက်များ-အကောင်အထည်ဖော်ခြင်းကို ဆောင်ရွက်ရာတွင် နိုင်ငံတော် သံဃ-မဟာနာယက အဖွဲ့၏ ညွှန်ကြားချက်ရရှိမှသာ ဆောင်ရွက်ရမည်။

၂၉၂။ မြို့နယ် သံဃနာယကအဖွဲ့သည် မြို့နယ် သီးခြားသံဃဝိနိစ္ဆယ အဖွဲ့၏ ဆုံးဖြတ်ချက်ကိုမူ ချက်ချင်းအကောင်အထည်ဖော် ဆောင်ရွက်စေရန် ဆုံးဖြတ်ချက်မူရင်းနှင့်တကွ (မြို့နယ်ပြည်သူကောင်စီ) (မြို့နယ် သာသနာရေးမှူး)သို့ အကြောင်းကြားရမည်။

၂၉၃။ မြို့နယ် သံဃနာယကအဖွဲ့သည် မြို့နယ် သီးခြားသံဃဝိနိစ္ဆယ အဖွဲ့၏ ဆုံးဖြတ်ချက်မိတ္တူကို ပြည်နယ်/တိုင်း သံဃနာယကအဖွဲ့နှင့် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့သို့ ပေးပို့၍ ဆောင်ရွက်ချက် အပြည့် အစုံကို တင်ပြအစီရင်ခံရမည်။

၂၉၄။ သတ်မှတ်ခွင့်ပြုထားသော အယူခံရက် ကုန်ဆုံးသော်လည်း အယူခံဝင်ရောက်ခြင်း မရှိသော အမှုများကို ချက်ချင်းအကောင်အထည် ဖော်ခြင်း မပြုရ၊ သက်ဆိုင်ရာ သံဃနာယကအဖွဲ့သည် အယူခံဝင်ရောက် ခြင်း မရှိကြောင်းကို ဖော်ပြလျက် အမှုတွဲနှင့်တကွ နိုင်ငံတော် သံဃ-မဟာနာယကအဖွဲ့သို့ ပေးပို့အစီရင်ခံရမည်။

၂၉၅။ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အလှည့်ကျ အဖွဲ့ခဲ့သည် အယူခံပြီးပြတ်သော အမှုများကို ဝိနည်းဓမ္မက် လုပ်ထုံးလုပ်နည်းများ အပိုဒ် ၅၆(ဂ)အရ ဆောင်ရွက်ဖွယ်ရှိ-မရှိ စိစစ်၍ အပိုဒ်-၅၆ (ဂ)အရ ဆောင်ရွက်ဖွယ်မရှိပါက ဝိနိစ္ဆယဆုံးဖြတ်ချက်ကို ဝိနည်းဓမ္မက်လုပ်ထုံးလုပ်နည်းအပိုဒ် ၅၆(ခ)အရ အတည်ပြုဆုံးဖြတ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်ရန် ပြည်နယ်/တိုင်း သံဃနာယကအဖွဲ့သို့ ညွှန်ကြားရမည်။ (ညွှန်–၆၂)

၂၉၆။ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့သည် သက်ဆိုင်ရာ ပြည်နယ်/တိုင်း သံဃနာယကအဖွဲ့အား ဝိနိစ္ဆယဆုံးဖြတ်ချက်များကို ပေးအပ်၍ အကောင်အထည်ဖော် ဆောင်ရွက်ရန် ညွှန်ကြားရာတွင် "ဝိနည်းဓမ္မက် အဓိကရုဏ်းမှုခင်းများ ဖြေရှင်း ဆုံးဖြတ်ရေးဆိုင်ရာ ဥပဒေနှင့်လုပ်ထုံးလုပ်နည်းများ၊ ဝိနိစ္ဆယလက်စွဲတို့နှင့် အညီ လိုအပ်သလို အကောင်အထည်ဖော်ဆောင်ရွက်ရန်" ဟုသာ ဖော်ပြညွှန်ကြားရမည်။ ဝိနိစ္ဆယ ဆုံးဖြတ်ချက် အပေါ် ဟစ်စုံတစ်ရာ စိစစ်ဝေဖန်ခြင်း၊ ဆောင်ရွက်ရမည့် နည်းလမ်းများကို ဖြည့်စွက်ညွှန်ကြားခြင်း စသည်မပြုလုပ်ရ။ (ညွှန်–၆၂)

၂၉၇။ ပြည်နယ်/တိုင်း သံဃနာယကအဖွဲ့သည် ဝိနိစ္ဆယဆုံးဖြတ်ချက်ကို အကောင်အထည် ဖော်ရန်အတွက် သက်ဆိုင်ရာ ပြည်နယ်/တိုင်း သာသနာရေးမှူးအား ညွှန်ကြားရမည်။ (ညွှန်–၆၂)

၂၉၈။ ပြည်နယ်/တိုင်း သံဃနာယကအဖွဲ့သည် သံဃဝိနိစ္ဆယအဖွဲ့၏ ဆုံးဖြတ်ချက်ကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ထိရောက်မှုရှိစေရန်အတွက် သက်ဆိုင်ရာ ပြည်နယ်/တိုင်း ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့အား မေတ္တာရပ်ခံရမည်။

၂၉၉။ ဝိနိစ္ဆယဆုံးဖြတ်ချက်ကို အကောင်အထည်ဖော်ရာတွင်အမှုသည်များက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့သို့ အသနားခံလွှာ တင်သွင်းထားသည် ဟူသော အကြောင်းကြောင့် ရပ်ဆိုင်းထားခြင်း မပြုရ။

၃၀၀။ သက်ဆိုင်ရာမြို့နယ် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့သည် အကောင်အထည်ဖော် ဆောင်ရွက်ရန် မဖြစ်နိုင်သော အခြေအနေမျိုး မရှိလျှင် ပြည်နယ်/တိုင်းသာသနာရေးမှူးအား အကောင်အထည်ဖော် ဆောင်ရွက်ချန် သဘောတူညီချက်ပေးရန် လိုအပ်သော အကူအညီ မျှားကိုလည်း ပေးရမည်။

၃၀၁။ ပြည်နယ်/တိုင်း သာသနာရေးမှူးသည် သံဃဝိနိစ္ဆယအဖွဲ့၏ ဆုံးဖြတ်ချက်ကို လိုက်နာအောင် လက်တွေ့ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ဆုံးဖြတ်ချက်သည် ရှင်းလင်းတိကျမှုမရှိ၍ မည်သို့ ဆောင်ရွက်ရမည်ကို လမ်းညွှန်မှု တောင်းခံလိုပါက နိုင်ငံတော် သံဃ မဟာနာယကအဖွဲ့သို့ တိုက်ရိုက်တောင်းခံရမည်၊ မိတ္တူကို သက်ဆိုင်ရာ သံဃနာယကအဖွဲ့မျှားနှင့် သက်ဆိုင်ရာဌာနမျှားသို့ ပေးပို့နိုင်သည်။

၃၀၂။ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့သည် ရှင်းလင်း တိကျမှုမရှိ သဖြင့် အကောင်အထည်ဖော်ရန် အခက်အခဲဖြစ်သဖြင့် လမ်းညွှန်မှု တောင်းခံလာပါက အနီးကပ်ဆုံး အပတ်စဉ် အစည်းအဝေး၏ ဆုံးဖြတ်ချက်ဖြင့် အခိုပ္ပာယ်ဖွင့်ဆို ပြန်ကြား လမ်းညွှန်ပေးရမည်။

၃၀၃။ ဝိနိစ္ဆယဆုံးဖြတ်ချက် အကောင်အထည်ဖော်ရာတွင် ကြန့်ကြာမှု မရှိစေရန် သက်ဆိုင်ရာ အဖွဲ့အစည်းမျှား၊ ဌာနမျှားသည် အကြောင်း ကြားစာ၊ ညွှန်ကြားစာ ရသည်မှ ၇-ရက်အတွင်း စတင် ဆောင်ရွက် ကြရမည်။

၃၀၄။ ပြည်နယ်/တိုင်းသာသနာရေးမှူးသည် ဝိနိစ္ဆယ ဆုံးဖြတ်ချက်ကို အကောင်အထည်ဖော်ရာတွင် အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်အတွက် ရှင်းလင်းပြတ်သားသောအမိန့်၊ သို့မဟုတ် ညွှန်ကြားချက်ကို ထုတ်ပြန်၍ သက်ဆိုင်သူထံ အရောက်ပို့ပေးရမည်။

၃၀၅။ ပြည်နယ်/တိုင်း သာသနာခေါင်းမှူးသည် ဝိနိစ္ဆယ ဆုံးဖြတ်ချက်ကို အခေါင်အာဏာဖော်ဆောင်၊ အမိန့်/ညွှန်ကြားချက် တစ်စုံတစ်ဆုတို့ပြန်ရန် မလိုဘဲ အလွယ်တကူ လိုက်နာပြီးစီးခြင်းဖြစ်ပါက မည်သို့ အခေါင်အာဏာဖော်ပြီးသည်ကို အစီရင်ခံရမည်။

၃၀၆။ ပြည်နယ်/တိုင်း သာသနာရေးမှူးသည် အမိန့်/ညွှန်ကြားချက်ကို မလိုက်နာသောပုဂ္ဂိုလ်အား ဝိနည်းဓမ္မကံ အဓိကရဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ချက်များကို ကာကွယ်စောင့်ရှောက်သည့် ဥပဒေအရ ဆက်လက် အရေးယူဆောင်ရွက်ရမည်။

၃၀၇။ ပြည်နယ်/တိုင်း သာသနာရေးမှူးသည် ဝိနိစ္ဆယဆုံးဖြတ်ချက် အခေါင်အထည်ဖော်ပြီးစီးမှု၊ သို့မဟုတ် ကြန့်ကြာနေမှုကို အခါအားလျော်စွာ သာသနာရေးဦးစီးဌာနသို့ အစီရင်ခံ၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့နှင့် သက်ဆိုင်ရာ အဖွဲ့အစည်းများသို့ မိတ္တူပေးပို့ရမည်။

၃၀၈။ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့သည် သာသနာတော်တရပ်လုံးနှင့် သက်ဆိုင်သော ဓမ္မ၊ အဓမ္မစသည် အငြင်းပွားသည့် မှုခင်းများကို ဖွဲ့စည်းဆုံးဖြတ်သော နိုင်ငံတော် သီးခြားဝိနည်းဓိုရ်အဖွဲ့၏ ဆုံးဖြတ်ချက်ကို အခေါင်အထည်ဖော်ရာတွင် ပဋိညာဉ်ပြုခြင်း စသည်ကို မိမိအဖွဲ့က တိုက်ရိုက်ဆောင်ရွက်ခြင်း၊ သံဃနာယက အဖွဲ့များအား ညွှန်ကြားလွှာထုတ်ပြန် ညွှန်ကြားခြင်း ပြုလုပ်ရမည်။

၃၀၉။ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့သည် နိုင်ငံတော်သီးခြားဝိနည်းဓိုရ်အဖွဲ့က ဆုံးဖြတ်ထားသော အဓမ္မဝါဒကို မပြန့်ပွားစေရန် လိုအပ်သလို အမိန့်ဆုတ်ပြန် တားဆီးနိုင်ရေးအတွက် ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာနသို့ ဝိနိစ္ဆယဆုံးဖြတ်ချက်ကို ပူးတွဲပေးပို့၍ မေတ္တာရပ်ခံရမည်။

# အခန်း (၁၃)

## သီးခြားသံယင်္ကန်စွယ်အဖွဲ့များနှင့် သီးခြားဝိနည်းဓိုရ်အဖွဲ့များ

၃၁၀။ သီးခြားသံဃဝိနိစ္ဆယအဖွဲ့နှင့် သီးခြား ဝိနည်းဓိုရ်အဖွဲ့များကို အောက်ပါအတိုင်း ခွဲခြားသတ်မှတ်နိုင်သည်—

(က) မြို့နယ်သီးခြား သံဃဝိနိစ္ဆယအဖွဲ့ (ညွှန်-၂၅)

(ခ) သီးခြားသံဃဝိနိစ္ဆယ်အဖွဲ့၊လုပ်ထုံး ဝ/၅၃(က)

(ဂ) နိုင်ငံတော်သီးခြားသံဃဝိနိစ္ဆယအဖွဲ့၊လုပ်ထုံး ဝ/၅၃(ဂ)

(ဃ) နိုင်ငံတော်သီးခြားဝိနည်းဓိုရ်အဖွဲ့၊လုပ်ထုံး ဝ/၅၆(ဃ) ၅၃(င)

### မြို့နယ်သီးခြားသံဃဝိနိစ္ဆယအဖွဲ့

၃၁၁။ ဝိနည်းဓမ္မကံ လုပ်ထုံးလုပ်နည်းများ အပိုဒ်-၄၃(ခ)(ဂ)(ဃ)၊ အပိုဒ်-၅၆(က)နှင့် ညွှန်ကြားလွှာ--၂၅ တို့အရ စောဒနာလာပါက အကျဉ်းနည်းဖြင့် စစ်ဆေးဆုံးဖြတ် ဆောင်ရွက်နိုင်ရန်အတွက် မြို့နယ်သံဃနာယကအဖွဲ့က သာသနာတော် သန့်ရှင်း တည်တံ့ ပြန့်ပွားရေး ဟူသော ဦးတည်ချက်ဖြင့် မြို့နယ်သီးခြား သံဃဝိနိစ္ဆယအဖွဲ့ကို ဖွဲ့စည်း ဆောင်ရွက်ရမည်။

၃၁၂။ မြို့နယ်သံဃနာယကအဖွဲ့သည် မြို့နယ်သီးခြား သံဃဝိနိစ္ဆယ အဖွဲ့ကို ဖွဲ့စည်းရာတွင် မြို့နယ်ဝိနည်းဓိုရ်စာရင်းမှ ရွေးချယ်စဉ်အရဖြစ်စေ၊ ရွေးချယ်စဉ်အရ မဟုတ်ဘဲဖြစ်စေ သင့်လျော်သလို ဖွဲ့စည်းနိုင်သည်။

၃၁၃။ မြို့နယ်သီးခြား သံဃဝိနိစ္ဆယအဖွဲ့သည် အကျဉ်းနည်းအားဖြင့် ၃-ရက်အတွင်း ဝိနည်းဓမ္မက လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားလွှာများနှင့် အညီ စစ်ဆေးဆုံးဖြတ်ချက် ချမှတ်ရမည်။

၃၁၄။ မြို့နယ် သံဃနာယကအဖွဲ့သည် မြို့နယ် သီးခြားသံဃဝိနိစ္ဆယ အဖွဲ့ဖြင့် ဖွဲ့စည်းဆောင်ရွက်ချက်အပြည့်အစုံကို အမှုတွဲနှင့်တကွ နိုင်ငံတော် မဟာနာယကအဖွဲ့သို့ ပေးပို့အစီရင်ခံရမည်။

၃၁၅။ မြို့နယ်သံဃနာယကအဖွဲ့သည် ပါရာဇိကလောက်သော အနုဝါ-ဒါဝိကရုဏ်းမှုကို မြို့နယ်သီးခြားသံဃဝိနိစ္ဆယအဖွဲ့ဖြင့် စစ်ဆေးဆုံးဖြတ် စေခြင်း မပြုရ။

## သီးခြားသံဃဝိနိစ္ဆယအဖွဲ့

၃၁၆။ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်/နိုင်ငံတော် ဩဝါဒါစရိယ ဆရာတော် ကစ်ပါးပါးသည် အန္တိမဝတ္ထုဖြင့် စွပ်စွဲခံရသော စုဒိတက ဖြစ်လျှင် မြို့နယ်သံဃနာယကအဖွဲ့နှင့် ပြည်နယ်/တိုင်း သံဃနာယကအဖွဲ့ များက လက်ခံဆောင်ရွက်ခြင်း မပြုရ၊ နိုင်ငံတော်သံဃမဟာနယကအဖွဲ့ ကသာ လက်ခံဆောင်ရွက်ရမည်။ ဝိ/၅၂ (က)

၃၁၇။ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အလှည့်ကျအဖွဲ့ခွဲသည် အပိုဒ် (၃၁၆) အရ လက်ခံဆောင်ရွက်သော အနုဝါဒါဝိကရုဏ်းမှုကို ဝိနည်းဓမ္မကံ လုပ်ထုံးလုပ်နည်းများ အပိုဒ်–၅၂(က) အရ သီးခြား သံဃဝိနိစ္ဆယအဖွဲ့ကို ပုံစံ(၁၆)ဖြင့် ဖွဲ့စည်းဆောင်ရွက်ရမည်။ ဝိ/၅၂(က)

၃၁၈။ သီးခြားသံဃဝိနိစ္ဆယအဖွဲ့သည် မူလမှု ဖြစ်သည့်အားလျော်စွာ စောဒက စုဒိတကနှင့် နှစ်ဘက်သက်သေများကို ဝိနည်းဓမ္မကံလုပ်ထုံး လုပ်နည်း၊ ဝိနိစ္ဆယလက်စွဲတို့နှင့်အညီ ခေါ်ယူစစ်ဆေးဆုံးဖြတ်ရမည်။

၃၁၉။ **သီးခြားသံဃဝိနိစ္ဆယအဖွဲ့၏ ဆုံးဖြတ်ချက်ကို မကျေနပ်သော စောဒက/စုဒိတကသည် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့သို့ အယူခံ ဝင်ရောက်နိုင်သည်။**

## နိုင်ငံတော်သီးခြားသံဃဝိနိစ္ဆယအဖွဲ့

၃၂၀။ သီးခြားသံဃဝိနိစ္ဆယအဖွဲ့၏ ဆုံးဖြတ်ချက်ကို မကျေနပ်၍ အယူခံဝင်ရောက်လာပါက နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၊ အလည့်ကျအဖွဲ့ခွဲသည် ဝိနည်းဓမ္မကံလုပ်ထုံးလုပ်နည်း ၅၇(ဂ)နှင့်အညီ နိုင်ငံတော်သီးခြားသံဃဝိနိစ္ဆယအဖွဲ့ကို သတ်မှတ်ထားသော ပုံစံ(၁၈)ဖြင့် ဖွဲ့စည်းပေးရမည်။ ဝိ/၅၇(ခ)

၃၂၁။ နိုင်ငံတော် သီးခြားသံဃဝိနိစ္ဆယအဖွဲ့၏ ဆုံးဖြတ်ချက်ကို အယူခံစောဒနာဝင်ခွင့် မရှိစေရ။ ဝိ/၅၆ (က)

## နိုင်ငံတော်သီးခြား ဝိနည်းဓိုရ်အဖွဲ့

၃၂၂။ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့သည် အောက်ဖော်ပြပါ နိုင်ငံတော် သီးခြားဝိနည်းဓိုရ်အဖွဲ့များကို နိုင်ငံတော် သံဃမဟာနာယကအဖွဲ့(၄၇)ပါးစုံညီအစည်းအဝေး၏ဆုံးဖြတ်ချက်ဖြင့်သာ ဖွဲ့စည်းရမည်—

(က) ဝိနည်းဓမ္မကံလုပ်ထုံးလုပ်နည်းများ အပိုဒ်–၅၆(ဃ)အရ သတ်မှတ်ထားသော ပုံစံ (၁၅) ဖြင့် ဖွဲ့စည်းသော နိုင်ငံတော်သီးခြားဝိနည်းဓိုရ်အဖွဲ့၊

(ခ) ဝိနည်းမ္မကံ လုပ်ထုံးလုပ်နည်းများ အပိုဒ်–၅၇(င)အရ သတ်မှတ်ထားသော ပုံစံ(၁၉)ဖြင့် ဖွဲ့စည်းသော နိုင်ငံတော် သီးခြားဝိနည်းဓိုရ်အဖွဲ့။

၃၂၃။ ဝိနိစ္ဆယလက်စဲ့ ၃၂၂(ခ)အရ နိုင်ငံတော် သီးခြားဝိနည်းဓိုရ်အဖွဲ့၏ ဆုံးဖြတ်ချက်ကို အယူခံဝင်ရောက်ခြင်း၊ အသနားခံခြင်း၊ ပယ်ဖျက်ခြင်း မပြုရ၊ ယင်းအဖွဲ့၏ ဆုံးဖြတ်ချက်သည် နောက်ဆုံးအဟာသည်ဖြစ်သည်။ ဝိ/၅၆ (က)

# အခန်း (၁၄)

## ဝိနည်းဓိုရ်များ ရွေးချယ်တင်မြှောက်ခြင်း

၃၂၄။ ပြည်နယ်/တိုင်းနှင့် မြို့နယ်ဝိနည်းဓိုရ်များ ရွေးချယ်ခြင်းကို ဝိနည်းဓမ္မကံလုပ်ထုံးလုပ်နည်းများ အခန်း(၃)တွင် သတ်မှတ်ပြဋ္ဌာန်း ထားချက်နှင့်အညီ ဆောင်ရွက်ရမည်။

၃၂၅။ မြို့နယ်သံဃနာယကအဖွဲ့သည် ပြည်နယ်/တိုင်းနှင့် မြို့နယ် ဝိနည်းဓိုရ်များ ရွေးချယ်ခြင်းကို မိမိအဖွဲ့ စုံညီကြီးကြပ်၍သော် လည်းကောင်း၊ မြို့နယ်သံဃနာယကအဖွဲ့ဝင် အနည်းဆုံး(၃)ပါး ပါဝင် သော ကြီးကြပ်ရေးအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်၍သော်လည်းကောင်း ဆောင်ရွက်နိုင်သည်။

၃၂၆။ မြို့နယ်သံဃနာယကအဖွဲ့၊ သို့မဟုတ် ကြီးကြပ်ရေးအဖွဲ့သည် ရပ်ကွက်/ကျေးရွာအုပ်စုအလိုက် အချိုးကျ ခွဲဝေဖွဲ့စည်းသည့် စနစ်ကို အသုံးမပြုဘဲ ဝိနည်းဓိုရ်ဂုဏ်အင်္ဂါနှင့် ညီညွတ်၍ စွမ်းဆောင်နိုင်မည့် ပုဂ္ဂိုလ်များကို ရွေးချယ်ကြရေးအတွက် တိုက်တွန်းဆောင်ရွက်ရမည်။

၃၂၇။ ရွေးချယ်စဉ်အလိုက် ပုံစံ(၂)တွင် ရေးသွင်းရမည်ဖြစ်ရာ ဝိနိစ္ဆယ လုပ်ငန်းကို ကျွမ်းကျင်၍ အတွေ့အကြုံရှိသော ပုဂ္ဂိုလ်များ ရွေးချယ်စဉ် နုံပါတ်တွင် မျှမျှတတ ပါဝင်စေရေးအတွက် ကြီးကြပ်ဆောင်ရွက်ရမည်။

၃၂၈။ မြို့နယ်သံဃနာယကအဖွဲ့၊ သို့မဟုတ် ကြီးကြပ်ရေးအဖွဲ့သည် အရည်အချင်းရှိသော ဝိနည်းဓိုရ်များရရှိအောင် ကြီးကြပ်ဆောင်ရွက် ရမည်၊ အရည်အချင်း ပြည့်မှီသော အရေအတွက် လုံလောက်အောင်

**မရရှိပါက ရရှိသော အရေအတွက် အချိုးအစား ပြည့်မှီအောင် ဖွဲ့စည်းပေးရန် မလိုဘဲ ဝိနည်းဓမ္မကံ လုပ်ထုံးလုပ်နည်း အပိုဒ် (၁၃)တွင် အများဆုံး သတ်မှတ်ထားသော အရေအတွက်အောက် လျှော့နည်း၍ ဖွဲ့စည်းနိုင်သည်။**

**၃၂၉။ ပြည်နယ်/တိုင်းနှင့် မြို့နယ်ဝိနည်းဓိုရ်များ၏ သက်တမ်းသည် သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်၏ သက်တမ်းအတိုင်း ဖြစ်သည်။**

## အစားထိုး ရွေးချယ်ခြင်း

**၃၃၀။ မြို့နယ်သံဃနာယကအဖွဲ့သည် ဝိနည်းဓိုရ်များ လစ်လပ်ပါက လစ်လပ်သော ဝိနည်းဓိုရ်ဆရာတော်၏ နေရာတွင် အစားထိုး ရွေးချယ်ပွဲကို မြို့နယ်သံဃာ့ဝန်ဆောင် အစည်းအဝေး၌ ပြုလုပ်ရမည်။ ဝ/၁၉**

**၃၃၁။ အစားထိုး ရွေးချယ်ရာတွင် အစည်းအဝေး တက်ရောက်သော သံဃာ့ဝန်ဆောင်ဆရာတော် (၇၅)ပုဂ္ဂိုဠ်နှုန်း ရရှိမှသာ အတည်ဖြစ်သည်။**

**၃၃၂။ ရွေးချယ်ခံရသော ဝိနည်းဓိုရ် ဆရာတော်၏ ရွေးချယ်စဉ် အမှတ်မှာ လစ်လပ်သွားသော ဝိနည်းဓိုရ်ဆရာတော်၏ ရွေးချယ်စဉ် အတိုင်း သတ်မှတ်ပေးရမည်။**

## အဆင့်တူ ဝိနည်းဓိုရ် သတ်မှတ်ခြင်း

**၃၃၃။ သီးခြား ဂိုဏ်းများသည် ဝိနည်းဓမ္မကံ လုပ်ထုံးလုပ်နည်းများ အပိုဒ်(၈)တွင် ဖော်ပြသားသော ဂုဏ်အင်္ဂါအရည်အချင်းနှင့် ပြည့်စုံသော ဝိနည်းဓိုရ်များကို သတ်မှတ်ထားသော ပုံစံ(၂)တွင် ဖြည့်သွင်း၍ အဆင့်တူ ဝိနည်းဓိုရ်များအဖြစ် သတ်မှတ်နိုင်သည်။**

၃၃၄။ သီးခြား ဂိုဏ်းများသည် အဆင့်တူ သတ်မှတ်ထားသော ဝိနည်းဓိုရ်စာရင်းကို နိုင်ငံတော် သံဃမဟာနာယကအဖွဲ့သို့ ပေးပို့၍ သက်ဆိုင်ရာ ပြည်နယ်/တိုင်း သာသနာရေးမှူးအား မိတ္တူပေးပို့ရမည်။

## ဝိနည်းဓိုရ်ပြန်တမ်း ထုတ်ပြန်ခြင်း

၃၃၅။ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့သည် ပြည်နယ်/တိုင်းနှင့် မြို့နယ်ဝိနည်းဓိုရ်များ၏ ဘွဲ့အမည်စာရင်းကို ပြန်တမ်းထုတ်ပြန်ရမည်။

၃၃၆။ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့သည် မြို့နယ်တစ်ခုချင်း အလိုက် ပြန်တမ်း ထုတ်ပြန်နိုင်ခြင်း မရှိသေးပါက သင့်လျော်သော ရက်ကို သတ်မှတ်ရွေးချယ် အတည်ပြုထားသော မူလရွေးချယ်စဉ်အတိုင်း အတည်ပြုကြောင်း ပြန်တမ်း ထုတ်ပြန်နိုင်သည်။ တစ်မြို့နယ်ချင်း အတည်ပြုပြန်တမ်းကိုလည်း ဆက်လက် ထုတ်ပြန်ရမည်။

၃၃၇။ မြို့နယ် သံဃနာယကအဖွဲ့သည် အစားထိုး ရွေးချယ်သော ဝိနည်းဓိုရ်စာရင်းကို ရွေးချယ်စဉ်နှင့်တကွ ဖော်ပြလျက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့သို့ ပေးပို့ရမည်။

၃၃၈။ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့သည် မြို့နယ်သံဃနာယက အဖွဲ့က ပေးပို့သော အစားထိုး ရွေးချယ်ခံရသည့် ဝိနည်းဓိုရ် ဘွဲ့အမည် စာရင်းကိုလည်း အတည်ပြု ပြန်တမ်းထုတ်ပြန်ပေးရမည်။

၃၃၉။ မြို့နယ်သံဃနာယကအဖွဲ့သည် ဝိနည်းဓိုရ် လစ်လပ်နေချိန်တွင် လည်းကောင်း၊ အစားထိုးရွေးချယ်ပြီးသော်လည်း ပြန်တမ်းထုတ်ပြန်ခြင်း မပြုရသေးချိန်တွင်လည်းကောင်း သံဃဝိနိစ္ဆယအဖွဲ့ ဖွဲ့စည်းရန်ပေါ် ပေါက်လာပါက လစ်လပ်နေသော အမှတ်စဉ်ကို ကျော်၍ သံဃဝိနိစ္ဆယ ဖွဲ့စည်းခြင်း ပြုနိုင်သည်။

## အရည်အချင်း ပျက်ယွင်းခြင်း

၃၄၀။ ဝိနည်းဓိုရ်စာရင်းဝင် ဆရာတော် တစ်ပါးပါးသည် လုပ်ထုံး အပိုဒ်(၁၇)တွင် ဖော်ပြထားသည့် (က)မှ(တ)အထိ အကြောင်းတစ်ခုခု ကြောင့် အရည်အချင်း ပျက်ယွင်းကြောင်း ထင်ရှားလျှင် ဝိနည်းဓိုရ် အဖြစ်မှ ပယ်ဖျက်ပြီး ဖြစ်ရမည်။ ဝ/၁၇(က)

၃၄၁။ ပြည်နယ် / တိုင်း / မြို့နယ် ဝိနည်းဓိုရ် ဆရာတော်များနှင့် ပတ်သက်၍ ဝိနည်းဓမ္မကံ လုပ်ထုံးလုပ်နည်း အပိုဒ်(၁၇)ပါ အရည်အချင်း ပျက်ယွင်းမှုရှိခဲ့သော် သက်ဆိုင်ရာ မြို့နယ် သံဃနာယကအဖွဲ့သည် အကြောင်းအရာ ပြည့်စုံစွာ ဖော်ပြ၍ သက်ဆိုင်ရာ ပြည်နယ်/တိုင်း သံဃနာယကအဖွဲ့သို့ တင်ပြရမည်။ ဝ/၁၇

၃၄၂။ ပြည်နယ်/တိုင်း သံဃနာယကအဖွဲ့သည် သက်ဆိုင်ရာမြို့နယ် သံဃနာယကထံမှ တင်ပြစာရရှိပါက ဝိနည်းဓမ္မကံ လုပ်ထုံးလုပ်နည်းအပိုဒ် (၁၇) အပိုဒ်ခွဲ(စျ)(ည)(ဋ)(ဌ)(ဍ)(ဎ)မှတစ်ပါး အခြားပျက်ယွင်းခြင်း ဖြစ်ပါက လက်ခံစိစစ်ပြီး မှန်ကန်ပါက ဝိနည်းဓိုရ်စာရင်းမှ ပယ်ဖျက်ရမည်။

## နိုင်ငံတော်အဆင့် ဝိနည်းဓိုရ်များ

၃၄၃။ နိုင်ငံတော်အဆင့် ဝိနည်းဓိုရ်များမှာ နိုင်ငံတော် ဗဟိုသံဃာ-ဝန်ဆောင် ဆရာတော်များဖြစ်သဖြင့် အထူးရွေးချယ်ရန် မလို။

၃၄၄။ နိုင်ငံတော်အဆင့် ဝိနည်းဓိုရ်များကို အမှုကိစ္စရပ်အလိုက် ဝိနည်းဓမ္မကံ လုပ်ထုံးလုပ်နည်းများ အပိုဒ် ၁၆(ခ)အရ အခါအားလျော်စွာ ဖွဲ့စည်း၍ ပြန်ဟမ်းများ ထုတ်ပြန်ရမည်။

၃၄၅။ ဝိနည်းဓမ္မကံ လုပ်ထုံးလုပ်နည်းများ အပိုဒ်(၂၀)အရ ကန့်သတ်တားမြစ်ထားသော ဆရာတော်များအား ဝိနည်းဓိုရ်အဖြစ် ရွေးချယ်ခြင်း မပြုရ။

၃၄၆။ ပြည်နယ်/တိုင်း ၏သံဃနာယကအဖွဲ့သည် ဝိနည်းဓမ္မကံလုပ်ထုံးလုပ်နည်း အပိုဒ်(၁၇) အပိုဒ်ခွဲ(စျ)(ည)(ဌ)(ဍ)(ဒ)အရ ပျက်ယွင်းခြင်းဖြစ်ခဲ့လျှင် ပြည်နယ်/တိုင်း သံဃနာယကအဖွဲ့က ဖွဲ့စည်းပေးသော ဝိနည်းဓိုရ်ဆရာတော်များ ပါဝင်သည့် စစ်ဆေးရေးအဖွဲ့ကို ဖွဲ့စည်းစစ်ဆေးစေရမည်။ ဝ/၁ဂ(ခ)

၃၄၇။ စစ်ဆေးရေးအဖွဲ့က စစ်ဆေးသည့် ဆုံးဖြတ်ချက် အစီရင်ခံစာအရ စွပ်စွဲသည့်အတိုင်း အရည်အချင်း ပျက်ယွင်းကြောင်း ထင်ရှားပါက ဝိနည်းဓိုရ်စာရင်းမှ ပယ်ဖျက်ရမည်။

၃၄၈။ ဝိနည်းဓိုရ်ဆရာတော်အား ဝိနည်းဓမ္မကံ လုပ်ထုံးလုပ်နည်း အပိုဒ် (၁၇)(၁ဂ)အရ အရည်အချင်း ပျက်ယွင်းမှုကြောင့် ဝိနည်းဓိုရ်အဖြစ်မှ ပယ်ဖျက်လိုက်ကြောင်းကို နိုင်ငံတော် သံဃမဟာနာယကအဖွဲ့သို့ အစီရင်ခံစာ တင်ပြပြီး မိတ္တူများကို သက်ဆိုင်ရာအဖွဲ့အစည်းများသို့ ပေးပို့ရမည်။

ဝ/၁ဂ(ဂ)

---

# အခန်း (၁၅)

## ရဟန်းသာမဏေနှင့် အခြားပုဂ္ဂိုလ်တို့ ဖြစ်ပွားသောမှုခင်း

၃၄၉။ ရဟန်းသာမဏေနှင့် အခြားပုဂ္ဂိုလ်တို့ ဖြစ်ပွားသော်မှုခင်းများ အနုက် အနုဝါဒါဓိကရုဏ်းမှုခင်းများကို သက်ဆိုင်ရာ မြို့နယ်သံဃနာယက အဖွဲ့များက လုပ်ထုံးလုပ်နည်းများနှင့်အညီ သံဃဝိနိစ္ဆယ ဖွဲ့စည်းဆောင်ရွက်ရမည်၊ ဝိဝါဒါဓိကရုဏ်းမှုခင်းများကို ဝိနည်းဓမ္မကံလုပ်ထုံးလုပ်နည်းများ အပိုဒ်(၂၄)အရ သက်ဆိုင်ရာ မြို့နယ်သံဃနာယကအဖွဲ့များက စောဒနာလွှာ, သောဓနာလွှာကို စိစစ်လက်ခံ၍ နိုင်ငံတော်သံဃ-မဟာနာယကအဖွဲ့သို့ သံဃဝိနိစ္ဆယအဖွဲ့ လျှာထား ဆောင်ရွက်နိုင်ရန် လွှဲပြောင်းပေးပို့ရမည်။ ဝ/၂၄(ခ)

### အနုဝါဒါဓိကရုဏ်းမှု

၃၅၀။ ရဟန်းသာမဏေနှင့် အခြားပုဂ္ဂိုလ်တို့ ဖြစ်ပွားသော အနုဝါဒါ-ဓိကရုဏ်းမှု (အာဇီဝဝိပတ္တိ၊ အာစာရဝိပတ္တိအမှုများ အပါအဝင်)ကို သက်ဆိုင်ရာ မြို့နယ်ရှိ သက်ဆိုင်ရာ ဂိုဏ်းသံဃနာယကအဖွဲ့က အမှုကို လက်ခံပြီး သံဃဝိနိစ္ဆယအဖွဲ့ ဖွဲ့စည်းဆောင်ရွက်ရမည်။

၃၅၁။ သက်ဆိုင်ရာ အစိုးရဌာနသည် ပထမပါရာဇိကနှင့်ပတ်သက်၍ တိုင်ကြားစာရရှိလျှင် ဖော်ပြလတ္တံ့ပါအတိုင်း ဆောင်ရွက်ရမည်—

(က) သတင်းရရှိခြင်းနှင့် သက်သေများ စုဆောင်းခြင်း၊

(ခ) သက်သေခိုင်လုံပါက ဝတ္ထုသည်မကို စစ်ဆေးခြင်း၊

(ဂ) ဝတ္ထုသည်မက ဝန်ခံထွက်ဆိုပါက သက်ဆိုင်ရာ စုဒိတက ရဟန်းကို စစ်ဆေးခြင်း၊

(ဃ) ဝတ္ထုသည်မနှင့် စုဒိတကတို့က ဝန်ခံထွက်ဆိုပါက သက်ဆိုင်ရာ မြို့နယ်သံဃနာယကအဖွဲ့သို့ လျှောက်ထား၍ ဝန်ခံလက်မှတ်ရေးထိုး ပရိသုဒ္ဓပြု လူဝတ်လဲစေခြင်း၊

(c) ဝတ္ထုသည်မက ဝန်ခံ၍ သက်သေ အထောက်အထား ခိုင်လုံပါလျက် စုဒိတကရဟန်းက ဝန်မခံလျှင် သံဃ-ဝိနိစ္ဆယအဖွဲ့ဖြင့် စစ်ဆေးဆုံးဖြတ်နိုင်ရန် ဆောင်ရွက်ပေးခြင်း။ ညွှန်/၂၈

၃၅၂။ သက်ဆိုင်ရာမြို့နယ်တွင် သက်ဆိုင်ရာဂိုဏ်း၏ သံဃနာယကအဖွဲ့ မရှိလျှင် သုဓမ္မာသံဃနာယကအဖွဲ့က အမှုကို စိစစ်လက်ခံပြီး သံဃ-ဝိနိစ္ဆယအဖွဲ့ ဖွဲ့စည်းဆောင်ရွက်ခြင်း ပြုရမည်။

၃၅၃။ ပြည်နယ်/တိုင်း အဆင့်သို့ အယူခံ ဝင်ရောက်ရာတွင် မူလမှုခင်းကို လက်ခံစစ်ဆေးသော မြို့နယ်သံဃနာယကအဖွဲ့နှင့် ဂိုဏ်းတူ ပြည်နယ်/တိုင်း သံဃနာယကအဖွဲ့က အယူခံဝင် စောဒနာလွှာကို စိစစ်လက်ခံ၍ တိုင်းအဆင့် သံဃဝိနိစ္ဆယအဖွဲ့ ဖွဲ့စည်း ဆောင်ရွက်ရမည်။

၃၅၄။ ပြည်နယ်/တိုင်း သံဃဝိနိစ္ဆယအဖွဲ့၏ ဆုံးဖြတ်ချက်ကို မကျေနပ်ပါက နိုင်ငံတော် သံဃမဟာနာယကအဖွဲ့သို့ အယူခံ ဝင်ရောက်နိုင်သည်။

## ဝိဝါဒါဓိကရဏ်းမှု

၃၅၅။ ရဟန်းသာမဏေနှင့် အခြားပုဂ္ဂိုလ်တို့ ဖြစ်ပွားသော ဝိဝါဒါ-ဓိကရဏ်းမှုခင်းကို သက်ဆိုင်ရာ မြို့နယ်ရှိ သက်ဆိုင်ရာ ဂိုဏ်းသံဃနာယက အဖွဲ့က စောဒနာလွှာ, သောဓနာလွှာတွင် လိုအပ်သော အချက်အလက်များ စုံလင်စွာ ပါ-မပါ စိစစ်လက်ခံပြီး အမှုတွဲကို နိုင်ငံတော် သံဃမဟာ-နာယကအဖွဲ့သို့ သက်ဆိုင်ရာ သာသနာရေးမှူး၏ အကူအညီဖြင့် ပေးပို့ရမည်။

၃၅၆။ သက်ဆိုင်ရာ မြို့နယ်၌ သက်ဆိုင်ရာဂိုဏ်း၏ သံဃနာယကအဖွဲ့ မရှိလျှင် သုဓမ္မာသံဃနာယကအဖွဲ့က စောဒနာလွှာ, သောဓနာလွှာ စသည်တို့ကို စိစစ်လက်ခံပြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့သို့ ပေးပို့ရမည်။

၃၅၇။ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့သည် အပိုဒ် ၃၅၅-၃၅၆ တို့အရ ပေးပို့လာသော အမှုတွဲကို ပြည့်စုံမှု ရှိ,မရှိ စိစစ်လက်ခံ၍ ဝိနည်းဓမ္မကံ လုပ်ထုံးလုပ်နည်း အပိုဒ်-၂၄ (ခ) အရ ဂိုဏ်းပေါင်းစုံ ပါဝင်သော ဝိနည်းဓိုရ်ဆရာတော်များကို ရွေးချယ် လျှောထားပြီး သက်ဆိုင်ရာ ပြည်နယ်/တိုင်း သံဃနာယကအဖွဲ့သို့ လွှဲပြောင်းပေးပို့၍ သံဃဝိနိစ္ဆယအဖွဲ့ ဖွဲ့စည်းဆောင်ရွက်ရန် ညွှန်ကြားရမည်။

---

# အခန်း (၁၆)

## အဓိပ္ပာယ်

၃၅၈။ ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုဖြင့် စွဲဆိုလိုသော စောဒကသည် သက်ဆိုင်ရာ မြို့နယ်၌ မြို့နယ်သံဃနာယကအဖွဲ့ မရှိလျှင် သက်ဆိုင်ရာ ပြည်နယ်/တိုင်း သံဃနာယကအဖွဲ့၌ စွဲဆိုနိုင်သည်။

၃၅၉။ ပြည်နယ်/တိုင်း သံဃနာယကအဖွဲ့သည် အပိုဒ် (၃၅၈) အရ စွဲဆိုလာသော အမှုကို မိမိတို့ ပြည်နယ်/တိုင်း အတွင်းရှိ နီးစပ်သင့်လျော်ရာ မြို့နယ်သံဃနာယကအဖွဲ့အား သံဃာဝိနိစ္ဆယအဖွဲ့ ဖွဲ့စည်းဆောင်ရွက်စေရန် အမှုတွဲကို လွှဲပြောင်း ပေးအပ် ဆောင်ရွက်စေရမည်။

၃၆၀။ သက်ဆိုင်ရာ မြို့နယ်တွင် သံဃနာယကအဖွဲ့ ရှိသော်လည်း ဝိနည်းခိုရ် မရှိလျှင်၊ သို့မဟုတ် သံဃဝိနိစ္ဆယအဖွဲ့ ဖွဲ့စည်းနိုင်လောက်အောင် ဝိနည်းခိုရ် မရှိလျှင် သံဃနာယကအဖွဲ့သည် အမှုကို စိစစ်လက်ခံပြီး ပြည်နယ်/တိုင်း သံဃနာယကအဖွဲ့သို့ အခြေအနေကို လျှောက်ထား၍ အမှုတွဲကို လွှဲပြောင်း ပေးပို့ရမည်။

၃၆၁။ ပြည်နယ်/တိုင်း သံဃနာယကအဖွဲ့သည် အပိုဒ် (၃၆၀) အရ လွှဲပြောင်းပေးပို့လာသော အမှုတွဲကို စိစစ်လက်ခံ၍ မိမိ ပြည်နယ်/တိုင်း အတွင်းရှိ နီးစပ်သင့်လျော်ရာ မြို့နယ်သံဃနာယကအဖွဲ့သို့ သံဃဝိနိစ္ဆယ အဖွဲ့ ဖွဲ့စည်းဆောင်ရွက်စေရန် အမှုတွဲကို လွှဲပြောင်းပေးပို့ ဆောင်ရွက်စေရမည်။

၃၆၂။ သာသနာ့ရေးဆိုင်ရာ ပစ္စည်းများကို လူပုဂ္ဂိုလ်/လူပုဂ္ဂိုလ် အဖွဲ့အစည်းက ဝိနည်းဓမ္မကံ လုပ်ထုံးလုပ်နည်း အပိုဒ်-၃၇ (ဆ) အရ စောဒကပြုလုပ် စွဲဆိုရာတွင် သံဃာကပိုင်အဖြစ် ဆုံးဖြတ်ပေးရန် စွဲဆိုသော စောဒနာလွှာ ဖြစ်ပါက လက်ခံခြင်း မပြုရ။

၃၆၃။ သာသနာ့မြေ ပြင်ပ၌ ရှိသော မရွှေ့မပြောင်းနိုင်သည့် ပစ္စည်း ဘဏ္ဍာများကို တည်ဆဲဥပဒေ ပြဋ္ဌာန်းချက်နှင့်အညီ စာချုပ်စာတမ်း ချုပ်ဆို၍ မှတ်ပုံတင်ခြင်း၊ ဦးပိုင်အမည် ပြောင်းခြင်းများ မပြုလုပ်ရ သေး၍ ဝိနည်းဓမ္မကံ လုပ်ထုံးလုပ်နည်း အပိုဒ် (၆၀)အရ ပယ်ချခြင်း ခံရသော်လည်း တည်ဆဲ ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ စာချုပ်စာတမ်း ချုပ်ဆို၍ မှတ်ပုံတင်ခြင်း၊ ဦးပိုင်အမည် ပြောင်းခြင်းများ ပြုလုပ်ပြီးသော အခါ အသစ်တစ်ဖန် စွဲဆိုခွင့်ရှိသည်။

၃၆၄။ သံဃဝိနိစ္ဆယအဖွဲ့သည် ဝိနည်းဓမ္မကံ လုပ်ထုံးလုပ်နည်း အပိုဒ်-၄၂(ဃ)အရ စီရင်ဆုံးဖြတ်ချက်ကို ဖျက်ခြင်း၊ပြင်ခြင်းစသည့် လုပ်နိုင်ခွင့် မရှိ။ သို့ရာတွင် ယင်းစီရင်ဆုံးဖြတ်ချက်ကို ထိခိုက်ခြင်းမရှိသော လုပ်ထုံး လုပ်နည်းဆိုင်ရာ လိုအပ်ချက်များကို အယူခံမှုကို လက်ခံသော သံဃ-နာယကအဖွဲ့က ကောင်းခံလာပါက ချိုယွင်းချက်၊ လိုအပ်ချက်များကို ပုံစံကျအောင် သဘာဝတိဆရာတော်က ပြုပြင်ပေးရမည်။

၃၆၅။ ဝိနည်းဓမ္မကံ လုပ်ထုံးလုပ်နည်းများတွင် သတ်မှတ်ထားသော ကာလစည်းကမ်းသတ်များကို စောဒက, စုဒ္ဓိတ ကများသည် တိကျစွာ လိုက်နာဆောင်ရွက်ခြင်း မရှိပါက ဖြစ်ပေါ်လာသော နစ်နာမှုများ အတွက် မိမိတို့တာဝန်ဟု မှတ်ယူရမည်။

၃၆၆။ ကာလစည်းကမ်းသတ်ရက်ကို ရေတွက်ရာတွင် သံဃဝိနိစ္ဆယအဖွဲ့ ဆုံးဖြတ်ချက်ချသည့်ရက်ကို ထည့်သွင်း ရေတွက်ရမည်။

၃၆၇။ သတ်မှတ်ထားသော ရက်ပြည့်သည့်နေ့ ရုံးဖွင့်ချိန် အတွင်း(ညနေ ၄-နာရီ ၃၀-မိနစ်)ကာလကို နောက်ဆုံး အခါန်အဖြစ် သတ်မှတ်ရမည်။

၃၆၈။ ကာလစည်းကမ်းသတ်ရက် ကုန်ဆုံးပြည့်မြောက်သည့်နေ့သည် ရုံးပိတ်ရက်ဖြစ်နေပါက ယင်းရုံးပိတ်ရက်နှင့် ကပ်လျက်ရှိသော ပြန်လည် ရုံးဖွင့်ရက်ကို ကာလစည်းကမ်းသတ် ပြည့်မြောက်သည့် နောက်ဆုံးနေ့ဟု မှတ်ယူရမည်။

၃၆၉။ သံဃနာယကအဖွဲ့ အဆင့်ဆင့်အတွက် သတ်မှတ်ထားသော ကာလစည်းကမ်းသတ် ရက်လွန်ခြင်းများကြောင့် ဝိနိစ္ဆယဆုံးဖြတ်ချက်ကို ထိခိုက်ပျက်ပြားခြင်း မရှိစေရ၊ ရက်လွန်ရခြင်းအကြောင်းကို ပြည့်စုံစွာဖော်ပြ၍ အထက်သံဃနာယကအဖွဲ့သို့ အစီရင်ခံရမည်။

၃၇၀။ ဝိနည်းဓမ္မကံအဝိဂရုဏ်းမှုခင်းဌ သံဃဝိနိစ္ဆယ ဖွဲ့စည်းဆုံးဖြတ်ခြင်းပြုရာတွင် ကုန်ကျစရိတ်ကုန်ခံသုံးစွဲနိုင်ရန်အတွက် မြို့နယ်ဆွမ်းကွမ်းဝေယျာဝစ္စအဖွဲ့ ပြည်နယ်/တိုင်း ဆွမ်းကွမ်းဝေယျာဝစ္စ အဖွဲ့များ၊ သို့မဟုတ် အမှုစစ်ဆေးနိုင်ရန် တာဝန်ခံ ဆောင်ရွက် ပေးသော ဥပဒေဌာနမှက/သာသနာရေးမှူးသည် သံဃဝိနိစ္ဆယအဖွဲ့ မဖွဲ့စည်းမီ စောဒကစုဒီတကတို့ထံမှ အလှူငွေများ သတ်မှတ် ကောက်ခံဆောင်ရွက်နိုင်သည်။

ဝ/၆၁

၃၇၁။ ယင်းသို့ အလှူခံရာတွင် စုဒီတကထံမှ စေတနာအလျောက် လှူဒါန်းငွေကို ကောက်ခံရန်နှင့် လိုအပ်သော ငွေအားလုံးကို စောဒကထံမှ အလှူငွေ ကောက်ခံဆောင်ရွက်ရမည်။

၃၇၂။ အနုဝါဒါဓိကရုဏ်းမှုအတွက် အလှူခံရာ၌ သက်ဆိုင်ရာ သာသနာ့ရေးမှူးက အမှုအလိုက် ချင့်ချိန်၍ သင့်လျော်သလို အလှူငွေ ကောက်ခံရမည်။ ပထမပါရာဇိက အနုဝါဒါဓိကရုဏ်းမှုတွင် ဝတ္ထုသည်မ ကိုယ်တိုင် စွဲဆိုပါက အလှူငွေ မကောက်ခံရ။

၃၇၃။ သံဃဝိနိစ္ဆယအဖွဲ့သည် အမှုစစ်ဆေးနေစဉ်အတွင်း အကြောင်းတစ်ခုခုကြောင့် မှုခင်းစစ်ဆေးခြင်းကို ဆိုင်းငံ့ပြီး နှိုင်ငံတော် သံဃမဟာ-နာယကအဖွဲ့သို့ လမ်းညွှန်မှုတောင်းခံရပါက လမ်းညွှန်မှုတောင်းခံသည့်

နေ့မှ လမ်းညွှန်ချက် ပြန်ကြားစာ ရရှိသည့်နေ့အထိ အဆိုပါ ရက်မျှားကို ထုတ်ပယ်၍ ကာလစည်းကမ်းသတ်ရက်ကို ရေတွက်သတ်မှတ်ရမည်။

၃၂၄။ သံဃဝိနိစ္ဆယအဖွဲ့ကို ဝိနိစ္ဆယချမှတ်ပြီး သက်ဆိုင်ရာ သံဃနာယကအဖွဲ့သို့ အမှုတွဲလွှဲအပ်သည့်နေ့မှ စ၍ ဖျက်သိမ်း ပျက်ပြယ်ပြီး ဖြစ်သည်ဟု မှတ်ယူရမည်။

၃၂၅။ အနုဝါဒါဓိကရဏ်းမှုခင်းဖြင့် စွဲဆိုရာ၌ အဆုံးအဖြတ်ခံရမည့် ရဟန်းကို စုဒိတကအဖြစ်ထား၍ စွဲဆိုစစ်ဆေး ဆုံးဖြတ်ရမည်။

၃၂၆။ ဝိနည်းဓမ္မကံအဓိကရဏ်းမှုခင်းများ ပြေရှင်း ဆုံးဖြတ်ရေးဆိုင်ရာ လုပ်တုံးလုပ်နည်းများနှင့် ဝိနိစ္ဆယလက်စွဲအရ ပရိုင်းလင်းသော အချက်များနှင့် အဆုံးအဖြတ်ပေးရန် လိုအပ်သော အခြားအချက်များကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ ဆုံးဖြတ်ချက်အရ ဆောင်ရွက်ရမည်။

၃၂၇။ သံဃဝိနိစ္ဆယအဖွဲ့များသည် စစ်ဆေးသုံးသပ် ဆုံးဖြတ်ရာတွင် အထောက်အကူပြုစေရန် နောက်ဆက်တွဲပါ ဖော်ပြချက်များကို လိုအပ်သလို ထုတ်နုတ် သုံးစွဲနိုင်သည်။

# နောက်ဆက်တွဲများ

## နောက်ဆက်တွဲ (က)

### (က) နေ့ဝသုဒ္ဓ နာသုဒ္ဓရှင်းလင်းချက်

နေ့ဝသုဒ္ဓနာသုဒ္ဓ ဆုံးဖြတ်ခြင်းနှင့် ၎င်လျှဉ်းရှိ အဓိပ္ပာယ်မရှင်းလင်းသဖြင့် ပြည်ထဲရေးနှင့်သာသနာရေးဝန်ကြီးဌာနဝန်ကြီးက အဓိပ္ပာယ်ရှင်းလင်းပေးပါရန် လျှောက်ထားခဲ့ရာ ပထမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့(ဒုတိယအဖွဲ့ခွဲ)၏ ဒုတိယအကြိမ် ပဋ္ဌမအစည်းအဝေး ဆုံးဖြတ်ချက်အရ ပြည်ထဲရေးနှင့်သာသနာရေးဝန်ကြီးဌာန ဝန်ကြီးထံ ပြန်ကြားပြီးနောက် ပထမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ စတုတ္ထအစည်းအဝေးသို့ တင်ပြ၍ အတည်ပြုချက်ရယူခဲ့သော နေ့ဝသုဒ္ဓ နာသုဒ္ဓ ရှင်းလင်းချက်မှာ ဖော်ပြပါအတိုင်း ဖြစ်ပါသည်—

(၁) နေ့ဝသုဒ္ဓနှင့် ၎င်လျှဉ်းရှိ ရေးဦးစွာ နေ့ဝသုဒ္ဓနာသုဒ္ဓ ဆုံးဖြတ်ပုံကို ပါရာဇိကဏ် အဌကထာ၊ ဝိနယသင်္ဂဟ အဌကထာတို့နှင့်အညီ ပြဆိုပါဦးမည်။

(၂) အာပတ္တာဓိကရုဏ်းတရပ်၌ စောဒကပုဂ္ဂိုလ် စုဒိတကပုဂ္ဂိုလ်ဟု ရှိ၎င်မြဲပင် ဖြစ်ရာ ဤအဓိကရုဏ်း၌ စောဒကပုဂ္ဂိုလ်သည် လဇ္ဇီပုဂ္ဂိုလ်ဖြစ်ရုံမက ပညာလည်းရှိ၍ ဝိနည်းကျမ်းဂန်၌လည်း လိမ္မာကျွမ်းကျင်သည်၊ မိမိ၏မြင်မှု ကြားမှုအပေါ်၌ အမှန်အတိုင်းလည်း စောဒနာသည်၊ သို့သော် စုဒိတကပုဂ္ဂိုလ်သည်ကား အလဇ္ဇီပုဂ္ဂိုလ်ဖြစ်၍ "ဤကိစ္စ၌ ကျူးလွန်မှုမရှိ၊ ဤကိစ္စသည် မဟုတ်မမှန်" ဟုသာ ငြင်းဆိုလျက် ရှိသည်၊ ဝန်ခံချက်(ပဋိညာဉ်)မပေးဘဲ နေသည်၊ ထိုအခါ "ပဋိညာယ ကာရေတဗ္ဗံ"ဟူသော မြတ်စွာဘုရားဒေသနာတော်အရ အသုဒ္ဓ

(ပါရာဇိကသို့ ရောက်ချေပြီ)ဟု တိုက်ရိုက်ဆုံးဖြတ်ခြင်း မပြုနိုင်ချေ၊ ဗဟူသုပိ ဝတ္ထု။သု ဥပ္ပန္နေသု-အရ ပါရာဇိကအာပတ်သို့ ရောက်နေသည့် သက်သေခံအထောက်အထား မြောက်မြားစွာ ရှိနေလင့်ကစား နေဝသုဒ္ဓ နာသုဒ္ဓ-သာ ဆုံးဖြတ်ရတော့သည်။

(၃) ယင်းကိစ္စမျိုးဌ ဆုံးဖြတ်ပြောဆိုပုံကို ပေါ်လွင်ထင်ရှားစေရန် အဌကထာတွင် သာဓကဝတ္ထု တခုကို ဖော်ပြထား၏၊ သီဟိုဠ်ကျွန်းဌ တိပိဋကစူဠာဘယမထေရ်သည် ကျော်ကြားသော ဝိနည်းဓိုရ်ပုဂ္ဂိုလ်ကြီး ဖြစ်၏၊ ဝေနေယ္ယ မထေရ်ကြီးသည် လောဟပါသာဒ ပြာသာဒ်ဌ ဝိနည်းပိဋကတ်ကို ပို့ချ၍အပြီး နေရာမှထစဉ် စောဒကနှင့် စုဒိတက ရဟန်း ၂-ပါးတို့ အငြင်းအခုံဖြစ်ပွား ရောက်လာကြကုန်၏။ စုဒိတက ရဟန်းကား ဤလွန်ကျူးမှုသည် ငါ့ဌ မရှိ၊ ငါမလွန်ကျူး၊ မဟုတ်ဟူ၍သာ ဆိုနေ၏၊ ဝန်ခံချက်ကို မပေး၊ ထိပိဋကစူဠာဘယမထေရ်မြတ်သည် ယင်းတို့၏ အပြောအဆို အမူအရာတို့ဖြင့်ပင် "ဤစုဒိတကအပေါ်ဌ စောဒကပုဂ္ဂိုလ်က အမှန်တရားဌ ရပ်တည်၍ ပြောဆိုနေသည်၊ စုဒိတကပုဂ္ဂိုလ်ကမူ ပဋိညာဉ်ဝန်ခံချက်ကို မပေး။ သို့သော် မျှားစွာသော လွန်ကျူးမှုတို့ကား ထင်ရှား၍ နေပေ၏၊ ဤစုံဒိတကသည် မချတ်ကေန် လွန်ကျူးမှုကို ပြုအပ်သည်သာ ဖြစ်လတ္တံ့"ဟု စုဒိတကအပေါ်ဌ အသုဒ္ဓဟူသော ယူဆမှုသည် ဖြစ်ပေါ်ရှိနေ၏၊ ထိုအခါ မထေရ်မြတ်သည် စုဒိတကပုဂ္ဂိုလ်အား "ငါ့ရှင် ငါဆုံးဖြတ်ရန် မသင့်လျော်၊ အခြားဝိနည်းဓိုရ် တပါးပါးကို သာ ဆုံးဖြတ်ပါစေလော့" ဟု မိန့်တော်မူလေ၏၊ အရှင်ဘုရား အဘယ်ကြောင့်ပါနည်းဟု မေးလျှောက်လေလျှင် မထေရ်မြတ်က ဖော်ပြပါအတိုင်း အသုဒ္ဓအယူရှိကြောင်းကို မိန့်ကြားလေ၏။ ထိုအခါ စုဒိတကပုဂ္ဂိုလ်၏ ကိုယ်စိတ်တို့ဌ ပူလောင်ခြင်း ဖြစ်ပေါ်လာကာ

တိပိဋကာ စူဠဝဂ္ဂသမ္ဘဒေါ်မြတ်ကို ရှိခိုးလျက် "အရှင်ဘုရား အဆုံးအဖြတ်ပေးသင့်သော ဝိနည်းဓိုရ်မည့်သည့် အရှင်ဘုရားတို့ကဲ့သို့သောပုဂ္ဂိုလ်သာ ဖြစ်သင့်ပါသည်။ စောဒက ပုဂ္ဂိုလ်သည်လည်း ဤသို့သော ပုဂ္ဂိုလ်သာ ဖြစ်သင့်ပါသည်"ဟု ဝန်ခံလျှောက်ထားပြီးလျှင် အာဝတ်ဖြူတို့ကို လဲလှယ်ဝတ်ဆင်လျက် "အရှင်ဘုရား တပည့်တော်သည် ကြာမြင့်စွာ အရှင်ဘုရားတို့ကို ပင်ပန်းအောင် ပြုမူမိပါသည်၊ တပည့်တော်အပြစ်ကို သည်းခံတော်မူပါ" ဟု လျှောက်ထားတောင်းပန် ဝန်ချပြီးလျှင် ထွက်ခွာသွားလေသည်။

(၄) ဤကား အလင်္ဂဇိုဒ်တကပုဂ္ဂိုလ်က ပဋ္ဌိညာဉ်ပေးသဖြင့် အသုဒ္ဓ အဆုံးအဖြတ် ပြီးပြတ်ခဲ့ပုံဖြစ်၏၊ ဤကဲ့သို့ လင်္ဂဇိပုဂ္ဂိုလ်က စောဒနာသည်ရှိသော် ပါရာဇိကအာပတ်သို့ ရောက်နေသည့် အထောက်အထား သက်သေခံ ဝတ္ထုပေါင်း မျှားစွာရှိနေသဖြင့် ပါရာဇိကမှုတပါး အခြားဆုံးဖြတ်ချန် မရှိချေ၊ သို့ရာတွင် စုဒိတကပုဂ္ဂိုလ်က ဝန်ခံချက် ( ပဋ္ဌိညာဉ် ) မပေးသဖြင့် (နေဝသုဒ္ဓနာသုဒ္ဓ) စင်ကြယ်သော ပုဂ္ဂိုလ်ဟူ၍လည်း မဆိုအပ် မစင်ကြယ်သော ပုဂ္ဂိုလ်ဟူ၍လည်း မဆိုအပ်ဟု ဆုံးဖြတ်ရပေသည်။

(၅) နေဝသုဒ္ဓနာသုဒ္ဓ အဆုံးအဖြတ်ခံရသူကို အဌကထာ ဋီကာ မျှားဌ် တခါတည်းသက်နှိုးချတ်၍ လူဝတ်လဲရန် (လိင်္ဂနာသန) မညွှန်ပြခဲ့ချေ၊ ရဟန်းကောင်းဘွဲ့နှင့် ပေါင်းသင်းဆက်ဆံခြင်း (သံဝါသ) မပြုရန်၊ ပစ္စည်းအပေးအယူ ဆက်ဆံမှု (ပစ္စယ-သမ္ဘောဂ)၊ ရဟန်းတော်တို့နှင့် အတူတကွ စာသင်စာချ တရားဟော တရားနာ တရားဆွေးနွေးဆက်ဆံမှု(ဓမ္မသမ္ဘောဂ) မပြုရန် ညွှန်ပြခဲ့သည်။

(၆) ထို နောသုဒ္ဓနာသုဒ္ဓ ရဟန်းကို အခြားရဟန်းကောင်းတို့က ပစ္စည်းအပေးအယူ ဆက်ဆံခြင်း (ပစ္စယသမ္ဘောဂ)၊ စာသင်

စာချ တရားဟော တရားနာ တရားဓမ္မဆိုင်ရာ ဆက်ဆံမှု (ဓမ္မ-သမ္ဘောဂ) မပြုကြတော့ချေ၊ ဥပမာအားဖြင့် လူပုံအလယ်၌ ပက်လက်အိပ်နေသော လူသေကောင်ကို ကံကြီးကံငယ် အတူ ကကွပြု၍ ပေါင်းသင်းဆက်ဆံမှု (သံဝါသ) မပြုတော့ချေ။ ထို့ကြောင့် နေဝသုဒ္ဓနာသုဒ္ဓ ရဟန်းကို အသက်ရှင်လျက် သေနေသူ (ဇီဝမတက)ဟု အဋ္ဌကထာဆရာတို့ မိန့်ဆိုခဲ့ကြ၏။ ထို့ပြင် အပြင်က စိမ်းရောင်သန်း၍ အတွင်းက ပုပ်နေသော သစ်သီးကို မည်သူကမျှ စားသုံးခြင်း၊ သိမ်းဆည်းခြင်း၊ ရောင်းဝယ်ခြင်း မပြုကြတော့ သကဲ့သို့ ထိုနေဝသုဒ္ဓနာသုဒ္ဓ ရဟန်းကို မည်သည့် ရဟန်းကောင်းကမျှ သက်ဆိုင်ခြင်းမပြုကြတော့ချေ။ ထို့ကြောင့် ထိုနေဝသုဒ္ဓနာသုဒ္ဓ ရဟန်းကို အပြင်က စိမ်းရောင်သန်း၍ အတွင်းပုပ်နေသော သစ်သီးနှင့်ဘူးသည် (အာမကပူတိကော) ဟု အဋ္ဌကထာဆရာတို့ မိန့်ဆိုခဲ့ကြသည်။

(၂) နေဝသုဒ္ဓနာသုဒ္ဓ အဆိုးအဖြတ်ခံရသော ရဟန်းကို လူဝတ်လဲရန် (လိင်္ဂနာသနအားပယ်ရန်) မသင့်မြတ်ခဲ့သော်လည်း လူဝတ်လဲသွားသည့် ထိုရဟန်းလူဆွေကသည် လူ့ဘဝလူ့အဖြစ်၌ အသုံးဝင်သေး၏၊ လူဝတ်မလဲဘဲ နေသော ထိုရဟန်းသည် သံဃာ့ဘဝ၌ သာသနာ့ဘောင်၌ပည်း အသုံးမကျ အသုံးမဝင်၊ လူ့ဘောင်လူ့ဘဝ၌ပယ်း အသုံးမကျ အသုံးမဝင်သဖြင့် လူသေကောင်ဖုတ်ကြသည်းပဂ္ဂိုဏ်ရှု၌ မီးမလောင်ဘဲ ကြွင်းကျန်နေချစ်သော ဝင်းစကို ထင်းကုပ်ပေးတုံးနှင့်သာ တူလေတော့သည်။

(၈) နိုဂုံးချုပ်အားဖြင့် ဝိနည်းဓိုရ်ပုဂ္ဂိုလ်ချေးအနေဖြင့် စုဒိတကပုဂ္ဂိုလ်ဂန်ခံသည့်နှင့်သာ ဝိနည်းဒေါသနာဒုက္ခရ ဒုနာသုဒ္ဓနာသုဒ္ဓ ဆုံးဖြတ်ချက်ချမှတ်ခဲ့ပေသည်၊ အနုန်စင်စက် ဝိနည်းဓိုရ်ပုဂ္ဂိုလ်များ၏စိတ်၌ ထိုစုဒိတကပုဂ္ဂိုလ်အပေါ် သီလမခင်ကြောင်ဟု ထင်မြင်ယူဆထားပြီး ဖြစ်ပေသည်။

## (ခ) အန္တောသီမဋ္ဌကမူ

ဒုတိယအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ တတိယအစည်းအဝေး၏ တာဝန်ပေးချက်အရ နိုင်ငံတော် သံဃမဟာ-နာယက ဆရာတော်(၉)ပါး ပါဝင်သော အန္တောသီမဋ္ဌကမူ ရေးဆွဲရေး ကော်မတီက ရေးဆွဲပြီး ဒုတိယအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် အဖွဲ့ ဒုတိယအစည်းအဝေးက အတည်ပြုခဲ့သော အန္တောသီမဋ္ဌကမူမှာ ဖော်ပြလတ္တံ့ ပါအတိုင်း ဖြစ်ပါသည်—

**မာတိကာ**

(က) သံဃိကကျောင်း၊

(ခ) သံဃိကကျောင်းမှ နှင်ထုတ်သော ပုဂ္ဂိုလ်၊

(ဂ) သံဃိကကျောင်းမှ နှင်ခွင့်ရှိသော ပုဂ္ဂိုလ်၊

(ဃ) အနုဋ္ဌာပနီယပုဂ္ဂိုလ်၊

(င) ဓုဝဝါသ ကျောင်းခံထုတ်သော ပုဂ္ဂိုလ်၊

(စ) ဓုဝဝါသ ကျောင်းထိုင်နာယက တင်မြှောက်နည်း၊

(ဆ) ဥပစာရသိမ်၊

(ဇ) ကြိုတင် ကတိ။

**(က) သံဃိကကျောင်း**

သံဃိကကျောင်းသည်—

(က) လှူဒါန်းသူက သံဃိကအဖြစ် လှူဒါန်းသောကြောင့် သံဃိက ဖြစ်သော ကျောင်း၊

(ခ) သံဃိကအဖြစ် မလှူသော်လည်း သံဃိကဖြစ်သောကျောင်း ဟူ၍ (၂)မျိုးရှိ၏၊ ထိုနှစ်မျိုးတို့တွင်–

(က) သံယိုဇကာ နာမ ဝိဟာရော သံဃသ ဒိန္နော ဟောတိ ပရိစ္စဇတ္တာ။ (ဝိ၊၂။၆၁)အရ သံဃသ ဒမ္မီ-ဟူ၍သော် လည်းကောင်း၊ အာဂတာနာဂတသ စာတုဒ္ဒိသသ သံဃသ ဒမ္မီ-ဟူ၍သော်လည်းကောင်း၊ သံဃံ ဥဒ္ဒိသ ဒမ္မီ-ဟူ၍ သော်လည်းကောင်း နှုတ်မြွက်၍ လှူဒါန်း အပ်သော ကျောင်း၊ ကျောင်းတိုက်သည် လှူဒါန်းသူက သံယိုဂအဖြစ် လှူဒါန်းသောကြောင့် သံယိုဂဖြစ်သော ကျောင်း မည်၏။

(ခ) လှူဒါန်းသူက သံယိုဂအဖြစ် မလှူသော်လည်း သံယိုဂ ဖြစ်သော ကျောင်းသည်—

(၁) မတသန္တက သံယိုဂကျောင်း

(၂) သံယိုဂပစ္စည်း ရောနှောပါဝင်သော သံယိုဂကျောင်း

(၃) ဥပစုသံယိုဂကျောင်းဟူ၍ (၃)မျိုးရှိ၏၊ ထို (၃)မျိုး တိတ်-

## (၁) မတသန္တကသံယိုဂကျောင်း

မတသန္တကသံယိုဂကျောင်းဟူသည်ဘိုက္ခုဃ ဘိက္ခဝေ ကာလက်တေ သံဃော သာမီ ပတ္တ စီဝရေ (ပ) ယံ တတ္ထ ဂရုဘဏ္ဍံ ဂရုပရိက္ခာရံ တံ အာဂတာနာဂတသ စာတုဒ္ဒိသသ သံဃသ အဝိဿဇ္ဇိကံ အဝေဘဏ္ဍိကန္တိ (ဝိ-၃။၄၂၀-၁)နှင့် ယဒိပန ကဿစိ အဒတ္တာ၀ ကာလံ ကရောတိ၊ တဒါ သံဃော၀ တဿ ဝိဟာရဿ သာမိကော ဟောတိ။ ( ဝိနယာလင်္ကာရ၊ဌီ၊ ၂။၆၇ ) တို့အရ ပုဂ္ဂလိက ကျောင်းပင် ဖြစ်စေကာမူ ၀ါစ်စုံ

တစ်ယောက်သော သူအား မပေးစွန့်ဘဲ ပိုင်ရှင်ရဟန်း ပျံ့လွန်တော်မူခဲ့သော် ယင်းကျောင်း၊ ဒကျောင်းတိုက်သည် မတသန္တကသံဃိကကျောင်းမည်၏။

(၂) **သံဃိကပစ္စည်း ရောနှောသော သံဃိကကျောင်း**

သံဃိကပစ္စည်းရောနှောသောသံဃိကကျောင်းဟူသည်–သံဃိက သစ်၊ ဝါး၊ နွယ်စသည် တစ်ခုခုအနည်းငယ်မျှ ယူဝင်ထည့်သွင်း၍ မိမိပိုင်ပစ္စည်းများဖြင့် ဆောက်လုပ်အပ်သော ကျောင်းသည် သံဃိကပစ္စည်းအတွက် အစားမပေး၊ ဝန်ဖိုးမပေးခဲ့သော် သံဃိကပစ္စည်း ရောနှောပါဝင်သော သံဃိကကျောင်း မည်၏။ (ဝိ၊ဌ၊၁။၃၄၂။သာရတ္ထ၊ ၂။၁၆၇)

(၃) **ဥပစုသံဃိကကျောင်း**

ဥပစုသံဃိက ကျောင်းဟူသည်--သံဃိကမြေပေါ်၌ ပုဂ္ဂလိက ပစ္စည်းများဖြင့်သာ ဆောက်လုပ်ထားသော ကျောင်းသည် ဥပစုသံဃိကကျောင်းမည်၏။ (ဝိ၊ဌ၊၄။၈၆)

၁) **သံဃိကကျောင်း၊ ကျောင်းတိုက်မှ နှင်ထိုက်သောပုဂ္ဂိုလ်**

သံဃိကကျောင်း၊ ကျောင်းတိုက်မှ နှင်ထိုက်သော ပုဂ္ဂိုလ်ဟူသည်–

(၁) ဘဏ္ဍနကာရက၊ ကလဟကာရကပုဂ္ဂိုလ်၊

(၂) အလဇ္ဇီပုဂ္ဂိုလ်၊

(၃) အန္ဓရာယကရ ဥမ္မတ္တကပုဂ္ဂိုလ်၊

(၄) အသမ္မာဝတ္တန္တတပည့်မျှား၊
(၅) ဝိသတာဂပုဂ္ဂိုလ်၊
(၆) ကုလဒူသကပုဂ္ဂိုလ်၊
(၇) ပက္ခံ ကတ္ဌာ သံဃဘေဒကပုဂ္ဂိုလ်၊
(၈) ဥပဒေသဝိတိက္ကန္တပုဂ္ဂိုလ်၊
(၉) ဘိန္နလဒ္ဓိကပုဂ္ဂိုလ်–ဟူ၍ (၉)မျိုးရှိသည်။ ထို (၉)မျိုးတို့တွင်–

(၁) ဘဏ္ဍနကာရက ကလဟကာရကပုဂ္ဂိုလ်

ဘဏ္ဍနဟူသည် ကလဟ၏ရှေ့အဖို့၌ မိမိတို့ဘက်သားချင်းတိုင်ပင်ခြင်းဟုဆိုသည်။ ၎င်းကို ပြုလုပ်သောသူသည် ဘဏ္ဍနကာရက ပုဂ္ဂိုလ်မည်၏။

ကလဟဟူသည် အာပတ်သင့်ခြင်းသို့ရောက်စေနိုင်သော ကိုယ်ထိလက်ရောက် လွန်ကျူးခြင်းတည်း၊ ၎င်းကို ပြုလုပ်သော သူသည် ကလဟကာရကပုဂ္ဂိုလ်မည်၏။ (ဝိ၊၆၊၃။၆)

တနည်း–ဒိဋ္ဌသုတပရိသင်္ကာတဟူသော အကြောင်းရင်းမရှိဘဲ သက်သက်မပြစ်ပေါ်သေးသော အဓိကရုဏ်းမှုခင်းများ ဖြစ်ပေါ်လာအောင်၊ ဖြစ်ပေါ်ပြီးသော အဓိကရုဏ်းမှုခင်းများကို ကိုးပွားအောင် ပြုလုပ်စည်းရုံးလှုံ့ဆော်သော ပုဂ္ဂိုလ်ကို ဘဏ္ဍနကာရက ကလဟကာရက ပုဂ္ဂိုလ်အဖြစ် သတ်မှတ်ရမည်ဖြစ်၏။ (ဝိ၊၄။၁)

(၂) အလဇ္ဇီပုဂ္ဂိုလ်

အလဇ္ဇီပုဂ္ဂိုလ်ကား ထင်ရှားပေါ်လွင်ပြီးဖြစ်သည်။

(၃) အန္ဓရာယကရ ဥမ္မတ္တကပုဂ္ဂိုလ်

ဥမ္မတ္တကပုဂ္ဂိုလ်ဟူသည်.....

(က) ဝိ၊၃။၁၆၅-၌လာသော ဥမ္မတ္တကသမ္မုတိ ပေးထားရမသော ဥမ္မဇ္ဇကပုဂ္ဂိုလ်။

(ခ) ဝိ၊ ။၁၆၅၊ ဘူတဂါမဝဂ်နိဂ္ဂုဇုန သိက္ခာပုဒ် အနာပတ္တိ-ဝါရ၌ လာသော တစ်ပါးသော ပုဂ္ဂိုလ်တို့အား အန္တရာယ်ပြုနိုင်သည့် နှင်ထုတ်ထိုက်သော အန္တရာယ-ကရသမ္မတ္တက ပုဂ္ဂိုလ်ဟူ၍ နှစ်မျိုးရှိသည်။ သိုနှစ်မျိုးတို့တွင် ဤ၌ အန္တရာယကရ ဥမ္မတ္တကပုဂ္ဂိုလ်ကို အလိုရှိအပ်၏။

(၄) အသမ္မာဝတ္တန္တ တပည့်များ

အသမ္မာဝတ္တန္တ တပည့်များဟူသည်– ဥပဇ္ဈာယ်ဆရာန်သရည်း ဆရာစသည်တို့က ဝိနည်းတော်နှင့်အညီ ဆုံဆုံးမသည်ကို မလိုက်နာသော အနေ့ဂါသိက သဒ္ဓိဝိဟာရ်က တပည့်များကို အသမ္မာဝတ္တန္တ တပည့် ခေါ်၏။

(၅) ဝိသဘာဂပုဂ္ဂိုလ်

ဝိသဘာဂပုဂ္ဂိုလ်ဟူသည် မသေရ်ကြီးတို့အား အရှိအသေပြုခြင်း စသော သာ့မဂ္ဂိရသမ္ပကင်းသော ပုဂ္ဂိုလ်သည် ဝိသဘာဂ ပုဂ္ဂိုလ်မည်၏။ (ဝိ၊ဌ၊၃။၄၆။ ဝိနယာလင်္ကာရဋီ၊ ၂။ ၈၅)

တနည်း–ဆရာဥပဇ္ဈာယ်တို့၏ ကြီးပွားမှုကို အလိုမရှိသောသူသည် ဝိသဘာဂ ပုဂ္ဂိုလ်မည်၏။ (ဝိမတိ၊ ၂။၁၀၃) တနည်း–ရန်သူရဟန်းသည် ဝိသဘာဂ ပုဂ္ဂိုလ်မည်၏။ (ဝိ၊ဌ၊၄။၁၂၄)

(၆) ကူလဒူသကပုဂ္ဂိုလ်–ယင်းပုဂ္ဂိုလ်ကား ထင်ရှားပေါ်လွင်ပြီးဖြစ်သည်။

## (၇) ပက္ခံ ကတ္တာ သံဃဘေဒကပုဂ္ဂိုလ်

ပက္ခံ ကတ္တာ သံဃဘေဒက ပုဂ္ဂိုလ်ဟူသည်–ပက္ခပြု၍ နီးစပ်ရာ ပုဂ္ဂိုလ်မျှားကို စည်းရုံးပြီး သံဃာကိုခွဲသော ဘဏ္ဍန-ကာရကာ ကလဟကာရက-ပုဂ္ဂိုလ်ကို ပက္ခံ ကတ္တာ သံဃ-ဘေဒက ပုဂ္ဂိုလ်ခေါ်၏။ (ဝိ၊ဌ၊၃၊၄၇-ဂ)

## (ဂ) ဥပဒေသဝိတိက္ကန္တပုဂ္ဂိုလ်

ဥပဒေသဝိတိက္ကန္တ ပုဂ္ဂိုလ်ဟူသည် ထေရဝါဒ ဗုဒ္ဓ-သာသနာဝင်ဖြစ်၍ သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများတို့နှင့် အညီ အသိအမှတ်ပြုထားပြီး သည့် ကျောင်း/ကျောင်းတိုက် ဥပဒေစည်းကမ်း စည်း-မျဉ်းကို ဖောက်ဖျက်ကျူးလွန်သော ပုဂ္ဂိုလ်တည်း။

## (ဃ) ဘိန္နလဒ္ဓိကပုဂ္ဂိုလ်

ဘိန္နလဒ္ဓိက ပုဂ္ဂိုလ်ဟူသည်–လဇီပေသလာဒီနံ ဥပေါ-သထာဒိအန္တရာယကရာ အလဇီနော ဘိန္နလဒ္ဓိကာ စ ဘိက္ခူ အဓိပ္ပေတာ၊ တေဟိ သဟ ဥပေါသထာဒိကရဏဝေယောဂေါ (ဝိမတိ၊၁၊၁၆၉)။

ရာဇဝလ္လဘေဟီတိ အဖွင့်။ ဥပုသ်ပဝါရဏာ စသော သံဃာ့ကံကို လဇီပုဂ္ဂိုလ်တို့နှင့် အကူတက္ခ မပြုဘဲ အန္တရာယ် ပြုသူသည် ဘိန္နလဒ္ဓိက ပုဂ္ဂိုလ်မည်၏။

## (ဂ) သံဃိကကျောင်း၊ကျောင်းတိုက်မှ နှင်ထုတ်ခွင့်ရှိသောပုဂ္ဂိုလ်

သံဃိကကျောင်း၊ ကျောင်းတိုက်မှ နှင်ထုတ်ခွင့်ရှိသော ပုဂ္ဂိုလ်ဟူသည်–သက်ဆိုင်ရာ ကျောင်း၊ ကျောင်းတိုက်၏ ဣသရိယ ပုဂ္ဂိုလ်က သော်လည်းကောင်း၊ နှင်ပိုင်ခွင့် အာဏာ ရှိသော ပုဂ္ဂိုလ်က သော်လည်းကောင်း နှင်ထုတ်ခွင့်ရှိသည်။

ရှာနီးကျောင်းနေ(ဗဟိသီမဋ္ဌက)ရဟန်းတို့သည် ရဟန်းသံဃာ အားလုံး ထွက်ခွာသွားကြသဖြင့် ရဟန်းသံဃာမရှိသော သံဃိက ကျောင်း၊ ကျောင်းတိုက်မှ တစ်စုံတစ်ခုသော သံဃိကပစ္စည်း၊ ပရိက္ခရာကို တာဝကာလိက ဆောင်ယူပြီးလျှင် ကျောင်းဆောက် လုပ်အံ့၊ ထိုမူလပစ္စည်းကို သော်လည်းကောင်း၊ ထိုမူလပစ္စည်း၏ တန်ဖိုးကိုသော်လည်းကောင်း ပေးအပ်ရမည်သာ၊ မပေးဘဲ မနေရ။ (ဝိ၊ဌ၊ ၁။၃၄၃။ သာရတ္ထ၊ ၂။၁၆၈) ဤအဋ္ဌကထာ ဋီကာကိုထောက်၍ ဗဟိသီမဋ္ဌက ပုဂ္ဂိုလ်များသည် အညသီမဋ္ဌက သံဃိက ပစ္စည်းများကို ဣဿရိယ အဖြစ်ဖြင့် စောင့်ရှောက် ထိန်းသိမ်းခွင့် မရှိကြောင်း ထင်ရှားပါသည်။ ထို့ပြင်–

(က) ဝိ၊၄။၃၁၈၊ အရ ဗဟိသီမဋ္ဌကဖြစ်ခိုက်ရဟန်းအား အန္တောသီမဋ္ဌကကျောင်းကို မခံစေရ၊

(ခ) ဝိ၊၄။၃၂၅၅၊ အရ ဗဟိသီမဋ္ဌကဖြစ်ခိုက်ရဟန်းအား အန္တောသီမဋ္ဌကနဝကမ္မကို မပေးရ၊

(ဂ) ဝိ၊ ၃။၃၉၇။၄၂၇။ ဝိ၊ဌ၊ ၃။ ၄၀၅။ ၄၂၀။ ဝိ၊ဌ၊ ၄။ ၈၈-၉။ ဝိသင်္ဂဟ။ ၂၆၄-စသည်တို့အရ အန္တောသီမဋ္ဌက လဟုဘဏ္ဍာကို အန္တောသီမဋ္ဌက သံဃာတော်များသာ သုံးဆောင်ခွင့်ရှိ၍ ဗဟိသီမဋ္ဌက သံဃာတော်များ သုံးဆောင်ခွင့် မရှိခြင်း–

အထက်ပါ ပါဠိတော် အဋ္ဌကထာတို့အရလည်း ဗဟိသီမဋ္ဌက ပုဂ္ဂိုလ်၊ ဂိုဏ်း၊ သံဃာတော်များသည် အညသီမဋ္ဌက သံဃိက ပစ္စည်းများကို ဣဿရိယအဖြစ်ဖြင့် စောင့်ရှောက် ထိန်းသိမ်းခွင့် မရှိကြောင်း ထင်ရှားပါသည်။ ထို့ကြောင့် ပဏ္ဍိတ ဗျတ္တံ အန္တော-သီမဋ္ဌက ရဟန်းရှိနေပါလျက် သံဃိကကျောင်းကို ဗဟိသီမဋ္ဌက ရဟန်းအားသော်လည်းကောင်း၊ ဂိုဏ်းအားသော်လည်းကောင်း၊

ရဟန်း ပုဂ္ဂိုလ်၊ လူပုဂ္ဂိုလ်အား သော်လည်းကောင်း ဤသရီယ အဖြစ်ဖြင့် ထိန်းသိမ်းစောင့်ရှောက်ခွင့် မပြုသင့်ပေ။

(ဃ) အနုဋ္ဌာပနီယ ပုဂ္ဂိုလ်လေးမျိုး

အနုဋ္ဌာပနီယ ပုဂ္ဂိုလ်ဟူသည်-

(၁) ဝုဏ္ဏတရပုဂ္ဂိုလ်

(၂) ဘဏ္ဍာဂါရိကပုဂ္ဂိုလ်

(၃) ဂိလာနုပုဂ္ဂိုလ်

(၄) သံဃတောဒဿနာဝသန ပုဂ္ဂိုလ်ဟူ၍ လေးမျိုးရှိ၏။ ယင်း ပုဂ္ဂိုလ်လေးမျိုးကို-အာဂံယုတ္တဖြစ်သော ဝုဏ္ဏတရနှင့်ဂိလာန တို့ကား အနုဋ္ဌာပနီယသာ ဖြစ်သော ပုဂ္ဂိုလ်မည်၏။ (ဝိ၊ဌ၊ ၃။၄၅)

သံဃသမ္မုတိ-ရ ဘဏ္ဍာဂါရိကနှင့် သံဃတောဒဿနာသန ဖြစ်သော ဓမ္မကထိက ဝိနယဓရ ဂဏာဝါစက စသည်နှင့်တကွ အာဂံယုတ္တဖြစ်သော ဝုဏ္ဏတရကို့သည် အနုဋ္ဌာပနီယနှင့် ဓုဝဝါသနှစ်မျိုးစုံဖြစ်သော ပုဂ္ဂိုလ်မည်၏။ (ဝိ၊၄။၃၁၁။ဝိ၊ဌ၊၃။၄၆။ ဝိနယ္ယာ လင်္ကာရ ဌီ၊ ၂။၈၂)

(c) ဓုဝါသအနုဋ္ဌာပနီယ ကျောင်းထိုင်နာယကတင်မြှောက်ထိုက်သောပုဂ္ဂိုလ်

(က) ဗဟုပကာ၊ဂုဏ် ဂုဏ်ဝတ်သီ၊ဂုဏ် အင်္ဂါနှစ်ပါး (သို့မဟုတ်) ယင်း၊ဂုဏ်၊ အင်္ဂါ နှစ်ပါးတို့တွင် တစ်ပါးပါးနှင့် ပြည့်စုံသော ပုဂ္ဂိုလ်ကို ဓုဝဝါသ အနုဋ္ဌာပနီယ ကျောင်းထိုင်နာယကတင်မြှောက်ရမည်။

(ခ) အင်္ဂယုတ္တ သီတင်းငယ် ပုဂ္ဂိုလ်နှင့် အင်္ဂဝိယုတ္တ သီတင်းကြီး နှစ်မျိုး ရှိသောကျောင်း၊ ကျောင်းတိုက်၌ အင်္ဂယုတ္တ ပုဂ္ဂိုလ်ကိုသာ ဓုဝဝါသ အနုဋ္ဌာပနီယ ကျောင်းထိုင် နာယက တင်မြှောက်ရမည်။ သို့ရာတွင် သီတင်းကြီးကို နေရာမှ မထစေသင့်။

(ဂ) အင်္ဂယုတ္တပုဂ္ဂိုလ်နှစ်ပါး၊ သုံးပါးစသည် ရှိခဲ့သော် ဝုဗုတရ ဖြစ်သော အင်္ဂယုတ္တ ပုဂ္ဂိုလ်ကိုသာ ဓုဝဝါသ အနုဋ္ဌာပနီယ ကျောင်းထိုင်နာယက တင်မြှောက်ရမည်။ (ဝိ၊၄။၃၁၁။ ဝိနယာလင်္ကာရ၊ ဌီ၊ ၂။၈၂)

လစ်လပ်သော ကျောင်းအမျိုးရှိရာ၌ ဝုဗုတရဖြစ်သော အင်္ဂယုတ္တ ပုဂ္ဂိုလ်အား ကြိုက်နှစ်သက်ရာ ကျောင်းကို ပေးရမည်။ ကျန်သော ကျောင်းကို သီတင်းငယ်အား ပေးရမည်။ (ဝိ၊၄။၃၁၁)

(ဃ) ဗာလ အဗျတ္တ ရဟန်းတို့ နေထိုင်ရာကျောင်း၊ ကျောင်းတိုက်သို့ အင်္ဂယုတ္တပုဂ္ဂိုလ် ကြွရောက်လာပါက ယင်း အင်္ဂယုတ္တပုဂ္ဂိုလ်ကို ဓုဝဝါသ အနုဋ္ဌာပနီယ ကျောင်းထိုင် နာယက တင်မြှောက်ရမည်။

(င) အကယ်၍ အနွှောသီမဋ္ဌကရဟန်းများ ဗာလ အဗျတ္ထ ဖြစ်နေကြလျှင် ပဏ္ဍိတ ဗျတ္ထ ရဟန်းဘို့ နေထိုင်ရာ ကျောင်း၊ ကျောင်းတိုက်သို့ ရှေ့ပြောင်း နေထိုင်ရမည်။ ရှေ့ပြောင်း မနေလိုပါက ဗဟိသီမဋ္ဌက အင်္ဂယုတ္တပုဂ္ဂိုလ်ကို ပင့်ဆောင်ထားပြီး နေထိုင်ကြရမည်။ ယင်းအင်္ဂယုတ္တ ပုဂ္ဂိုလ်ကို ဓုဝဝါသအနုဋ္ဌာပနီယ ကျောင်းထိုင်နာယက တင်မြှောက်ရမည်။ - (ဝိ၊၃။၁၆၀-၁။ ဝိ၊ဋ္ဌ၊၃။၃၄၂-၃။ ဝိ၊သင်္ဂဟ။၂၀၉။ ဝိနယာလင်္ကာရ ဌီ၊ ၂။၈၂၊၈၃၊၈၅)

ရှင်းချက်။ ။ဗဟုပကာရဂုဏ်နှင့် ပြည့်စုံသောသူဟူသည်- ဘဏ္ဍာစုံး ရဟန်းတည်း။ (သာရတ္ထ၊၃။၃၀) ဓမ္မကထိက၊ ဝိနယဓရ၊ ဂဏဝါစက အစရှိသော ပုဂ္ဂိုလ်တို့ကို ဆိုလိုသည်။ (ကခ်ါဠီကာသစ်။၃၆၈။ ဝိနယာလင်္ကာရ၊ဋီ၊ ၂။၅၄)

ဂုဏဝိသိဋ္ဌဂုဏ်နှင့် ပြည့်စုံသောသူဟူသည်-ဓမ္မကထိက၊ ဝိနယဓရ၊ ဂဏဝါစက အစရှိသော ပုဂ္ဂိုလ်မျှားပင် ဖြစ်သည်။ (သာရတ္ထ၊၃။၃၀။ ကခ်ါဠီကာသစ်။၃၆၈။ ဝိနယာလင်္ကာရ၊ဋီ၊ ၂။၅၄။)

မှတ်ချက်။ ။ဓမ္မကထိက၊ ဝိနယဓရ၊ ဂဏဝါစက အစရှိသော ပုဂ္ဂိုလ်မျှားကို (ဝိ၊ဋ္ဌ၊၃။၄၀၄။ ဝိ၊ဋ္ဌ၊၄။၂၅၃)တို့၌ ဗဟုသုတ ပုဂ္ဂိုလ်ဟု သုံးနှုန်းထားသည်။

## (စ) ဓုဝဝါသအနုဋ္ဌာပနီယ ကျောင်းထိုင်နာယက တင်မြှောက်နည်း

ဥပစာရ သိမ်အတွင်း၌ သီမဋ္ဌကသံဃာကို သုတ်သင်ပြီး ဆန္ဒထိုက်သော ရဟန်းတို့၏ ဆန္ဒကို ဆောင်၍ သမဂ္ဂသံဃာ၏ အလိုအားဖြင့် သုံးကြိမ် ကြားစေပြီးလျှင် အင်္ဂယုတ္တပုဂ္ဂိုလ်ကို ဓုဝဝါသအနုဋ္ဌာပနီယ ကျောင်းထိုင်နာယက တင်မြှောက်ရမည် (ဝိ၊ဋ္ဌ၊၃။၄၆၊၄၀၄။ ဝိ၊ဋ္ဌ၊၄။၂၅၃။ ကခ်ါဠီသစ်။၃၆၈။)

## (ပုံစံ) ဦးတိဿ ယသဝဟုနကျောင်း

အရှင်ဘုရားတို့ သံဃာတော်ကို တပည့်တော် မေးမြန်းပါ၏၊ ဦးတိဿသည် ဗဟုပကာရဂုဏ်၊ ဂုဏဝိသိဋ္ဌဂုဏ်တို့နှင့် ပြည့်စုံပါသည်ဘုရား။ ဦးတိဿကို ယသဝဟုနကျောင်း၌ ဓုဝဝါသအနုဋ္ဌာပနီယ ကျောင်းထိုင် နာယကအဖြစ် တင်မြှောက်ခြင်းသည် သံဃာတော်အား နှစ်သက်ပါ၏လော၊ အရှင်ဘုရားတို့ နှစ်ကြိမ်မြှောက်လည်း (ပ) နှစ်သက်ပါ၏လော၊ သုံးကြိမ်မြှောက်လည်း (ပ) နှစ်သက်ပါ၏လော၊ မေးမြန်းပါ၏။ (ဝိ၊ဋ္ဌ၊၄။၂၅၁)

## (ဆ) ဥပစာရသိမ်

ဥပစာရသိမ်ဟူသည်–ဥပစာရသီမာ ပရိကို့တ္တာသ ဝိဟာရသ ပရိကွေ့-ပေန, အပရိကို့တ္တာသ ပရိကွေ့ပါရဟာဌာနေန ပရိစ္ဆိန္နာ ဟောတိ၊ အပိ စ ဘိက္ခူနံ ဓုဝသန္နိပါတဌာနတော ဝါ ပရိယန္တေ ဌိတဘောဇနသာလတော ဝါ နိဗဒ္ဓဝသနအာဝါသတော ဝါ ထာမမဇ္ဈိမသ ပုရိသဿ ဒ္ဝိန္နံ လေဋ္ဌုပါ-တာနံ အန္တောဝ ဥပစာရသီမာတိ ဝေဒိတဗ္ဗာ (ပ) တသ္မာ သစေ ဝိဟာရေ သန္နိပတိတာဘိက္ခူဟိ သဒ္ဓိံ ကေဘဒ္ဒါ ဟုတ္ဝာ ယောဇနသတမ္ပိ ပူရေတ္ဝာ နိသီဒန္တိ၊ (ဝိ၊ဌ၊၃။၄၁၇။ ကခ်ီ။၁၅၉။ ဝိ၊သင်္ဂ်ဟ။၂၄၉)အရ အာရာမ်ရှိသော ကျောင်းတိုက်ဖြစ်မူ အာရာမ်ဖြင့် ပိုင်းခြားအပ်သော အရပ်သည်လည်းကောင်း၊ အာရာမ် မရှိသော ကျောင်းတိုက်ဖြစ်မူ အာရာမ်ထိုက်ရာ အရပ်ဖြင့် ပိုင်းခြားအပ်သော အရပ်သည်လည်းကောင်း ဥပစာရသိမ် မည်၏။

## (ဇ) ကြိုတင်ကတိ

အန္တောသီမဌကနှင့် ဗဟိသီမဌက၊ သို့မဟုတ် အန္တောသီမဌက ဖြစ်သော ရဟန်းသာမဏေ အချင်းချင်း ဝိဝါဒ အနုဝါဒ ဖြစ်ပွားခဲ့သည်ရှိသော် တရားရှုံးသောသူက မှုခင်းဖြစ်ပွားရာ အာရာမ်အတွင်းမှ ထွက်ခွါပေးပါမည်။ ထွက်ခွါမပေးခဲ့သော် သက်ဆိုင်ရာက ယင်းအာရာမ်အတွင်းမှ ဖယ်ရှားခံပါမည်ဟု ကိုယ်တိုင် ပဋ္ဌိညာဉ်ဝန်ခံချက်ကို အမှုမစစ်ဆေးမီ သက်ဆိုင်ရာ မူလ သံဃဝိနိစ္ဆယအဖွဲ့ ရှေ့မှောက်၌ စောဒက စုဒိတကတို့က ကိုယ်တိုင် လက်မှတ်ရေးထိုးထားကြရမည်။

## (ဈ) ဥပဇ္ဈာယ်ဃိက ဥပဇ္ဈာပုဂ္ဂလိကမူ

ဒုတိယအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (၄၇)ပါး စုံညီ ဒုတိယအစည်းအဝေးနှင့် စတုတ္ထအစည်းအဝေးက ဥပဇ္ဈာယ်ဃိက ဥပဇ္ဈာပုဂ္ဂလိက မူကြမ်းကို နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များထံ (၂)ကြိမ် ပေးပို့၍ အကြံပြုလွှာများကို တောင်းခံခဲ့ရာ နိုင်ငံတော်

ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်(၉၆)ပါးက ပေးပို့လာသော အကြံပြုလွှာ မျှားကို အခြေခံလျက် ဥပစုသံဃာက ဥပစုပုဂ္ဂလိကမှုကို ပြန်လည်ရေးဆွဲ တင်ပြ၍ ဒုတိယအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ စတုတ္ထ အစည်းအဝေးက အတည်ပြုခဲ့သော ဥပစုသံဃာက ဥပစုပုဂ္ဂလိကမှုမှာ ဖော်ပြလတ္တံ့ပါအတိုင်း ဖြစ်ပါသည်—

(၁) ပုဂ္ဂလိက ပစ္စည်းသက်သက်ဖြင့် သံဃာ့မြေပေါ်၌ ဆောက်လုပ်အပ်သော ဥပစုသံဃာက, ဥပစုပုဂ္ဂလိက ကျောင်းတစ်ကျောင်းလုံးကို သံဃာအဖို့ ပုဂ္ဂလိကအဖို့ မခွဲခြားဘဲ နှစ်ကျောင်းဖြစ်က သံဃာကျောင်း ပုဂ္ဂလိကကျောင်း မခွဲခြားဘဲ ဥပစုပုဂ္ဂလိက ပိုင်ဆိုင်သော ပုဂ္ဂိုလ်က မိမိတစ်ဦးတည်း၏ သဘောဆန္ဒဖြင့် သံဃာအား ပေးလှူလျှင် သုဒိန္နဖြစ်၍ လုံးဝ သံဃာကျောင်း အဖြစ်သို့ ရောက်သည်။

(၂) ဂိုဏ်း/ပုဂ္ဂိုလ်အား ပေးစွန့်လှူဒါန်းလျှင် သုဒိန္နဖြစ်သော်လည်း သံဃာ့မြေပေါ်၌ တည်နေသမျှ ကာလပတ်လုံး ဥပစုသံဃာ အဖြစ်မှ မလွှတ်ခြင်းကြောင့် ထက်ဝက်ကို သံဃာ့ပရိဘောဂ ထက်ဝက်ကို ဂဏာ၊ ပုဂ္ဂလိကပရိဘောဂအဖြစ် သုံးဆောင်ထိုက်ပါသည်။

(၃) အကယ်၍ လက်ခံရရှိသော ဂိုဏ်း/ပုဂ္ဂိုလ်တို့က ထိုကျောင်းကို သံဃာ့မြေပေါ်မှ ပြောင်းရွှေ့ယူသွားလျှင် ဥပစုသံဃာ့အဖြစ်မှ လွှတ်၍ သက်သက်သော ဂဏာ ကျောင်း/ ပုဂ္ဂလိကကျောင်း အဖြစ်သို့ ရောက်သည်။

(၄) ဆိုခဲ့ပြီးသော ဥပစုသံဃာ၊ ဥပစုပုဂ္ဂလိက တစ်ကျောင်းတည်းကို သံဃာအဖို့, ပုဂ္ဂလိကအဖို့ ခွဲခြား ဝေဖန်၍ လည်းကောင်း၊ နှစ်ကျောင်းဖြစ်က သံဃာတစ်ကျောင်း၊ ပုဂ္ဂလိကတစ်ကျောင်း ခွဲခြား ဝေဖန်၍ လည်းကောင်း၊ ပုဂ္ဂလိကအဖို့ ပုဂ္ဂလိကကျောင်းကို ပိုင်ရှင်ပုဂ္ဂိုလ်က မိမိ၏ သဒ္ဓိဝိဟာရိက ဇသူတို့ဒေါ်း ပေးစွန့်လျှင်

သုဒိန္နဖြစ်သည်၊ ထိုအဖို့ ထိုကျောင်းသည် သံဃာအား ဘုရားဝတ်ပေးပြီး ဖြစ်၍ ခံယူသူ သဒ္ဓိဝိဟာရိက စသည်တို့၏ ပုဂ္ဂလိက-သာ ဖြစ်သည်။

(၅) ဥပဓိပုဂ္ဂလိက ပိုင်ဆိုင်သော ရဟန်းကော်တစ်ပါးတည်းရှိနေသော ကျောင်းတိုက်၌ ဥပဓိသံဃာ၊ ဥပဓိပုဂ္ဂလိကကျောင်းကို ပိုင်ရှင် ရဟန်းက သံဃာ၊ ပုဂ္ဂလိက ဝေဖန်ပိုင်းခြား၍ ဗဟိသီမဌက ရဟန်းတစ်ပါးကို ပင့်ဆောင်ပြီးလျှင် အန္တောသီမဌက ပြု၍ ပုဂ္ဂလိက အဖွဲ့အစုကို ပုဂ္ဂလိကပေးနည်းဖြင့် ပေးအပ်၍ သံဃာ အဖွဲ့အစုကို' သံဃာ လှဲအပ်နည်းဖြင့် ရက္ခက ဂေါပကအဖြစ် လှဲပြောင်း အပ်နှံလျှင် အပ်စပ်သည်။

## နောက်ဆက်တွဲ (၁)

# စောဒကစုဒိတကနှင့် ဝိနည်းဓိုရ်ပုဂ္ဂိုလ်တို့၏ ကျင့်ဝတ်များ

## စောဒကလက္ခဏာများ

### အဓမ္မစောဒကလက္ခဏာ (ဝိ-၄/၄၃၈၊ ဝိ-၅/၂၈၀)

(၁) စုဒိတကပုဂ္ဂိုလ်သည် ပရိသတ်အလယ်ရောက်နေစဉ်အခါ ကဲ့သို့သော မလျောက်ပတ်သောအခါ၌ စောဒနာခြင်း။

(၂) မဟုတ်မမှန်သဖြင့် စောဒနာခြင်း။

(၃) ကြမ်းတမ်းသော အမူအရာ စကားအသုံးအနှုန်းဖြင့် စောဒနာခြင်း။

(၄) စုဒိဟကအား အကျိုးမဲ့သက်သက်ဖြစ်စေမည့်အကြောင်းအရာဖြင့် စောဒနာခြင်း။

(၅) မေတ္တာစိတ် ကင်းမဲ့သည်ဖြစ်၍ ဒေါသစိတ်ဖြင့် စောဒနာခြင်း။

### ဓမ္မစောဒက လက္ခဏာ (ဝိ-၄/၄၃၈၊ ဝိ-၅/၂၈၀)

(၁) သင့်လျော်လျောက်ပတ်သော အခါ၌ စောဒနာခြင်း။

(၂) ဟုတ်မှန်သဖြင့် စောဒနာခြင်း။

(၃) သိမ်မွေ့သော အမူအရာ စကားအသုံးအနှုန်းဖြင့် စောဒနာခြင်း။

(၄) စုဒိတဂဘဘား ဘကျွိုးစီးပွားဖြစ်စေမည့် အကြောင်း အရာဖြင့် စောဒနာခြင်း။

(၅) ဒေါသစိတ် ကင်းသည်ဖြစ်၍ မေတ္တာစိတ်ဖြင့် စောဒနာ ခြင်း။

**ဗာလစောဒက လက္ခဏာ** (ဝိ–၄/၄၃၈၊ ဝိ–၅/၂၈၀)

(၁) ရှေစကားနှင့် နောက်စကား ဆီလျော်ဆန့်ကျင်မှု ရှိ, မရှိကို မသိတတ် (အမြီးအမောက်မတည့်)။

(၂) ရှေစကားနှင့်နောက်စကား မဆန့်ကျင်အောင် ဆီလျော် အောင် ပြောဆိုရာ၌ လိမ္မာကျမ်းကျင်မှု မရှိ။

(၃) အမှုအခြောင်းအရာနှင့် စပ်ဆိုင်သော စကား မစပ်ဆိုင် သော စကားကို ခွဲခြားမသိတတ်။

(၄) အမှုနှင့်သက်ဆိုင်သော စကားကို ပြောဆိုရာ၌ လိမ္မာ ကျမ်းကျင်မှုမရှိ(မှုခင်းဖြစ်ပွားပုံကို အစီအစဉ်စနစ်တကျ မတင်ပြတတ်)။

**ပဏ္ဍိတစောဒက လက္ခဏာ** (ဝိ–၅/၂၁၀)

(၁) ရှေစကား နောက်စကား ဆီလျော်မှု၊ ဆန့်ကျင်မှု ရှိ, မရှိကို သိတတ်ခြင်း။

(၂) ရှေစကားနှင့်နောက်စကား မဆန့်ကျင်အောင် ဆီလျော် အောင် ပြောဆိုရာ၌ လိမ္မာကျမ်းကျင်မှုရှိခြင်း။

(၃) အမှုအခြောင်းအရာနှင့် စပ်ဆိုင်သော စကား မစပ်ဆိုင် သော စကားတို့ကို ခွဲခြားမသိတတ်ခြင်း။

(၄) အမှုနှင့်စပ်ဆိုင်သော စကားကို ပြောဆိုရာ၌ လိမ္မာ ကျမ်းကျင်မှုရှိခြင်း (မှုခင်းဖြစ်ပွားပုံကို အစီအစဉ် စနစ် တကျ တင်ပြတတ်၏)။

(ခ) စောဒကပုဂ္ဂိုလ်၏ ကျင့်ဝတ်များ (ဝိ–၄/၄၃၇၊ ဝိ–၅/၂၈၃)

စောဒကပုဂ္ဂိုလ်သည် စုဒိတကပုဂ္ဂိုလ်ကို စောဒနာရာဇ်ဖော်ပြလတ္တံ့ပါ ကျင့်ဝတ်တရား ငါးပါးတို့ဖြင့် ရပ်တည်လျက် စောဒနာရမည်—

(က) သင့်လျော် လျောက်ပတ်သော အခါ၌ ပြောဆိုရမည်၊ မသင့်လျော်သော အခါ၌ မပြောဆိုရ။

(ခ) ဟုတ်မှန်သည်ကို ပြောဆိုရမည်၊ မဟုတ်မမှန်သည်ကို မပြောဆိုရ။

(ဂ) သိမ်မွေ့နူးညံ့စွာ ပြောဆိုရမည်၊ ကြမ်းတမ်းစွာ မပြော, မဆိုရ။

(ဃ) အကျိုးစီးပွားနှင့် စပ်သဖြင့် ပြောဆိုရမည်၊ အကျိုးစီးပွားနှင့် မစပ်သဖြင့် မပြောဆိုရ။

(င) မေတ္တာစိတ်ရှိသည်ဖြစ်၍ ပြောဆိုရမည်၊ ဒေါသစိတ်ဖြင့် မပြော, မဆိုရ။

(ဂ) စုဒိတကပုဂ္ဂိုလ်၏ ကျင့်ဝတ်များ (ဝိ–၄/၄၃၉၊ ဝိ–၅/၂၈၃)

စုဒိတကပုဂ္ဂိုလ်သည် သံဃဝိနိစ္ဆယအဖွဲ့ ရှေ့မှောက်၌ ဖော်ပြလတ္တံ့ပါ ကျင့်ဝတ်ဘရားနှစ်ပါး၌ တည်သောအားဖြင့် လိုက်နာကျင့်သုံးရမည်—

(က) လွန်ကျူးမိလျှင် လွန်ကျူးမိကြောင်း စသည်ဖြင့် အမှန်အတိုင်း ထွက်ဆိုရမည်။

(ခ) စောဒကပုဂ္ဂိုလ်၌ လည်းကောင်း၊ အမှုစစ်ဆေးသည့် ဝိနည်းဓိုရ်ဆရာတော် အပေါ်၌လည်းကောင်း တရား

ခွင်သို့ လာရောက်နားခေတာင်းကြသည့် သံဃာ့ပရိသတ်၊ လူပရိသတ်၌လည်းကောင်း ဒေါသအမျက် မုထွက်မိစေရန် သတိဖြင့် စောင့်ထိန်းရမည်။

(ဃ) တရားခွင်၌ ဝိနည်းဓိုရ်ပုဂ္ဂိုလ် လိုက်နာကျင့်သုံးရန်(ဝိ-၅/၂၇၂)

(၁) စကားကို အလွန်မြန်စွာ မပြောရ၊ (ပီပြင်ပြတ်သားစွာ ပြောရမည်)၊

(၂) ကြမ်းကြမ်းတမ်းတမ်း မပြောရ။

(၃) စောဒကခ် လည်းကောင်း၊ စုဒ်ဘကခ် လည်းခကောင်း ဒေါသအမျက် မထွက်စေရ။

(၄) အဆောတလျင် မစဉ်းမစား မပြောရ။

(၅) အငြင်းအခုန်ဖြစ်စေမည့် စကားချိုးကို မပြောရ။

(၆) အကျိုးစီးပွားနှင့်မစပ်သော စကားကို မပြောရ။

(၇) တိရစ္ဆာန်ကထာကို မပြောရ။

(၈) မိမိကိုယ်တိုင် စွမ်းနိုင်ပါက တရားစကား ပြောဟောရမည်၊ သို့မဟုတ် တပါးကို ပြောဟောရန် တိုက်တွန်းရမည်၊ သို့မဟုတ် တိတ်ဆိတ်စွာ နေရမည်။

(c) ဝိနည်းဓိုရ်ပုဂ္ဂိုလ် မမေးအပ်သော မေးခွန်းများ

(၁) စောဒက၊ စုဒ်ဘကတို့၏ ဥပဇ္ဈာယ်ဆရာ၏ ဘွဲ့အမည်ကို မမေးအပ်။

(၂) စောဒက၊ စုဒ်ဘကတို့၏ နိဿရည်းဆရာ၊ စာချဆရာတို့၏ ဘွဲ့အမည်ကို မမေးအပ်။

(၃) စောဒက၊ စုဒိတကတို့နှင့် အတူနေတပည့်၏ ဘွဲ့အမည်ကို မမေးအပ်။

(၄) စောဒက၊ စုဒိတကတို့၏ အနီးနေတပည့်၏ ဘွဲ့အမည်ကို မမေးအပ်။

(၅) ဥပဇ္ဈာယ်တူတပည့်၏ ဘွဲ့အမည်ကို မမေးအပ်။

(၆) အတူတက္ခ စာသင်ဖက် ဖြစ်ခဲ့ဖူးသော ပုဂ္ဂိုလ်၏ ဘွဲ့အမည်ကို မမေးအပ်။

(၇) မင်းမျိုး၊ ပုဏ္ဏားမျိုး စသော အမျိုးကို မမေးအပ်။

(၈) ဂေါတမအနွယ်၊ ကဿပအနွယ် စသော အနွယ်ကို မမေးအပ်။

(၉) ဒီဃဘာဏက အာဂုံဆောင်ခြင်း စသော အာဂုံဆောင်မှုကို မမေးအပ်။

(၁၀) အမျိုးအထူးကို မမေးအပ်။

(၁၁) ဇာတိရပ်ရွာကို မမေးအပ်။

ဤမေးခွန်းများကို မမေးရန် တားမြစ်ထားခြင်းမှာ စောဒက၊ စုဒိတကသည် ဝိနည်းဓိုရ်ပုဂ္ဂိုလ်နှင့် ဆရာတပည့် စပ်ခြင်း၊ အမျိုးအနွယ် အရပ်ဒေသ ဆက်စပ်မှုရှိခြင်း၊ တစ်ခုခု တွေ့ရှိရ၍ ဝိနည်းဓိုရ်ပုဂ္ဂိုလ်သည် စောဒက၊ စုဒိတကတို့အပေါ် ဒဏ် ချစ်ခြင်း၊ မုန်းခြင်း ဖြစ်လာနိုင်ပေသည်၊ ထိုချစ်ခြင်း၊ မုန်းခြင်းကို အခြေခံ၍ ဝိနိစ္ဆယဆုံးဖြတ်ချက် ချမှတ်သည့်အခါ အဂတိတရားလေးပါး လိုက်စားခြင်းကို အခြေခံ၍ ဝိနိစ္ဆယဆုံးဖြတ်ချက် ချမှတ်သည့်အခါ အဂတိတရားလေးပါး လိုက်စားမိတတ်လေသည်။ ထိုသို့ မဖြစ်စေရန်အတွက် အဆိုပါ မေးခွန်းများကို မမေးရန် ပရိဝါပါဠိတော်၌ တားမြစ်ထားခြင်း ဖြစ်ပါသည်၊ သို့ရာတွင် စောဒက၊ စုဒိတကနှင့်

ၛင်းတို့၏ သက်သေများကို ဝိနည်းဓိုရ်ပုဂ္ဂိုလ်က မေးမြန်းစိစစ်နေရန် မလိုဘဲ စောဒကာ၊ စုဒိတက ကိုယ်တိုင်က ဘုံအမည်၊ အသက်၊ သိက္ခာ၊ နေရပ်လိပ်စာတို့ကို မှန်ကန်စွာ ရေးသားတင်သွင်းရမည် ဖြစ်ပါသည်။

(စ) ဝိနည်းဓိုရ်ပုဂ္ဂိုလ်၏ ကျင့်ဝတ်များ (ဝိ-၅/၂၈၉)

(၁) သံဃာကို အလေးပြုသူ ဖြစ်ရမည်၊ ပုဂ္ဂိုလ်ကို အလေးပြုသူ မဖြစ်ရ။

(၂) သူတော်ကောင်း ဝေဒနာကို အလေးပြုသူ ဖြစ်ရမည်၊ အာမိသ(တံစိုးလက်ဆောင်)ကို အလေးပြုသူ မဖြစ်ရ။

(၃) အနက်အဓိပ္ပာယ် ကျရောက်သည့် အတိုင်းသာ ဆုံးဖြတ်ရမည်။

(၄) လျောက်ပတ်သော အခါ၌ မေးစီစစ်ရမည်၊ မလျောက်ပတ်သော အခါ၌ မေးစိစစ်ခြင်း မပြုရ။

(၅) ဟုတ်မှန်သော အကြောင်းဖြင့် မေးစီစစ်ရမည်၊ မဟုတ်မမှန်သော အကြောင်းဖြင့် မေးစိစစ်ခြင်း မပြုရ။

(၆) နှုးညံ့သိမ်မွေ့သော အမူအရာ၊ စကားအသုံးအနှုန်းဖြင့် မေးစိစစ်ရမည်၊ ကြမ်းတမ်းသော အမူအရာ စကားအသုံး အနှုန်းတို့ဖြင့် မေးစိစစ်ခြင်း မပြုရ။

(၇) အကျိုးစီးပွားနှင့် စပ်သဖြင့် မေးစိစစ်ရမည်၊ အကျိုးစီးပွားနှင့် မစပ်သဖြင့် မေးစိစစ်ခြင်း မပြုရ။

(၈) မေတ္တာစိတ်ဖြင့် မေးစိစစ်ရမည်။ ဒေါသစိတ်ဖြင့် မေးစိစစ်ခြင်း မပြုရ၊

(၉) စောဒဂ၊ စုဒိတကနှင့် နှစ်ဘက်သက်ဆိုသည်တို့ကို နားရင်းခ၌ ကပ်၍ တီးတိုးပြောကား မပြောဆိုရ။

(၁၀) အကောက်မကြီးအပ် (တစ်ဖက်သား ချောက်ကျအောင် အကူမက်မဆင်ရ)။

(၁၁) စောဒက၊ စုဒိတ္ထကနှင့် သက်သေများအား ပြောသင့်, မပြောသင့် အချက်ပြသည့် အနေဖြင့် မျက်စိ မှိတ်မပြရ။

(၁၂) မျက်မှောင်ကြုတ် မပြရ၊

(၁၃) ခေါင်းငြိမ့်ပြခြင်း ခေါင်းရမ်းခြင်း မပြုရ။

(၁၄) လက်ထောင်ပြခြင်း၊ လက်ဝါးဖြန့်ပြခြင်း စသော လက်အမူအရာ ဖောက်ပြန်ခြင်း မပြုရ။

(၁၅) လက်သီး ဆုပ်၍ မပြရ။

(၁၆) နေရာယူကြရန် လိမ္မာသူ ဖြစ်ရမည် (ထထရ်စဉ် ဝါစဉ်အရ မိမိအား သင့်လျော်သော နေရာကို ယူရမည်)။

(၁၇) ထိုင်ခြင်းဌ လိမ္မာသူ ဖြစ်ရမည် (မထေရ်ကြီးများကို တိုးဝှေ့ခြင်း၊ ရဟန်းငယ်များကို တွန်းထိုး ဖယ်ရှားခြင်း မပြုရ)။

(၁၈) ထမ်းပိုးတစ်ပြန် (လေးတောင်ခန့်ကို)သာ ကြည့်ရမည်။

(၁၉) ဝိနိစ္ဆယ ချမှတ်နိုင်ရန်အတွက် မှုခင်းဖြစ်ပွားပုံကို ဝိနည်းကျမ်းဂန်များဖြင့် နှိုင်းချိန်တွေးတောလျက် နေရမည်။

(၂၀) အမှုစစ်ဆေး ဆုံးဖြတ်နေချိန်တွင် မိမိနေရာ၌သာ နေရမည်။

(၂၁) အမှုစစ်ဆေး ဆုံးဖြတ်နေချိန်တွင် မိမိနေရာမှ ထ၍ ထိုထို ဤဤ သွားလာခြင်း မပြုရ။

(၂၂) ဝိနိစ္ဆယ အဆုံးအဖြတ်ကို မယုတ်မလျော့စေရ။

(၂၃) လမ်းလွဲ လမ်းမှားကို မမှီဝဲရ။

(၂၄) လက်သီး လက်ရုံးတန်းရှိ မပြောဆိုရ။

(၂၅) ကိုယ်အမှုအရာ၊ နှုတ်အမှုအရာကိုသည် ရေးကြီးသုတ်ပျာ အဆောတလောင် မဖြစ်ရေ။ (မကောင်းသော စကားကို အဆောတလောင် မပြောရ)

(၂၆) ကိုယ်အမှုအရာ၊ နှုတ်အမှုအရာ မကြမ်းတမ်းသူ ဖြစ်ရမည်။

(၂၇) စောဒက၊ စုဒိတကနှင့် သက်သေများက ဝိနည်းဓိုရ်များ အပေါ် မကောင်းပြောလားလျှင် သည်းခံနိုင်စွမ်း ရှိရမည်။

(၂၈) အစီးအပွားကို အလိုရှိသည်ဖြစ်၍ အမှုသည်များအပေါ် မေတ္တာစိတ် ထားရှိရမည်။

(၂၉) အစီးအပွားကို ရှာမှီးသည်ဖြစ်၍ အမှုသည်များအပေါ် ကရုဏာစိတ် ထားရှိရမည်။

(၃၀) စကားပြော မရှည်ဘဲ အပိုင်းအခြားရှိသော စကားကို ပြောဆိုရမည်၊ သိမ်ဖျင်းသော စကားများကို မပြောဆိုရ။

(၃၁) ရန်သူအလိုသို့လိုက်၍ မပြောဆိုရ၊ အငြင်းအခုန်ဖြစ်စေ မည့် စကားမျိုးကို မပြောဆိုရ။

(၃၂) မိမိ စစ်ဆေးနေသည့် ဝိနည်းဓမ္မကံ မှုခင်းကို ဆုံးဖြတ် နိုင်အုံ့လော၊ မဆုံးဖြတ် နိုင်အုံ့လောဟု မိမိ၏ စွမ်းရည် ပမာဏကို နှိုင်းချိန်ရမည်။

(၃၃) ဣသိသဝုပရိသတ်သည် လဇီပရိသတ်လော၊ အမှန်ကို နားလည်နိုင်စွမ်းရှိသလောဟု နှိုင်းယှဉ်နိုင်ရမည်။

(၁၄) ဓမ္မစောဒကလော၊ အဓမ္မစောဒကလောဟု စောဒကကို နှိုင်းချိန် စုံစမ်းရမည်။

(၁၅) ဓမ္မစုဒိတကလော၊ အဓမ္မစုဒိတကလောဟု စုဒိတကကို နှိုင်းချိန် စုံစမ်းရမည်။

(၁၆) အဓမ္မစောဒက၏ စွမ်းရည်ပမာဏကို သိရမည်။

(၁၇) အဓမ္မစုဒိတက၏ စွမ်းရည်ပမာဏကို သိရမည်။

(၁၈) ဓမ္မစောဒက၏ စွမ်းရည်ပမာဏကို သိရမည်။

(၁၉) ဓမ္မစုဒိတက၏ စွမ်းရည်ပမာဏကို သိရမည်။

(၂၀) စောဒက၊ စုဒိတကနှင့် နှစ်ဘက်သက်သေ အစစ်ခံ ထွက်ချက်များကို မယုတ်လျော့စေဘဲ အပြည့်အစုံ ရေးသား မှတ်တမ်းတင်ရမည်။

(၂၁) စောဒက၊ စုဒိတကနှင့် သက်သေများ ထွက်ဆိုချက် တင်ပြချက်များတွင် မပါဝင်သော အချက်အလက်များကို ထည့်သွင်းရေးမှတ်ခြင်း သုံးသပ်ခြင်း မပြုရ။

(၂၂) စောဒက၊ စုဒိတကသက်သေတို့၏ ထွက်ဆိုချက် တင်ပြချက်များအရ ဝိနိစ္ဆယတရားခွင်ဌ သက်ဝင်သော ပုဒ်၊ ဝါကျတို့ကို ကောင်းစွာမှတ်သားပြီး ကောက်ချက်ထုတ်ယူပြီးလျှင် တစ်ဘက်အမှုသည်ကို အပြန်အလှန် မေးမြန်းစစ်ဆေး ဖြေဆိုရှင်းလင်းခွင့် ချေပခွင့် ပြုပြီးနောက် ဝန်ခံသည့်အလျောက် ဆုံးဖြတ်ရမည်။

(၂၃) နှုံဖျင်းသော စောဒက၊ စုဒိတကတို့ကို စိတ်ဓာတ်တက်ကြွလာအောင် အားပေးစကား ပြောကြား၍ ရှင်လန်းတက်ကြွအောင် ပြောဆိုရမည်။

(၄၄) အတွေ့အကြုံမရှိသဖြင့် သံဃာ့ပရိသတ် လူပရိသတ်ဖြင့် ဝိနိစ္ဆယရုံးတော်ကို ကြောက်ရွံ့နေသော စောဒက၊ စုဒိ-တကအား မကြောက်ရွံ့စေရန် ရဲရဲဝံ့ဝံ့ ပြောတတ်စေရန် ဝိနည်းဝေဒနာတော်အရ လည်းကောင်း၊ ဝိနည်းမမှန်လုပ်ထုံးလုပ်နည်းအရလည်းကောင်း စောဒက၊စုဒိတကတို့ ရပိုင်ခွင့်များကို ရှင်းလင်း ပြောကြားရမည်။

(၄၅) ဝိနိစ္ဆယရုံးတော်ကို မထိမဲ့မြင်ပြု၍ အမှုအရာ ခက်ထန်ကြမ်းတမ်းနေသော အမှုသည်ကို ဝိနိစ္ဆယရုံးတော်အား ရိုသေလေးစားလာအောင် ကြိမ်းမောင်း ခြိမ်းခြောက်ရမည်။

(၄၆) အလဇီပဂ္ဂိုလ်၏ မစင်ကြယ်မှုကို ထင်ရှားအောင် ပြုလုပ်ရမည်။

(၄၇) ဖြောင့်မတ်သော သီလဝန္တပုဂ္ဂိုလ်အား နှုးညှံ့စွာ ပြောဆိုရမည်

(၄၈) ဆန္ဒာဂတိသို့ မလိုက်အပ်။

(၄၉) ဒေါသာဂတိသို့ မလိုက်အပ်။

(၅၀) မောဟာဂတိသို့ မလိုက်အပ်။

(၅၁) ဘယာဂတိသို့ မလိုက်အပ်။

(၅၂) ဓမ္မရေးရာ၌လည်းကောင်း၊ ပုဂ္ဂိုလ်ရေးရာ၌လည်းကောင်း တဘက်သတ် အစွဲမကြီးဘဲ အလယ်အလတ် မဇ္ဈိမပဋိပဒါ ကျကျ လိုက်နာကျင့်သုံးသူ ဖြစ်ရမည်။

## (ဆ) ဝိနည်းဓိုရ်၏ အရည်အချင်းများ (ဝိ-၅/၂၈၉)

( ၁) ဝိနည်းဓိုရ်ပုဂ္ဂိုလ်သည် ပါရာဇိကဝတ္ထု၊ သံဃာဒိသိသ်ဝတ္ထု၊ ပါစိတ္တိယဝတ္ထု၊ ပါဋိဒေသနီယဝတ္ထု၊ ဒုက္ကဋ်ဝတ္ထု၊ ဒုဗ္ဘာသိဘ ဝတ္ထုကို သိရှိနားလည်ရမည်။

( ၂) ဝိပ္ပတ္တိ(၄)မျိုးကို သိရှိနားလည်ရမည်။

( ၃) အာပတ်(၇)ပုံကို သိရှိနားလည် ရမည်။

( ၄) အာပတ်တို့၏ နိဒါန်းကို သိရှိ နားလည်ရမည်။

( ၅) သံဃာ၊ ဂိုဏ်း၊ ပုဂ္ဂိုလ်တို့၏ အချင်းအရာကို သိရှိ နားလည် ရမည်။

( ၆) သံဃာ၊ ဂိုဏ်း၊ ပုဂ္ဂိုလ်တို့၏ အဓိကရုဏ်းကို ဓမ္မဝိနယနှင့်အညီ မေးစစ်ခြင်းငှာ စွမ်းနိုင်အံ့လော၊ မစွမ်းနိုင်အံ့လောဟု အချင်းအရာကို နားလည် ရမည်၊ စောဒက၊စုဒိတက တို့သည် မိမိတို့ ကျင့်ဝတ်၌ တည်-မတည်ကို သိရှိ နားလည်ရမည်။

( ၇) စောဒကနှင့် စုဒိတကတို့သည် ရှေ့စကား နောက်စကား မတူ ကွဲပြား အမျိုးမျိုးပြောင်းလဲ ပြောဆိုနေသလော၊ တည်တည် တံ့တံ့ ကသမတ်တည်း ပြောဆိုနေသလော၊ဝန်ခံပြီးသည်ကို ငြင်းပယ်ခြင်း၊ ငြင်းပယ်ပြီးသည်ကို ဝန်ခံခြင်း ပြုသလော-ဟု ချင့်ချိန် နားလည် ရမည်။

( ၈) ရဟန်းတော်များ ပြုအပ်သောအမှု မပြုအပ်သောအမှုတို့ကို ကွဲပြား နားလည်ရမည်။

( ၉) ဝိနည်းဓမ္မက(၁၆)မျိုးကို နားလည်ရမည်။

(၁၀) အဓိကရုဏ်း(၄)မျိုးကို နားလည်ရမည်။

(၁၁) သမထ(၇)ပါးကို နားလည်ရမည်။

(၁၂) ဆန္ဒာဂတိသို့ မလိုက်အပ်။

(၁၃) ဒေါသာဂတိသို့ မလိုက်အပ်။

(၁၄) မောဟာဂတိသို့ မလိုက်အပ်။

(၁၅) ဘယာဂတိသို့ မလိုက်အပ်။

(၁၆) တရားလမ်းကြောင်းအမှန်ကို လိုက်၍ သိစေအပ်သော အရာ၌ သိစေ၏။

(၁၇) တရားလမ်းကြောင်းအမှန်ကို ပြု၍ ရှုစေအပ်သော အရာ၌ ရှုစေ၏။

(၁၈) တရားလမ်းကြောင်းအမှန်ကို ပြု၍ ငဲ့အပ်သော အရာ၌ ငဲ့၏။

(၁၉) တရားလမ်းကြောင်း အမှန်ကို ပြု၍ ကြည်လင်စေအပ်သော အရာ၌ ကြည်လင်စေ၏။

(၂၀) မိမိက ပရိသတ် အသင်းအပင်း အင်အားသာလွန် သဖြင့် အင်အားနည်းသူအပေါ်၌ မမှန်မကန် ပြုကျင့်သောအားဖြင့် မထိမဲ့မြင် မပြုရ။

(၂၁) မိမိက အကြားအမြင် ဗဟုသုတများသူဖြစ်၍ အကြားအမြင် နည်းပါးသူအပေါ်၌ မမှန်မကန် ပြုကျင့်သော အားဖြင့် မထိမဲ့မြင် မပြုရ။

(၂၂) မိမိက မထေရ်ကြီးဖြစ်သည်ဟူ၍ ရဟန်းငယ်တို့ အပေါ်၌ မမှန်မကန် ပြုကျင့်သောအားဖြင့် မထိမဲ့မြင် မပြုရ။

(၂၃) မိမိအား တာဝန်မပေးအပ်သေးသည့် ဝိနည်းဓမ္မကံ မှုခင်း တစ်ခုကို ကြိုတင်ဆုံးဖြတ်ခြင်း မပြုရ (၀၊) ဝိနိစ္ဆယ တရား ခွင်သို့ မရောက်မီ ကြိုတင်၍ ဝိနိစ္ဆ ဆုံးဖြတ်ချက်ချမထားရ။ ဝိနည်းဓမ္မကံမှုခင်းတစ်ခုနှင့် စပ်လျဉ်း၍ အာပတ်သင့်သည်၊ မသင့်သည် စသည်ဖြင့် မိမိ အယူအဆကို ကြိုတင် ထုတ်ဖော်ပြောဆိုထားမိပါက ယင်း ဝိနည်းဓမ္မကံမှုခင်းကို လက်ခံ ဆုံးဖြတ်ခြင်း မပြုသင့်။

(၂၄) မိမိထံ ရောက်လာသော ဝိနည်းမှုကံ မှုခင်းကို ဓမ္မလမ်း ကြောင်း၊ ဝိနယလမ်းကြောင်းမှ မတိမ်းစောင်း မယုတ်လျော့ စေဘဲ ပြည့်ပြည့်စုံစုံ ဖော်ပြ၍ သုံးသပ် ဆုံးဖြတ်ရမည်။

## တရားဥပဒေရေးရာ ကောက်နှုတ်ချက်များ

### တရားရေးရာ

၁။ အချင်းချင်း(တရားမ)မှုခင်း ဖြစ်ပွားရာတွင် တရားရုံးများက ဝင်ရောက်ဆုံးဖြတ်ပေးရခြင်း ဖြစ်သဖြင့် တရားလိုက တရားရုံး စရိတ်စက နှင့် အစိုးရ၏ စရိတ်စကကို ကျခံသည့်သဘောဖြင့် အမှုတန်ဖိုးအလိုက် လိုအပ်သော တံဆိပ်ခေါင်းများကို ဝယ်ယူ၍ ကပ်ရသည်။

၂။ တရားပြိုင်၊ သို့မဟုတ် တရားပြိုင်များ ရုံးခေါ်စာ အတည်ဖြစ်လျက် တရားရုံးသို့ လာရောက်ရန် ပျက်ကွက်ပါလျှင် တရားရုံးသည် အမှုကို တစ်ဘက်သတ် စစ်ဆေးရန် အမိန့်ချမှတ်နိုင်ပါသည်။ အရှုံးအနိုင် စီရင်ချက်ကိုလည်း ချမှတ်နိုင်ပါသည်။

၃။ တရားပြိုင်၊ သို့မဟုတ် တရားပြိုင်များ တရားရုံးသို့ လာရောက်၍ အဆိုလွှာတွင် ဖော်ပြချက်များအတိုင်း ဝန်ခံပါလျှင် တရားရုံးသည် ယင်း ဝန်ခံချက်အရ တရားလို စွဲဆိုသည့်အမှုကို စွဲဆိုသည့်အတိုင်း စီရင်ချက် ဒီဂရီ ချမှတ်ပေးနိုင်ပါသည်။

၄။ တရားလိုနှင့် တရားပြိုင်တို့က မိမိတို့အချင်းချင်း နှစ်ဦးသဘောတူ ချက်များအတိုင်း စီရင်ချက်ဒီဂရီချမှတ်ပေးပါရန် လျှောက်ထားပါလျှင် တရားရုံးသည် ယင်းတို့၏ သဘောတူညီချက် စည်းကမ်းချက်များအတိုင်း စီရင်ချက်ဒီဂရီချမှတ်နိုင်ပါသည်။

၅။ အဆိုလွှာ၊ အချေလွှာ၊ အဖြေလွှာများ တင်သွင်းပြီးသည့်အခါ တရားရုံး ကောက်ချက်များတုတ်ပြီးလျှင် သက်ဆောပြရန် တာဝန်ရှိသော အမှုသည်ဘက်ကို စတင်စစ်ဆေးပေးရန် အမှုချိန်းဆိုရပါမည်။

၆။ အမှုကြားနာရန် ချိန်းဆိုသောနေ့၌ သက်သေပြရန် တာဝန်ရှိသော အမှုသည်ဘက်ကို စတင်စစ်ဆေးရပါမည်၊ သာမန်အားဖြင့် တရားလို သည် စုပ်စွဲချက်များ ထင်ရှားအောင် သက်သေပြရသည့် အတွက် တရားလိုဘက်ကို စတင်စစ်ဆေးရပါသည်၊ အကယ်၍ သက်သေပြရန် တာဝန်သည် တရားပြိုင်အပေါ်၌ ကျရောက်ပါလျှင် တရားပြိုင်နှင့် တရားပြိုင်သက်သေများကို စတင်စစ်ဆေးရပါမည်။

၇။ တရားလိုနှင့် တရားလိုဘက်က တင်ပြသည့် သက်သေများကို စစ်ဆေးသည့်အခါ တရားပြိုင်၊ သို့မဟုတ် တရားပြိုင်၏ ကိုယ်စားလှယ်က ပြန်လှန် မေးခွန်းထုတ်နိုင်ပါသည်၊ တရားလိုနှင့် တရားလိုသက်သေများကို စစ်ဆေးစဉ် တရားလိုဘက်မှဖြစ်စေ၊ တရားပြိုင်ဘက်မှဖြစ်စေ စာရွက် စာတမ်း အမှတ်အသား တင်သွင်းနိုင်ပါသည်။

၈။ တရားပြိုင်နှင့် တရားပြိုင်ဘက်က တင်ပြသော သက်သေများကို စစ်ဆေးသည့်အခါ တရားလို၊ သို့မဟုတ် တရားလို၏ ကိုယ်စားလှယ်က ပြန်လှန်မေးခွန်း ထုတ်နိုင်ပါသည်၊ နှစ်ဘက် အမှုသည်များ စာရွက် စာတမ်းများ တင်သွင်းနိုင်ပါသည်။

၉။ တရားလို, တရားပြိုင်နှင့် သက်သေများကို စစ်ဆေးခြင်း မပြုမီ ကတိသစ္စာ ပြုစေရပါမည်။

၁၀။ သက်သေများသည် နှုတ်ဖြင့် သက်သေခံစေရပါမည်။

၁၁။ တရားစီရင်ရေး အဖွဲ့ဝင်တဦးဦးက ဖြစ်စေ၊ တရားစီရင်ရေးအဖွဲ့က ညွှန်ကြားသူက ဖြစ်စေ သက်သေထွက်ဆိုချက်များကို တိုက်ရှုစာ ရေးမှတ် ရပါမည်။ အမေးအဖြေသဘောမျိုး ရေးမှတ်နိုင်ပါသည်၊ အမှုသည် တစ်ဦးက တောင်းဆိုပါလျှင် အမေးနှင့် အဖြေကို ရေးမှတ်ထားရပါမည်။

၁၂။ သက်သေများကို နှုတ်ဖြင့် စစ်ဆေးစဉ် တစ်ဘက်အမှုသည်ဘက်က မေးခွန်းတစ်ခုခု စစ်မေးခြင်းကို ကန့်ကွက်ပါလျှင် သက်သေခံချက်မှတ်တမ်းတွင် ပင်ကိုယ်မေးခွန်းကို ရေးမှတ်ရပါမည်၊ ကန့်ကွက်ချက်ကိုလည်း ရေးမှတ်ရပါမည်၊ ထိုမေးခွန်းကို ဥပဒေအရ မေးနိုင်ခွင့် ရှိ-မရှိ ဆုံးဖြတ်ရပါမည်။

၁၃။ သက်သေကို ခေါ်ယူသူက ပထမ စစ်ဆေးရပါမည်၊ ထို့နောက် တစ်ဘက် အမှုသည်ဘက်မှ စစ်ဆေးရပါမည်၊ စစ်မေးပြီးသောအခါ ခေါ်ယူသူက ထပ်မံ ရှင်းပေးနိုင်ပါသည်။

၁၄။ တရားရုံးက မည်သည့်အခါ၌မဆို မရှင်းလင်းသော အချက်များနှင့် ပတ်သက်၍ မေးမြန်းနိုင်ပါသည်၊ ယင်းသို့ မေးမြန်းသည့်အခါ ရုံးမေးဟု မှတ်တမ်းတင်ရပါမည်။

၁၅။ သက်သေ၏ နှုတ်သက်သေခံချက်ကို ရေးမှတ်ထားပြီးသည့်အခါ သက်သေအား ဖတ်ပြရပါမည်။ သက်သေထွက်ချက်ကို တရားစီရင်ရေး အဖွဲ့ဝင်အားလုံး လက်မှတ်ရေးထိုးရပါမည်။

၁၆။ သက်သေအဖြစ် တင်သွင်းသော စာရွက်စာတမ်း အမှတ်အသားများ၊ သက်သေခံချက်များ၊ တင်သွင်းလာသည့်အခါ လက်ခံ၍ အမှတ်စဉ်တပ်ပြီးလျှင် ယင်းစာတမ်း အမှတ်အသားပေါ်တွင် လက်မှတ်ရေးထိုးရပါမည်၊ တရားလိုဘက်က တင်သွင်းလျှင် (က)(ခ) စသည်ဖြင့် မြန်မာ့အက္ခရာအတိုင်း မှတ်သားရမည်၊ တရားပြိုင်ဘက်က တင်သွင်းလျှင်(၁)(၂) စသည်ဖြင့် မြန်မာဂဏန်းစဉ်အတိုင်း မှတ်သားရပါမည်။

၁၇။ သက်သေခံ စာတမ်း အမှတ်အသား တစ်ခုကို တစ်ဘက် အမှုသည်က တင်သွင်းခြင်းကို အခြားတစ်ဘက် အမှုသည်ဘက်က ကန့်ကွက်ပါလျှင် ထိုကန့်ကွက်ချက်ကို သက်သေထွက်ချက် မှတ်တမ်း၊ သို့မဟုတ် နေ့စဉ်မှတ်ဟမ်းတွင် ရေးမှတ်ထားရပါမည်။ (ဥပဒေအရ) လက်ခံနိုင် မခံနိုင် စဉ်းစားရပါမည်။ လက်ခံပါလျှင် လက်ခံသည်ဟု ရေးမှတ်ရပါမည်။ လက်မခံလျှင် လက်မခံနိုင်ဟု အမိန့်ချမှတ်ရမည်။

၁၈။ နှစ်ဘက် အမှုသည်များက သဘောတူညီလျှင် ယင်းသဘောတူညီချက်အတိုင်း သက်သေခံချက်ကို လက်ခံခြင်း၊ မှတ်တမ်းတင်ခြင်း၊ ကည့်သွင်းစဉ်းစားခြင်းပြု၍ အမှုကို ဆုံးဖြတ်ရပါမည်။

၁၉။ နှစ်ဘက် အမှုသည်များက အကြောင်းအချက် တစ်ခုခုနှင့် စပ်လျဉ်း၍သက်သေမတင်ပြဘဲ မည်သို့ရှိသည်၊ မည်သို့ဖြစ်သည်ဟု သဘောတူညီကြပါလျှင် ယင်းသဘောတူညီချက်ကို လက်ခံ၍ အဆုံးအဖြတ်ပေးရမည်။

၂၀။ နှစ်ဘက်အမှုသည်တို့ဘက်က တင်ပြသော သက်သေခံချက်များကို မှတ်တမ်းတင်ပြီးနောက် အပြီးသတ် လျှောက်လဲချက် နာကြားရပါမည်။

၂၁။ နှစ်ဘက်အမှုသည်၊ သို့မဟုတ် ကိုယ်စားလှယ်တို့သည် နှုတ်ဖြင့် လျှောက်လဲချက်ပေးနိုင်ပါသည်၊ စာဖြင့် ရေးသားထားသော လျှောက်လဲချက်ကို အခြေပြု၍ နှုတ်ဖြင့် ရှင်းလင်းတင်ပြနိုင်ပါသည်၊ တရားစီရင်ရေးအဖွဲ့သည် မရှင်းလင်းသော အချက်များကို လျှောက်လဲချက်ပေးသူအား မေးမြန်းနိုင်ပါသည်။

၂၂။ အပြီးသတ် လျှောက်လဲချက် ကြားနာပြီးနောက် တရားစီရင်ရေးအဖွဲ့သည် စီရင်ချက် ချမှတ်ရပါမည်။

**ဥပဒေရေးရာ**

၂၃။ အမှုများကို စစ်ဆေးစီရင်ရာတွင် အချင်းအရာများကို နှုတ်သက်သေခံချက်ဖြင့် ဖြစ်စေ၊ အမှတ်အသား သက်သေခံချက်ဖြင့် ဖြစ်စေ၊ နှစ်ရပ်လုံးဖြင့် ဖြစ်စေ အထောက်အထားတင်ပြနိုင်သည်။

၂၄။ နှုတ်သက်သေခံချက်မှာ တရားရုံး ရှေ့မှောက်တွင် သက်သေက နှုတ်ဖြင့် ထွက်ဆိုချက်ပင် ဖြစ်ပါသည်။

၂၅။ မည်သူမဆို အသက်အရွယ်မရွေး သက်သေခံနိုင်ခွင့် ရှိပါသည်၊ သို့ရာတွင် အသက်အရွယ် ငယ်လွန်း၍ ဖြစ်စေ၊ အလွန်အိုမင်း၍ ဖြစ်စေ ရောဂါစွဲကပ်ခြင်းစသော အကြောင်းအမျိုးမျိုးကြောင့် မေးမြန်းချက်ကို

နားလည်ခြင်း မရှိ၊ အကြောင်းအားလျော်စွာ ဖြေဆိုနိုင်ခြင်း မရှိဟု ယူဆရန်ရှိသူများကိုမူ သက်သေအဖြစ် အစစ်ခံခြင်း မပြုနိုင်ပါ၊ ရှုံးသွပ်သူသည် မေးမြန်းချက်ကို နားလည်ပြီး ကောင်းစွာ ဖြေကြားနိုင်ရန် စိတ်ကောင်းဝင်နေသော အချိန်၌ သက်သေခံခွင့် ရှိပါသည်။

၂၆။ ဆုံအရ စကားမပြောနိုင်သော သက်သေမှာ စာရေးခြင်း၊ အရိပ်အမြွက်ပြခြင်း စသော နားလည်နိုင်အောင် ယင်းသူပြုနိုင်သော အခြားမည်သည့်နည်းနှင့်မဆို သက်သေခံခွင့်ရပါသည်၊ ယင်းသက်သေခံချက်ကို နှုတ်သက်သေခံချက်အဖြစ် မှတ်ယူပါမည်။

၂၇။ သက်သေများကို စစ်ဆေးရာတွင် ဖော်ပြပါ အစီအစဉ်အတိုင်း စစ်ဆေးရပါမည်—

(က) အဓိကစစ်မေးခြင်း၊

(ခ) ပြန်လှန်စစ်မေးခြင်း၊

(ဂ) ထပ်မံစစ်မေးခြင်း။

၂၈။ မိမိတင်ပြသော သက်သေကို မိမိဘက်မှ စတင် စစ်ဆေးရပါမည်၊ ယင်းသို့ စစ်မေးခြင်းကို အဓိကစစ်မေးခြင်းဟု ခေါ်ပါသည်။

၂၉။ မိမိဘက်မှ သက်သေကို တစ်ဘက်အမှုသည်ဘက်မှ ပြန်လှန်မေးခွန်းများဖြင့် မေးမြန်း စစ်ဆေးခြင်းသည် ပြန်လှန် စစ်မေးခြင်းဖြစ်ပါသည်။

၃၀။ ပြန်လှန်စစ်မေးပြီးနောက် မိမိသက်သေအား မိမိက ထပ်မံစစ်မေးခြင်းကို ထပ်မံစစ်မေးခြင်းဟု ခေါ်ပါသည်။ ပြန်လှန်စစ်မေးခြင်းရှိမှသာ ထပ်မံစစ်မေးခြင်း ရှိရပါမည်။

၃၁။ အဓိကစစ်မေးခြင်းတွင် စပ်ဆိုင်သော အကြောင်းခြင်းရာများနှင့်သာ သက်ဆိုင်ပါသည်၊ ယင်းအကြောင်းခြင်းရာများ မပါ ပေါ်ကိုလာရန် ဖြစ်သော်လည်း အဓိကစစ်မေးခြင်းတွင် ရေလာမြောင်းပေး မပြုလုပ်ရပါ။

၃၂။ ပြန်လှန်စစ်မေးခြင်းတွင် စပ်ဆိုင်သော အခြင်းအရာများကိုလည်း မေးနိုင်ပါသည်၊ အဓိကစစ်မေးချက်တွင် မပါဝင်သေးသော အချက်များကိုပါ ဖော်ထုတ်ရန်အတွက် မေးမြန်းနိုင်ပါသည်၊ နိမိတ်ပြမေးခွန်းများလည်း မေးနိုင်ပါသည်။

၃၃။ ထပ်မံစစ်မေးခြင်းမှာ ပြန်လှန်စစ်မေးရာတွင် ပေါ် ပေါက်လာသည့် အချက်အလက်များပေါ် သာ မူတည်၍ မေးခွင့်ရှိပါသည်။ အချက်အလက်သစ်များကို မေးခွင့် မရှိပါ၊ အချက်အလက်သစ်များ ပေါ် ပေါက်လာ၍ မေးမြန်းလိုပါက တရားရုံး၏ ခွင့်ပြုချက်ကို ရှေးဦးစွာ တောင်းခံရပါသည်၊ အခြေအနေကို သုံးသပ်ပြီး တရားရုံးက ခွင့်ပြုရပါသည်။

၃၄။ အကျင့်စာရိတ္တနှင့်ပတ်သက်၍ တင်ပြသည့်သက်သေကို ပြန်လှန်စစ်မေးခွင့်နှင့် ထပ်မံစစ်မေးခွင့် ရှိပါသည်။

၃၅။ တရားရုံးသည် စပ်ဆိုင်သော အခြင်းအရာ တစ်စုံတစ်ရာနှင့် သက်ဆိုင်၍ဖြစ်စေ၊ မစပ်ဆိုင်သော အခြင်းအရာ တစ်စုံတရာနှင့်ဖြစ်စေ၊ မေးလိုသည့် မည်သည့်မေးခွန်းမျိုးကို မဆို မည်သည့်သက်သေ မည်သည့်အမှုသည်အား မည်သည့်အခါ၌ မဆို မေးခွင့်ရပါသည်၊ ထို့ပြင် မည်သည့်စာချုပ်စာတမ်းကို မဆို တင်ပြရန် ဆင့်ဆိုခွင့် ရှိပါသည်၊ သို့ရာတွင် (တရားဥပဒေအရ)စပ်ဆိုင်ကြောင်း ထင်ရှားရန် လိုပါသည်။

၃၆။ မေးမြန်းသူ အလိုရှိသည့် ဖြေဆိုချက်ကို ဖြစ်စေ၊ ထိုသူမျှော်လင့်သည့် ဖြေဆိုချက်ကို ဖြစ်စေ အရိပ်အမြွက်ပြသော မည်သည့်မေးခွန်းကို မဆို နိမိတ်ပြမေးခွန်းဟု ခေါ် ဆိုပါသည်။

၃၇။ နိမိတ်မေးခွန်းကို—

(၁) ပြန်လှန်စစ်မေးခြင်းတွင်သာ မေးနိုင်ပါသည်။

(၂) အငြင်းမပွားသော၊ ဝန်ခံပြီးဖြစ်သော သက်သေ အထင်အရှား ပြရန် မလိုသော အကြောင်းအခြင်းအရာများ အတွက် မေးမြန်းနိုင်ပါသည်။

(၃) တရားရုံး၏ ခွင့်ပြုချက်ကို ခံယူပြီးမှ မေးနိုင်ပါသည်။

## နောက်ဆက်တွဲ (ဃ)

## သာသနာ့မြေနှင့် ပတ်သက်၍ သိမှတ်ဖွယ်များ

(မြေစာရင်းလက်စွဲမှ ကောက်နုတ်ချက်များ)

**၁။ သာသနာ့မြေသည်-**

**(၁) ကျေးလက်တောရွာရှိ သာသနာ့မြေ၊**

**(၂) မြို့ပေါ်ရှိ သာသနာ့မြေ-**

**ဟူ၍ နှစ်မျိုးရှိသည်။**

ရင်းသာသနာ့မြေ (၂)မျိုးလုံး တစ်ကေထက် မကျော်လျှင် ကော်လိပ်တော်အရာရှိက ခွင့်ပြုနိုင်ပါသည်။

**၂။ တောသာသနာ့မြေများမှာ-** (၁/က)မှတ်ပုံတင်စာအုပ်တွင် လုံးဝ မှတ်ပုံတင်ထားခြင်း မရှိပါ၊ သာသနာ့မြေဟု အသိအမှတ်ပြု မြစိမ်းရောင် ဆေးခြယ်ထားသော တောသာသနာ့မြေလည်း အတော်ရှားပါသည်။ မြစိမ်းရောင်ခြယ်မှသာလျှင် အခိုင်အမာ သက်သေထူနိုင်ပါသည်။

**၃။ မြို့ပေါ်ရှိ သာသနာ့မြေများမှာ-** မြစိမ်းရောင် ခြယ်ထားရုံမျှဖြင့် မပြီးပါ၊ (၁/က)မှတ်ပုံတင်စာအုပ်တွင် မှတ်ပုံတင်ထားရမည်ဖြစ်ပါသည်။ မြို့မြေတိုင်းစာရင်းမှာ လက်ရှိကိုင်တွယ် အသုံးပြုနေသော မြေပုံများ မှန်ကန်မှု ရှိ,မရှိ ကော်လိပ်တော်အရာရှိ၏ ခွင့်ပြုမိန့်ဖြင့် ကျောက်တိုက်တွင် ရှိသော (၁၄/၁၅)မူလမြေပုံနှင့် တိုက်ဆိုင်ကြည့်နိုင်ပါသည်၊ ကွဲလွဲချက်များ ဆွေးရှိလျှင် (၁/က)မှတ်ပုံတင်စာအုပ်ဖြင့် တိုက်ဆိုင်ကြည့်မှ အမှန်ပေါ်လာမည် ဖြစ်ပါသည်။

၄။ (၁/က) **မှတ်ပုံတင် စာအုပ်တွင် ပုတ်ပုံတင်ပုံမှာ–** ကော်လိပ်တော်အရာရှိက (ဥပမာ) အရှေ့ကျောင်း အနောက်ကျောင်းစသည်စပ်ဆိုင်သူများကို ခေါ်ယူအမှုဖွင့် စိစစ်ခွင့်ပြုပြီး အမှုတွဲနံပါတ်နှင့်တကွ ၎င်းအမှုတွဲ အပြည့်အစုံကို လယ်ဝန် (၁)မြေစာရင်းဦးစီးမှူးထံသို့ ပေးပို့ရပါသည်။

မြေစာရင်းဦးစီးမှူးက အင်စပိတ်တော်ကို (၁/က)မှတ်ပုံတင်စာအုပ်တွင် ရေးသွင်းရန် တာဝန်ပေးပါသည်။

အင်စပိတ်တော်က မြို့မြေတိုင်းစာရေးအား (၁/က)မှတ်ပုံတင်စာအုပ်တွင် ရေးသွင်းရန် တာဝန်ပေးအပ်ရပါသည်။

မြို့မြေတိုင်းစာရေးက မြေစာရင်းလက်စွဲ ဥပဒေစာအုပ် စာမျက်နှာ (၁၁၁) ပုဒ်မ(၅၅၃)အရ နံပါတ်(၁)(အမှုတွဲနံပါတ်)ဟူသော ခေါင်းစီး အောက်တွင် **ကော်လိပ်တော်အရာရှိ၏ အမှုတွဲနံပါတ်**နှင့် အမှုတွဲဖွင့်နေစဲ အကြောင်းအရာများကို ရေးသွင်းရပါသည်။

နံပါတ်(၂) (ဆိုင်သူများနှင့် မြေတိုင်းစာရေး)ဟူသော ခေါင်းစီး အောက်တွင် (ဥပမာ)အရှေ့ကျောင်းပိုင်ဆိုင်သူ ဆရာတော်, အနောက်ကျောင်း ပိုင်ဆိုင်သူ ဆရာတော် နှစ်ပါးနှင့် မြို့မြေတိုင်းစာရေး (၃)ဦးတို့ ကိုယ်တိုင် လက်မှတ်ရေးထိုးရပါသည်။

**မြေစာရင်းလက်စွဲ ဥပဒေစာအုပ် စာမျက်နှာ (၁၁၁) ပုဒ်မ (၅၅၃)** အရ **မြို့မြေတိုင်းစာရေးက (၁/က)**မှတ်ပုံတင်စာအုပ်တွင် ရေးသွင်းထားသည်များကို တိကျမှန်ကန်မှု ရှိ,မရှိ စိစစ်ပြီးမှသာ (၁/က) မှတ်ပုံတင်စာအုပ် နံပါတ်(၃) (အရာရှိလက်မှတ်)ဟူသော ခေါင်းစီး အောက်တွင် **မြို့မအင်စပိတ်တော်**က နေ့စွဲနှင့်တကွ ကိုယ်တိုင်လက်မှတ် ရေးထိုးရပါသည်။

**မှတ်ချက်။** ။မြို့မအင်စပိတ်တော်က စီစစ်ပြီး နေ့စဉ်နှင့်တက္ကဋ္ဌ ကိုယ်တိုင် လက်မှတ်ရေးထိုးမှသာလျှင်တရားဝင်အတည်ဖြစ်ပါသည်။

(၁/က)မှတ်ပုံတင်စာအုပ်တွင် မြို့မအင်စပိတ်တော်က ကိုယ်တိုင် လက်မှတ်ရေးထိုးသဖြင့် တရားဝင်အတည် ဖြစ်သော (၁/က)မှတ်ပုံတင်နှင့် ကိုက်ညီသော မြေပုံသာ တရားဝင် အတည်ဖြစ်ပါသည်။

၅။ **မြေစာရင်း ဥပဒေ ရှေ့ဆောင်အရ အခွန်လွှတ် သာသနာ့မြေနှင့် ပတ်သက်၍ ပြစ်ဒဏ်သည်မှာ–** (၁/က)မှတ်ပုံတင် စာအုပ်တွင် လည်းကောင်း၊ မြေပုံပေါ်တွင်လည်းကောင်း ဘုန်းတော်ကြီးဘွဲ့အမည် လုံးဝ မရှိသင့်ပါ။ ဦးပိုင်နံပါတ် သာသနာ့မြေဟူသော အမည်နှင့် ကျောင်းတိုက်အမည် ဘုရားအမည်များသာ ရှိသင့်ပါသည်။

ကျောင်းတိုက်များ၊ ဘုရားများ ပိုင်ဆိုင်မှုမှာ "သုဒိန္နသုဂဟိတ" ဝိနည်းဥပဒေအတိုင်းသာ ဆုံးဖြတ်ရမည် ဖြစ်ပါသည်။

၆။ ဝိနိစ္ဆယအဖွဲ့သည် မြေပုံမှန် ဖြစ်, မဖြစ်အတွက် ရုံးခေါ်သက်သေ အဖြစ် မြေစာရင်းဦးစီးမှူး၊ မြို့မအင်စပိတ်တော်၊ မြို့မြေတိုင်းစာရေး များကို ဆင့်ခေါ်မေးစီစစ်သင့်သည်။